# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


## လွတ်မြောက်အောင် အားထုတ်

စိတ်ဟူသည် အဝေးသို့သွား၍ ကြံစည်တတ်သောကြောင့် ထိုစိတ်ကို အဝေးသို့မသွားအောင် ချုပ်တည်းထားအပ်၏။ ချုပ်တည်းနိုင်သူအား မာရ်၏အနှောင်အဖွဲ့မှ လွတ်မြောက်စေ၏။ ထို့ကြောင့် အဝေးသို့တိုင် ပြေးလွှားတတ်သော စိတ်ကိုထိန်း၍ ရာဂ၊ ဒေါသ စသည်တို့မှ လွတ်မြောက်အောင် အားထုတ်ရာ၏။ **စိတ္တဝဂ်(ဓမ္မပဒ-၃၇)**


၁၃၈၀ ပြည့်နှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၆ ရက် ၂၀၁၈ ခုနှစ်၊ ဩဂုတ် ၂ ရက်၊ ကြာသပတေးနေ့ အတွဲ (၅၇)၊ အမှတ် (၃၀၄)




နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးတို့ ပြည်ထောင်စုလွှတ်တော်နာယက၏ တာဝန်များကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌထံသို့ လွှဲပြောင်းပေးအပ်ပွဲ တက်ရောက်စဉ်။ သတင်းစဉ်

# ပြည်ထောင်စုလွှတ်တော်နာယက၏ တာဝန်များကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌထံသို့ လွှဲပြောင်းပေးအပ်

**နေပြည်တော် ဩဂုတ် ၁**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နဝမပုံမှန်အစည်းအဝေးပဋ္ဌမနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုလွှတ်တော်နာယက၏ တာဝန်များကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်ထံသို့ လွှဲပြောင်းပေးအပ်သည်။

အစည်းအဝေးသို့ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်၊ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊

*စာမျက်နှာ ၃ ကော်လံ ၁* ◆



**ပြည်ထောင်စုလွှတ်တော်နာယက၏ တာဝန်များကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်ထံသို့ လွှဲပြောင်းပေးအပ်စဉ်။**

သတင်းစဉ်




မြန်မာ့အလင်း

# မြန်မာ့ကော်ဖီ တိုးချဲ့တင်ပို့နိုင်ရေး

မြန်မာနိုင်ငံသည် လယ်ယာစိုက်ပျိုးရေးအခြေခံနိုင်ငံဖြစ်၍ စိုက်ပျိုးရေးထွက်ကုန်အမယ်သစ်တို့ကို ပြည်ပသို့တင်ပို့နိုင်ရေးသည် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အာရုံစိုက်အကောင်အထည်ဖော်ရမည့် ကိစ္စရပ်တစ်ခုဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ အလားအလာရှိသော စိုက်ပျိုးရေးထွက်ကုန်များတွင် ကော်ဖီလည်း ပါဝင်ပါသည်။ မြန်မာနိုင်ငံ၌ ကော်ဖီကို မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်အပါအဝင် တစ်နိုင်ငံလုံး၌ ဧရိယာသုံးသောင်းဝန်းကျင်ခန့် စိုက်ပျိုးကြပါသည်။ ၂၀၁၄ ခုနှစ်၌ မြန်မာ့ကော်ဖီ ၃၆ တန်ကို ဂျပန်နိုင်ငံသို့ တင်ပို့ခဲ့ပါသည်။ ယခုနှစ်၌ ပြင်ဦးလွင်မြို့နယ်နှင့် ရှမ်းပြည်နယ် ရွာငံမြို့နယ်ထွက် ကော်ဖီစေ့တန် ၁၀၀ ကျော်ကို ပြည်ပနိုင်ငံများသို့ တင်ပို့နိုင်ခဲ့ပါသည်။ မြန်မာနိုင်ငံကော်ဖီအသင်း၏ ထုတ်ပြန်ချက်များအရ မြန်မာ့ကော်ဖီကို အမေရိကန်၊ ဂျပန်၊ ကနေဒါ၊ ကိုရီးယားနှင့် ဩစတြေးလျကဲ့သို့သော ဖွံ့ဖြိုးပြီးနိုင်ငံများသို့ တင်ပို့လျက်ရှိပါသည်။

ဤကဲ့သို့ တင်ပို့ရာ၌လည်း ကော်ဖီ၏ အရည်အသွေးအပေါ် မူတည်၍ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၅၀၀ မှ ၆၀၀၀ ကျော်အထိ ရရှိကြောင်း သိရှိရပါသည်။ အဆိုပါဈေးနှုန်းက မြန်မာ့ကော်ဖီ၏ အရည်အသွေးကို ဖော်ပြနေသည်ဖြစ်၍ စနစ်တကျ တိုးချဲ့စိုက်ပျိုးရေးနှင့်အတူ ကော်ဖီစေ့ထုတ်လုပ်မှုလုပ်ငန်းစဉ် အဆင့်ဆင့်၏ စွမ်းဆောင်ရည်ကိုလည်း မြှင့်တင်ပေးရမည် ဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ လက်ရှိကော်ဖီစိုက်ပျိုးထုတ်လုပ်မှုကို လုပ်ကွက်ငယ်တောင်သူတို့က စိုက်ပျိုးထုတ်လုပ်ကြခြင်း ဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ အရည်အသွေးမြင့် ကော်ဖီစိုက်ပျိုးရာဒေသဖြစ်သော ရွာငံဒေသအပါအဝင် တစ်နိုင်ငံလုံး၌ တစ်ဦးချင်း တောင်သူတို့က နှစ်ဧက၊ သုံးဧက စသည်တို့ဖြင့် စိုက်ပျိုးကြခြင်း ဖြစ်ပါသည်။

ဤတစ်ဦးချင်းကော်ဖီစိုက်ပျိုးသူ တောင်သူတို့အနေဖြင့် ကော်ဖီစိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းစဉ်ဆိုင်ရာ စက်ယန္တရားတို့အား ဝယ်ယူသုံးစွဲရေးသည် ပကတိအခြေအနေအရ လွယ်ကူသော ကိစ္စရပ်မဟုတ်ပါ။ ဥပမာအားဖြင့် တခြားသော နိုင်ငံတို့၌ ကော်ဖီစေ့တို့အား ရွေးချယ်ရာတွင် စက်ကိုအားပြုဆောင်ရွက်သည်ဖြစ်၍ ပိုမိုသန့်စင်သည်သာမက ပိုမိုလည်း အရည်အသွေးကောင်းမွန်ပါသည်။ မြန်မာနိုင်ငံ၌ လက်ရှိအချိန်အထိ ကော်ဖီစေ့ရွေးချယ်ခြင်းကို လူ့လုပ်အားအပေါ်၌သာ အားပြုဆောင်ရွက်ရသည်ဖြစ်၍ အရည်အသွေးနိမ့်ကျခြင်းနှင့်အတူ ထုတ်လုပ်မှုစရိတ်ကိုလည်း မြင့်မားစေပါသည်။

အထက်၌တင်ပြသကဲ့သို့ လယ်ယာစိုက်ပျိုးရေးအခြေခံ ပြည်ပပို့ကုန်အမယ်သစ်တို့ တိုးချဲ့တင်ပို့နိုင်ရေးသည် တိုင်းပြည်၏အမျိုးသားရေးလိုအပ်ချက် ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ မြန်မာ့ကော်ဖီစိုက်ပျိုးထုတ်လုပ်မှု၏ အရည်အသွေးကို မြှင့်တင်ရန် သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများအနေဖြင့် မြန်မာနိုင်ငံကော်ဖီအသင်းနှင့် လက်တွဲညှိနှိုင်းဆောင်ရွက်မှုမြှင့်တင်ရန် အကြံပြုတင်ပြလိုပါသည်။ ဥပမာအားဖြင့် ကော်ဖီစေ့ရွေးချယ်ခြင်းကို စက်အားဖြင့် ဆောင်ရွက်နိုင်ရန် မည်ကဲ့သို့ အကောင်အထည်ဖော်နိုင်မည်ကို လေ့လာသုံးသပ်ဆောင်ရွက်သင့်ပါသည်။ တစ်ဖန်မြန်မာနိုင်ငံကော်ဖီအသင်း၏ တာဝန်ရှိပုဂ္ဂိုလ်များ အကြံပြုသကဲ့သို့ ကော်ဖီ စိုက်ပျိုးခြင်းနှင့်အတူ မက္ကဒေးမီးယား စိုက်ပျိုးခြင်းအား မည်သို့မည်ပုံအားပေးဆောင်ရွက်မည်ကိုလည်း လေ့လာသုံးသပ်အကောင်အထည်ဖော် သင့်ပါသည်။ နိဂုံးချုပ်အနေဖြင့် လယ်ယာစိုက်ပျိုးရေးအခြေခံ ပြည်ပပို့ကုန်အမယ်သစ်တို့ တိုးချဲ့ထုတ်လုပ်နိုင်ရေးသည် တိုင်းပြည်၏ အမျိုးသားရေးလိုအပ်ချက်ဖြစ်၍ မြန်မာ့ကော်ဖီတိုးချဲ့စိုက်ပျိုးထုတ်လုပ်တင်ပို့နိုင်ရေးကို သက်ဆိုင်ရာအဖွဲ့အစည်းများအနေဖြင့် ဦးစားပေးကိစ္စရပ်အဖြစ် အာရုံစိုက်ဆောင်ရွက်ကြပါရန် လေးစားစွာ တိုက်တွန်းနှိုးဆော်အပ်ပါသည်။ ။




## မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူး အတည်ပြုခန့်ထားခြင်း**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသာထွန်းကျော်ကို အစမ်းခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

## နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးနှင့် ဂျပန်နိုင်ငံတရားရေးဝန်ကြီးဌာနတို့အကြား ဆက်ဆံမှုတိုးမြှင့်ရေးကိစ္စရပ်များဆွေးနွေး

**နေပြည်တော် ဩဂုတ် ၁**

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံး ဥက္ကဋ္ဌ ဦးမျိုးညွန့်သည် ဂျပန်နိုင်ငံ လွှတ်တော်ရေးရာ တရားရေးဒုတိယ ဝန်ကြီး Mr. Takashi Yamashita နှင့်အဖွဲ့အား ယနေ့ မွန်းလွဲ ၃ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။



ထိုသို့တွေ့ဆုံစဉ် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးနှင့် ဂျပန်နိုင်ငံတရားရေးဝန်ကြီးဌာနတို့အကြား ဆက်ဆံမှု တိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များ၊ ဖွဲ့စည်းပုံအခြေခံဥပဒေရေးရာ ကိစ္စရပ်များ၊ ခုံရုံးဝန်ထမ်းများ၏ အရည်အသွေးမြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးစွာအမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မြန်မာ-နီပေါ နိုင်ငံခြားရေးဝန်ကြီးဌာနများအကြား ပထမအကြိမ် ညှိနှိုင်းစည်းဝေး

**နေပြည်တော် ဩဂုတ် ၁**

နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမြင့်သူနှင့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် နီပေါနိုင်ငံ ကတ္တမန္ဒူးမြို့၌ ဇူလိုင် ၃၀ ရက်က ကျင်းပခဲ့သည့် မြန်မာ-နီပေါ နိုင်ငံခြားရေးဝန်ကြီးဌာနများအကြား ပထမအကြိမ် ညှိနှိုင်းဆွေးနွေးပွဲသို့ တက်ရောက်ခဲ့ပြီး ဩဂုတ် ၁ ရက်တွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။

ပထမအကြိမ် ညှိနှိုင်းဆွေးနွေးပွဲ မကျင်းပမီ ဇူလိုင် ၃၀ ရက် နံနက်ပိုင်းတွင် နှစ်နိုင်ငံနိုင်ငံခြားရေးဝန်ကြီးဌာနများအကြား ညှိနှိုင်းဆွေးနွေးပွဲ အစီအမံ ထူထောင်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာနှင့် သံတမန်နိုင်ငံကူးလက်မှတ်နှင့် အထူးနိုင်ငံကူး လက်မှတ်ကိုင်ဆောင်သူများအား ပြည်ဝင်ဗီဇာကင်းလွတ်ခွင့်ဆိုင်ရာ နှစ်နိုင်ငံသဘောတူညီချက်များ လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ကတ္တမန္ဒူးမြို့ Hotel Yak and Yeti ၌ ကျင်းပသည်။

ထို့နောက် ပထမအကြိမ်ညှိနှိုင်းဆွေးနွေးပွဲအား ဆက်လက်ကျင်းပခဲ့ရာ နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမြင့်သူနှင့် နီပေါနိုင်ငံခြားရေး ဝန်ကြီးဌာန နိုင်ငံခြားရေးအတွင်းဝန် Mr. Shanker Das Bairagi တို့က ပူးတွဲသဘာပတိအဖြစ် ဆောင်ရွက်ကြသည်။ အစည်းအဝေးသို့ နီပေါနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး သီရိပျံချီ ဦးနေလင်းထွန်း၊ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် မြန်မာသံရုံး ကတ္တမန္ဒူးတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

အဆိုပါ ပထမအကြိမ် ညှိနှိုင်းဆွေးနွေးပွဲတွင် မြန်မာနိုင်ငံနှင့် နီပေါနိုင်ငံတို့အကြား နှစ်နိုင်ငံဆက်ဆံရေးတိုးမြှင့်ဆောင်ရွက်သွားရေး၊ ကုန်သွယ်ရေး၊ ခရီးသွားလုပ်ငန်း၊ ပေါင်းစပ်ဆက်သွယ်မှု၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံတကာနှင့် ဒေသတွင်းအစည်းအဝေးများတွင် ပူးပေါင်းဆောင်ရွက်ရေးနှင့် နှစ်နိုင်ငံအကြား အကျိုးတူပူးပေါင်းဆောင်ရွက်သွားနိုင်မည့် ကဏ္ဍများကို ကျယ်ပြန့်စွာ ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် နီပေါနိုင်ငံ နိုင်ငံခြားရေး အတွင်းဝန် Mr. Shanker Das Bairagi က မြန်မာကိုယ်စားလှယ်အဖွဲ့အား အလုပ်သဘောနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမြင့်သူသည် ဇူလိုင် ၂၉ ရက် ညနေပိုင်းတွင် မြန်မာသံရုံးသို့ သွားရောက်ကာ သံအမတ်ကြီး၊ သံရုံးဝန်ထမ်းများနှင့် တွေ့ဆုံခဲ့သည်။

အမြဲတမ်းအတွင်းဝန် ဦးမြင့်သူသည် ဇူလိုင် ၃၁ ရက် နံနက်ပိုင်းတွင် နီပေါပြည်ထဲရေးဝန်ကြီးနှင့် ခေတ္တနိုင်ငံခြားရေးဝန်ကြီး Mr. Ram Bahadur Thapa အား နီပေါပြည်ထဲရေးဝန်ကြီးဌာန၌ သွားရောက်ဂါရဝပြုတွေ့ဆုံသည်။ ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးအမြင်ချင်းဖလှယ်ခဲ့သည်။

နှစ်နိုင်ငံအကြားလက်မှတ်ရေးထိုးခဲ့သည့် ပြည်ဝင်ဗီဇာကင်းလွတ်ခွင့်သဘောတူညီချက်အရ နှစ်နိုင်ငံမှ သံတမန်နိုင်ငံကူးလက်မှတ်နှင့် အထူးနိုင်ငံကူး လက်မှတ်ကိုင်ဆောင်သူများသည် ပြည်ဝင်ဗီဇာမလိုဘဲ ရက်ပေါင်း ၉၀ အထိ နေထိုင်နိုင်မည်ဖြစ်သည်။

**သတင်းစဉ်**

## ရိခေါဒါရ်မြို့ရှိ မြန်မာ-အိန္ဒိယနိုင်ငံတကာ ဝင်/ထွက်ပေါက်ဖွင့်ပွဲ ဩဂုတ် ၈ ရက်ကျင်းပမည်

**နေပြည်တော် ဩဂုတ် ၁**

ချင်းပြည်နယ် ရိခေါဒါရ်မြို့ရှိ မြန်မာ-အိန္ဒိယနယ်စပ်ဝင်/ထွက်ပေါက်အား Border Pass စနစ်ဖြင့် ဖြတ်သန်းသွားလာခွင့်ပြုနိုင်ရေးအတွက် မြန်မာ-အိန္ဒိယနှစ်နိုင်ငံမှ ပြီးခဲ့သည့် မေ ၁၀ ရက်က နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးထားခဲ့ပြီး လာမည့် ဩဂုတ် ၈ ရက်နေ့တွင် မြန်မာ-အိန္ဒိယ နိုင်ငံတကာနယ်စပ် ဝင်/ထွက်ပေါက်ဖွင့်ပွဲအခမ်းအနား ကျင်းပသွားရန် စီစဉ်ထားရှိကြောင်း သိရသည်။

**သတင်းစဉ်**

## သန်လျင်မြို့နယ် စေတနာရှင်များ၏ စုပေါင်းမှုဖြင့် ရွှေကျင်ရေဘေးသင့်ဒေသပြည်သူများအတွက် လှူဒါန်းမည်

**ရန်ကုန် ဩဂုတ် ၁**

သန်လျင်မြို့နယ် နာရေးကူညီမှုအသင်း၊ သဘာဝဘေးကူညီစောင့်ရှောက်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် ရေဘေးဒုက္ခခံစားနေရသောပြည်သူများအတွက် စေတနာရှင်များ၏ စုပေါင်းလှူဒါန်းမှုများဖြင့် ဩဂုတ် ၁ ရက် ညနေပိုင်းတွင် ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ်ရှိ ရေဘေးသင့်ဒေသများသို့ ပို့ဆောင်လှူဒါန်းသွားမည်ဖြစ်သည်။



အဆိုပါသွားရောက် ကူညီထောက်ပံ့မည့်ပစ္စည်းများမှာဆန်အိတ် ၁၀၀၊ ခေါက်ဆွဲခြောက် ၁၇ ဖာ၊ ငါးသေတ္တာ ၃၂ ဖာ၊ ရေသန့်ကတ် ၁၀၀၀ နှင့် ဓာတ်ဆားထုပ်များ စုစုပေါင်းငွေကျပ် ၆၅ သိန်းတန်ဖိုးရှိ ပစ္စည်းများကို သွားရောက်လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

**သန်းဝင်း(သန်လျင်)**



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်တို့ ပြည်ထောင်စုလွှတ်တော်နာယက၏ တာဝန်များကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌထံသို့ လွှဲပြောင်းပေးအပ်ပွဲသို့ တက်ရောက်လာစဉ်။ သတင်းစဉ်

◆ *ရှေ့ဖုံးမှ*

ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌများ၊ ဒုတိယဝန်ကြီးများ လေ့လာသူအဖြစ် တက်ရောက်ကြသည်။

**လပေါင်း ၃၀ ပြည့်မြောက်သည့်နေ့**

အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်းက လွှတ်တော်အစည်းအဝေးကာလ လပေါင်း ၃၀ အတွင်း ပြည်ထောင်စုလွှတ်တော်နာယကအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည့် ကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့် စပ်လျဉ်း၍ လွှတ်တော်သို့ ရှင်းလင်းတင်ပြရာတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်၏ ပထမပုံမှန်အစည်းအဝေး ပထမနေ့ကို ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက် (တနင်္လာနေ့) နံနက် ၁၀ နာရီတွင် စတင်ခေါ်ယူ ကျင်းပခဲ့ပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၇၆ ပုဒ်မခွဲ (က)အရ ပြည်သူ့လွှတ်တော်သက်တမ်းတစ်ခု စတင်သည့်နေ့ရက်မှ လပေါင်း ၃၀ ပြည့်မြောက်သည့် နေ့ရက်အထိ ပြည်ထောင်စုလွှတ်တော်နာယကနှင့် ဒုတိယနာယကတာဝန်ကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့က ထမ်းဆောင်ခဲ့ကြပြီး ဖြစ်ပါကြောင်း၊ ကျန်သက်တမ်းကာလအတွက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့က ပြည်ထောင်စုလွှတ်တော်နာယကနှင့် ဒုတိယနာယကတာဝန်ကိုပါ ထမ်းဆောင်ရမည်ဖြစ်သည့်အတွက် ယခုအစည်းအဝေးတွင် တာဝန်လွှဲပြောင်း၊ လက်ခံခြင်းအစီအစဉ်ကို ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

**အပြန်အလှန်ထိန်းကျောင်း ဆောင်ရွက်ခဲ့**

မိမိအနေဖြင့် ပြည်ထောင်စုလွှတ်တော်နာယက တာဝန်ထမ်းဆောင်စဉ်ကာလအတွင်း နိုင်ငံတော်က ကျင့်သုံးလျှောက်လှမ်းနေသည့် ပါတီစုံဒီမိုကရေစီစနစ်နှင့် အခွင့်အလမ်းများ ပိုမိုခိုင်မာလာစေရေး၊ နိုင်ငံသူ နိုင်ငံသားတိုင်း တန်းတူညီမျှမှု၊ လွတ်လပ်မှု၊ တရားမျှတမှုစသည့် အခြေခံလူ့အခွင့်အရေးများ တိုးတက်ရရှိလာစေရေးတို့ကို အဂတိတရား ကင်းကင်းရှင်းရှင်းနှင့် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ကြိုးပမ်းအားထုတ်ဆောင်ရွက်ခဲ့ပါကြောင်း၊ နိုင်ငံတော်၏ ငြိမ်းချမ်းရေး၊ အမျိုးသားစည်းလုံးညီညွတ်မှု ပြန်လည်တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ပြည်ထောင်စုအစိုးရ အုပ်ချုပ်ရေးမဏ္ဍိုင်၊ တရားစီရင်ရေးမဏ္ဍိုင်များနှင့်လည်း အပြန်အလှန်ထိန်းကျောင်း ဆောင်ရွက်ခဲ့ပါကြောင်း။

ဒုတိယနာယကအနေဖြင့်လည်း ပြည်ထောင်စုလွှတ်တော်၌ ဖွဲ့စည်းထားသည့် ဥပဒေကြမ်းပူးပေါင်းကော်မတီဥက္ကဋ္ဌ၊ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီဥက္ကဋ္ဌ၊ လွှတ်တော်များ၏ အုပ်ချုပ်မှုဆိုင်ရာ ပူးပေါင်းကော်မတီဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံလွှတ်တော်အဖွဲ့အတွင်းရေးမှူးအဖြစ် သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ငန်းတာဝန်များကို ဦးစီးဦးဆောင်ပြုပြီး ပိုမိုကောင်းမွန်သည့် အခြေခံကောင်းများရရှိအောင် ဆောင်ရွက်ပေးခဲ့မှုအတွက် အသိအမှတ်ပြု ကျေးဇူးတင်ပါကြောင်း။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော်၏ လပေါင်း ၃၀ သက်တမ်းကာလအတွင်း ပုံမှန်အစည်းအဝေး ၈ ကြိမ်ကို အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ခဲ့ပြီး နဝမပုံမှန်အစည်းအဝေးကိုလည်း စတင်ကျင်းပလျက်ရှိပါကြောင်း၊ ဤကာလအတွင်း ဥပဒေပြုခြင်းအပိုင်း၌ ၂၀၁၆ ခုနှစ်တွင် ၄၄ ခု၊ ၂၀၁၇ ခုနှစ်တွင် ၂၉ ခုနှင့် ၂၀၁၈ ခုနှစ်တွင် ယနေ့အထိ ၂၂ ခု စုစုပေါင်း ဥပဒေ ၉၅ ခုကို ဆွေးနွေးအတည်ပြုပြဋ္ဌာန်းပေးနိုင်ခဲ့ပါကြောင်း၊ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများ၏ ကဏ္ဍအလိုက် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ပြည်တွင်းပြည်ပမှ ချေးငွေရယူရေးကိစ္စရပ် ၄၀ ခုနှင့် နိုင်ငံတကာအဖွဲ့အစည်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်အတွက် သဘောတူစာချုပ်လက်မှတ်ရေးထိုးရေးကိစ္စရပ် ၂၆ ခု အပါအဝင် လိုအပ်သော ပြည်ထောင်စုလွှတ်တော်ဆိုင်ရာလုပ်ငန်းများကို ဦးစားပေးအလိုက် ဆွေးနွေးဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း။

**အိမ်ရှင်နိုင်ငံအဖြစ် အောင်မြင်စွာကျင်းပခဲ့**

ထို့ပြင် ပြည်ထောင်စုလွှတ်တော် သက်တမ်းတစ်ဝက်ကာလအတွင်း ထူးခြားသည့် ဒေသတွင်းဆက်ဆံရေးကဏ္ဍတွင် ဆောင်ရွက်ချက်တစ်ခုအနေဖြင့် (၃၇)ကြိမ်မြောက် အာဆီယံပါလီမန်များညီလာခံကို အိမ်ရှင်နိုင်ငံအဖြစ် အောင်မြင်စွာလက်ခံကျင်းပပေးနိုင်ခဲ့ပါကြောင်း၊ နိုင်ငံတကာဆက်ဆံရေးကဏ္ဍတွင် နိုင်ငံတကာလွှတ်တော်များ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့်ပူးပေါင်းပြီး လွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် အာဆီယံပါလီမန်များဆိုင်ရာ ပူးပေါင်းကော်မတီနှင့် နိုင်ငံတကာပါလီမန်များအဖွဲ့ဆိုင်ရာ ပူးပေါင်းကော်မတီတို့ကိုလည်း ဖွဲ့စည်းဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ အာဆီယံပါလီမန်များညီလာခံ (AIPA) နှင့် ဆက်စပ်အစည်းအဝေးများသို့ (၂၁)ကြိမ်နှင့် နိုင်ငံတကာပါလီမန်များညီလာခံ (IPU)နှင့် ဆက်စပ်အစည်းအဝေးများသို့ (၂)ကြိမ် စေလွှတ်တက်ရောက်နိုင်ခဲ့ပါကြောင်း။

ထို့ပြင် ပြည်ထောင်စုအဆင့်လွှတ်တော်များနှင့် တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်များအကြားတွင် လည်းကောင်း၊ တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော်များ အချင်းချင်းကြားတွင်လည်းကောင်း လွှတ်တော်ဆိုင်ရာလုပ်ငန်းများ ညှိနှိုင်းဆွေးနွေးဆောင်ရွက်နိုင်ရန် ရည်ရွယ်ပြီး မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ကို ဖွဲ့စည်းခြင်းနှင့် တည်ဆဲဥပဒေများအား လေ့လာဆန်းစစ်သုံးသပ်ပြီး ပြင်ဆင်ရေး၊ ပယ်ဖျက်ရေး၊ အသစ်ပြဋ္ဌာန်းနိုင်ရေး၊ အထူးကိစ္စရပ်များပေါ်ပေါက်လာပါက ၎င်းကိစ္စရပ်များအား ဥပဒေအမြင်နှင့်ယှဉ်၍ လေ့လာဆန်းစစ်သုံးသပ်နိုင်ရေးနှင့် အရေးကြီးသော လွှတ်တော်ဆိုင်ရာ လုပ်ငန်းစဉ်များတွင် အထောက်အကူပြုပြီး ညီညွတ်မျှတသည့် ကျွမ်းကျင်မှု၊ အကြံဉာဏ်များရရှိရေးအတွက် ပြည်ထောင်စုလွှတ်တော်ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ကိုလည်း ဖွဲ့စည်းဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

ပြည်ထောင်စုတစ်ဝန်းဒေသအနှံ့အပြားမှ ပြည်သူ့ကိုယ်စားလှယ်များနှင့် ပါဝင်ဖွဲ့စည်းထားသည့် ပြည်ထောင်စုလွှတ်တော်သည် နိုင်ငံတော်နှင့် နိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသည့် ပြည်သူတစ်ရပ်လုံးကို ကိုယ်စားပြုပြီး နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားအတွက် ဥပဒေပြုရေးအပါအဝင် လွှတ်တော်ဆိုင်ရာ လုပ်ငန်းတာဝန်များကို ဆောင်ရွက်နေကြရခြင်း ဖြစ်ပါကြောင်း။

**တရားဥပဒေစိုးမိုးရေး ဆောင်ရွက်**

ယခုအချိန်သည် ရေရှည်တည်တံ့ခိုင်မြဲသည့် ပြည်တွင်းငြိမ်းချမ်းမှုရရှိရေးအတွက် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် အမျိုးသားပြန်လည်ပေါင်းစည်းရေးလုပ်ငန်းစဉ်များကို အထူးအလေးထားဆောင်ရွက်နေရသည့် ကာလဖြစ်ပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ပြည်ထောင်စုငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင်သာမက မိမိတို့၏ အခြေခံမဲဆန္ဒနယ်မြေတစ်ခုချင်းမှစပြီး နိုင်ငံတော်တစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက်လည်း ဆက်လက်ပြီး ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် မှာကြားလိုပါကြောင်း။

ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များအနေဖြင့် ကျန်ရှိသည့် လပေါင်း ၃၀ ကာလတွင်လည်း မိမိတို့ရရှိပြီးသည့် အတွေ့အကြုံအသိပညာများကို အကျိုးရှိရှိ မှန်မှန်ကန်ကန် အသုံးချပြီး ပြည်သူများ၏ ဆန္ဒနှင့်မျှော်လင့်ချက်များကို ပိုမိုတိုးတက်ဖြည့်ဆည်းပေးနိုင်ရန်အတွက် ဆက်လက်ကြိုးပမ်းအားထုတ်ကာ တာဝန်ကျေကြပါဟု ဆန္ဒပြုတိုက်တွန်းလိုပါကြောင်း၊ မိမိနှင့်အတူ လပေါင်း ၃၀ ကာလ အတူလက်တွဲပြီး ပူးပေါင်းကူညီလုပ်ဆောင်ပေးခဲ့မှုများအတွက် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များနှင့် သက်ဆိုင်ရာကဏ္ဍအလိုက် တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနအဖွဲ့အစည်းများအားလုံးကို ကျေးဇူးတင်ပါကြောင်း ပြောကြားသည်။



ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်း ပြည်ထောင်စုလွှတ်တော်နာယကအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည့် ကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့်စပ်လျဉ်း၍ လွှတ်တော်သို့ ရှင်းလင်းတင်ပြစဉ်။ သတင်းစဉ်



ပြည်ထောင်စုလွှတ်တော်နာယက ဦးတီခွန်မြတ် လွှတ်တော်သို့ နှုတ်ခွန်းဆက်စကား ပြောကြားစဉ်။ သတင်းစဉ်

**လွှတ်တော်နာယက၏တာဝန် လွှဲပြောင်း**

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက၏ တာဝန်များကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်ထံသို့ လွှဲပြောင်းပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယက ဦးတီခွန်မြတ်က လွှတ်တော်သို့ နှုတ်ခွန်းဆက်စကား ပြောကြားရာတွင် ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် သက်တမ်းစတင်ခဲ့သည့်အချိန်မှစပြီး လပေါင်း ၃၀ ပြည့်မြောက်သည့်ကာလအထိ

*စာမျက်နှာ ၄ သို့*

*စာမျက်နှာ ၃ မှ*

ပြည်ထောင်စုလွှတ်တော်နာယကနှင့် ဒုတိယနာယကတာဝန်ကို ကျေပွန်စွာတာဝန်ယူဆောင်ရွက်ခဲ့သော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင် တို့အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် ကျေးဇူးတင်ပါကြောင်း ဦးစွာပြောကြားလိုပါကြောင်း။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့်အညီ နိုင်ငံတော်က ချမှတ်ထားသည့် မူဝါဒ၊ လုပ်ငန်းစဉ်များကိုအခြေခံပြီး ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုကြီး ဖြစ်ထွန်းပေါ်ပေါက်လာရေးအတွက် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များနှင့်အတူ ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ခဲ့သည်ကို အားလုံး အသိပင်ဖြစ်ပါကြောင်း၊ ယခုလို ခက်ခဲကြီးမားလှသော လုပ်ငန်းတာဝန်များကို ကျရာအခန်းကဏ္ဍမှ လပေါင်း ၃၀ ကြာ တာဝန်ကျေပွန်ပြီးမြောက်အောင် ထမ်းဆောင်နိုင်ခဲ့သည်ကို မိမိတို့၏ ဤပြည်ထောင်စုလွှတ်တော်အစည်းအဝေးကြီးက မှတ်တမ်းတင်ဂုဏ်ပြုရမည် ဖြစ်ပါကြောင်း။

**ပြည်သူများ၏ လိုအပ်ချက်များ ဖြည့်ဆည်း**

နိုင်ငံတကာတွင် လွှတ်တော်များသည် ဒီမိုကရေစီစနစ်၏ အခြေခံအုတ်မြစ်ဖြစ်သလို နိုင်ငံတစ်နိုင်ငံ၏ အသက်ဝိညာဉ်၊ အသက်သွေးကြောများ ဖြစ်သည်ဟု ပြောစမှတ်ပြုကြပါကြောင်း၊ ဥပဒေပြုအာဏာကို ကျင့်သုံးကြရသည့် လွှတ်တော်များသည် ပြည်သူများကို ကိုယ်စားပြုပြီး ပြည်သူ့အသံ၊ ပြည်သူ့ဆန္ဒ၊ ပြည်သူ့သဘောထားနှင့် ပြည်သူများ၏ လိုအပ်ချက်များကို သိရှိခံစားပြီး ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်အောင် ကြိုးစားရမည် ဖြစ်ပါကြောင်း။


ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်အား ပြည်ထောင်စုလွှတ်တော်နာယကဝတ်ရုံ ဝတ်ဆင်ပေးစဉ်။ သတင်းစဉ်

ယခုလိုဆောင်ရွက်ရာမှ ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်တွေ့အခြေအနေနှင့် ညီညွတ်မျှတမှုရှိသောဥပဒေများ ပေါ်ပေါက်လာရေး၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ၏ လူမှုစီးပွားဘဝများ အခြေခံကျကျ အဆင်ပြေကောင်းမွန်စေရေးတို့ကို နိုင်ငံတော်၏ အုပ်ချုပ်ရေး၊ တရားစီရင်ရေးအာဏာကို ကိုင်တွယ်ကျင့်သုံးကြသည့်ပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများနှင့်အတူ ကဏ္ဍအလိုက် အကောင်အထည်ဖော်ခြင်း၊ အပြန်အလှန်ထိန်းကျောင်းခြင်း၊ ညှိနှိုင်းဆွေးနွေးပူးပေါင်းဆောင်ရွက်ခြင်းတို့ဖြင့် ကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်ပါကြောင်း။

**တိုင်းရင်းသားကိုယ်စားလှယ်ပေါင်းစုံပါဝင်နိုင်ရန် ပြင်ဆင်**

ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး ပေါ်ပေါက်ဖြစ်ထွန်းလာရန် ရည်မှန်းချက်ထားရှိပြီး ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁)ရာစုပင်လုံ တတိယအစည်းအဝေးကို မိမိတို့အားလုံး ပူးပေါင်းဆောင်ရွက်နေကြသည်မှာ ထင်ရှားသည့်သာဓကဖြစ်ပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်အစုအဖွဲ့အနေဖြင့် အားကောင်းမောင်းသန် အပြုသဘောဆောင်သည့် ဆွေးနွေးမှုများကို ထိထိရောက်ရောက် ပါဝင်ဆွေးနွေးနိုင်ရန် အတွက် ယင်းအစုအဖွဲ့တွင် ပါတီပေါင်းစုံမှ တိုင်းရင်းသားကိုယ်စားလှယ်ပေါင်းစုံ ပါဝင်နိုင်ရန် ကြိုတင်ပြင်ဆင်စုဖွဲ့ပြီး တာဝန်ပေးအပ်စေလွှတ်ခဲ့ခြင်းပင် ဖြစ်ပါကြောင်း။

ဥပဒေပြုလွှတ်တော်များသည် နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားကို ဖြစ်ထွန်းစေသည့် အကာအကွယ်ပေးနိုင်သောဥပဒေများ ပြဋ္ဌာန်းပေးရမည်ဖြစ်သကဲ့သို့ အုပ်ချုပ်ရေး၊ တရားစီရင်ရေးနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများကလည်း ပြဋ္ဌာန်းထားသည့် တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ အကောင်အထည်ဖော်ပြီး နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားဖြစ်ထွန်းစေရေးအတွက် ညီညွတ်စွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များအပါအဝင် နိုင်ငံသားအားလုံးကလည်း တည်ဆဲဥပဒေများကို လေးစားလိုက်နာပြီး တာဝန်ကျေပွန်မှု၊ တာဝန်ခံမှု၊ တာဝန်ယူမှု၊ စည်းကမ်းရှိမှုများနှင့် ပူးပေါင်းလုပ်ဆောင်ကြရန် လိုအပ်မည်ဖြစ်ပါကြောင်း။

**ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးညှိနှိုင်းအဖြေရှာ**

ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာတို့ကို အတတ်နိုင်ဆုံး ပိုင်းခြားသုံးစွဲခြင်းနှင့် အချင်းချင်းအပြန်အလှန် ထိန်းကျောင်းခြင်းတို့ကို မှန်ကန်မျှတစွာ ဆောင်ရွက်သွားကြရမည်ဖြစ်သကဲ့သို့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးညှိနှိုင်းအဖြေရှာပြီး ပူးပေါင်းဆောင်ရွက်မှုများကိုလည်း မဖြစ်မနေ ဆက်လက်ဆောင်ရွက်သွားကြရဦးမည် ဖြစ်ပါကြောင်း။

ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးတွင် ပြည်သူလူထုက ချက်ချင်းအကောင်အထည်ပေါ်လာမှုကို မြင်တွေ့လိုကြသော်လည်း ဒီမိုကရေစီ၏ ပင်ကိုအခြေခံသဘောတရားအရ တစ်ခါတစ်ရံတွင် လက်ငင်းအဖြေထွက်ရန်ထက် အချိန်ကာလတစ်ခုယူရန် လိုအပ်သည်ကိုလည်း သတိပြုကြရမည်ဖြစ်ပါကြောင်း၊ မည်သို့ပင်ဆိုစေကာမူ ၂၁ ရာစု၏ စိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းနိုင်ရန် စစ်မှန်သော ဒီမိုကရေစီစနစ်မှတစ်ပါး အခြားစနစ်မရှိတော့ပါဟု ပြောကြားလိုပါကြောင်း။

မိမိတို့၏ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေး ခရီးစဉ်ကို ကြိုးပမ်းဖော်ဆောင်ကြရာတွင် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် နိုင်ငံတော်နှင့် ပြည်သူများအပေါ် မှန်ကန်သည့် စိတ်ရင်းစေတနာနှင့် အမြော်အမြင်ရှိရှိ နည်းလမ်းမှန်မှန်ဖြင့် မိမိတို့၏ ကိုယ်စီတာဝန်ကျေပွန်မှုများကို ထုတ်ဖော်ပြသနိုင်ကြလိမ့်မည်ဟု ယုံကြည်ပါကြောင်း၊ အစည်းအဝေးကျင်းပမှု တစ်ကြိမ်ထက်တစ်ကြိမ်ပိုပြီး အတွေ့အကြုံရင့်ကျက်လာသည်နှင့်အမျှ မဲဆန္ဒရှင်ပြည်သူများအတွက် ကိုယ်စားပြုပြီး ဥပဒေပြုရေးလုပ်ငန်းတာဝန်ကို ဆောင်ရွက်ကြရသည့် လွှတ်တော်ကိုယ်စားလှယ်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများအပြင် တည်ဆဲဥပဒေ၊ စည်းမျဉ်းစည်းကမ်းများကို လိုက်နာစောင့်ထိန်းပြီး ဒီမိုကရေစီစနစ် ပိုမိုခိုင်မာလာအောင် အရှိန်အဟုန်မြှင့်တင်ပြီး ဆက်လက်လုပ်ဆောင်သွားကြရမည် ဖြစ်ပါကြောင်း။

**အယူဝါဒစွဲများ မထားရှိကြဘဲ ပူးပေါင်းကူညီဆောင်ရွက်**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော်၏ ကျန်ရှိသည့် သက်တမ်းတစ်ဝက်ကာလအတွင်း လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့်လည်း နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားဖြစ်ထွန်းမှုကို ရည်ရွယ်ပြီး ပါတီစွဲ၊ လူမျိုးစွဲ၊ ဒေသစွဲ၊ ဘာသာ အယူဝါဒစွဲများမထားရှိကြဘဲ နိုင်ငံတော်နှင့် ပြည်သူလူထုအကျိုးစီးပွားအတွက် မိမိနှင့်အတူ ပူးပေါင်းကူညီဆောင်ရွက်ပေးကြရန် မေတ္တာရပ်ခံလိုပါကြောင်း၊ မိမိတို့တာဝန်ယူ၊ တာဝန်ခံဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များကို စိတ်ကောင်းစေတနာမှန်ကန်စွာနှင့် ကျေပွန်အောင် ဆက်လက်ဆောင်ရွက်ခြင်းဖြင့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုတစ်ရပ် ပေါ်ထွန်းလာရေးလုပ်ငန်းစဉ်များ ပိုမိုတိုးတက်လာမည်ဟု ယုံကြည်မျှော်လင့်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယက ဦးတီခွန်မြတ်က ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၇၆ ပုဒ်မခွဲ(က) နှင့်အညီ ပြည်ထောင်စုလွှတ်တော်နာယက၊ ဒုတိယနာယက တာဝန်များကို အောင်မြင်စွာထမ်းဆောင်ခဲ့သည့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်တို့အား ပြည်ထောင်စုလွှတ်တော်က ဂုဏ်ပြုမှတ်တမ်းတင်ကြောင်း ကြေညာသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက၏ ရှေ့မှောက်၌ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်က ကတိသစ္စာပြုသည်။

**လွှတ်တော်သို့ ရှင်းလင်းတင်ပြ**

ယင်းနောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ စီမံကိန်းလုပ်ငန်း ဆောင်ရွက်ရန်အတွက် အီတလီနိုင်ငံမှ အတိုးမဲ့ ချေးယူငွေ ယူရိုသန်း ၃၀ ရယူရန်ကိစ္စနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူနှင့် ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းတို့က လွှတ်တော်သို့ ရှင်းလင်းတင်ပြကြသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ အောင်သူက မြန်မာနိုင်ငံအတွင်း မီးလင်းရန်ကျန်ရှိသော ကျေးရွာများ၌ မဟာဓာတ်အားလိုင်း ပြင်ပမှ ကျေးလက်မီးလင်းရေး ဆောင်ရွက်ပေးရန်အတွက် အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်းတွင် အီတလီနိုင်ငံမှ ချေးငွေ (Soft Loan) ယူရိုသန်း ၃၀ ကို Co-Financing အဖြစ် ထည့်ဝင်ဆောင်ရွက်သွားနိုင်ရေး အီတလီအစိုးရမှ ကမ်းလှမ်းဆွေးနွေးလာခဲ့ပါကြောင်း။

**ကျေးရွာ ၁၀၁၉ ရွာတွင် မီးလင်းရေးလုပ်ငန်းများ ဆောင်ရွက်**

အီတလီနိုင်ငံအစိုးရမှ ပေးအပ်သော ချေးငွေယူရိုသန်း ၃၀ သည် အတိုးမဲ့ချေးငွေဖြစ်ပြီး ဆိုင်းငံ့ကာလမှာ ၁၈ နှစ်ဖြစ်၍ ပြန်လည်ပေးဆပ်ရမည့်ကာလမှာ ၁၀ နှစ် ဖြစ်ပါကြောင်း၊ အဆိုပါစီမံကိန်းချေးငွေများဖြင့် လျှပ်စစ်မီးလက်လှမ်းမီမှု နည်းပါးသော၊ လမ်းပန်းဆက်သွယ်ရေး ခက်ခဲသော ချင်းပြည်နယ်နှင့် ၎င်းအနီးတစ်ဝိုက်ရှိ ပြည်နယ်၊ တိုင်းဒေသကြီးများတွင် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ Co-Financing အဖြစ် ထည့်ဝင်သော ချေးငွေများဖြင့် တစ်အိမ်သုံးဆိုလာစနစ်၊ အသေးစားဓာတ်အားလိုင်းစနစ်များဖြင့် ခန့်မှန်းကျေးရွာ ၁၀၁၉ ရွာတွင် မီးလင်းရေးလုပ်ငန်းများ ဆောင်ရွက်ပြီး အိမ်ခြေ ၉၆၅၀၀ ခန့်အား အကျိုးပြုစေရန် မျှော်မှန်းထားပါကြောင်း။

အီတလီအစိုးရသည် မြန်မာနိုင်ငံ၏တစ်နိုင်ငံလုံး လျှပ်စစ်မီးရရှိရေး ဆောင်ရွက်ချက်များကို ကူညီပံ့ပိုးရန်၊ မဟာဓာတ်အားလိုင်းနှင့် ဝေးကွာသော ကျေးရွာများတွင် အကြိုလျှပ်စစ်မီးရရှိရေးစနစ်(Pre-Electrification System) ဖြင့် ဆောင်ရွက်နိုင်ရန်၊ အစိုးရ၊ ပြည်သူလူထုနှင့် ပုဂ္ဂလိကအခန်းကဏ္ဍတို့ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန်၊ ပြည်သူအချို့ကျ ထည့်ဝင်သောစနစ်ဖြင့် ပိုမိုကောင်းမွန်သည့် လျှပ်စစ်မီးလင်းရေး ဆောင်ရွက်ရန်နှင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ ချေးငွေပေးအပ်ခြင်း ဖြစ်ပါကြောင်း။

**ရွေးချယ်ရေးမူများအပေါ် အခြေခံ**

တစ်အိမ်သုံးဆိုလာစနစ်အတွက် စီမံကိန်းဧရိယာရွေးချယ်ရာ၌ နောင် ၁၀ နှစ်၊ ၁၅ နှစ်အတွင်း မဟာဓာတ်အားလိုင်း မရောက်ရှိနိုင်သည့် ကျေးရွာများ၊ မဟာဓာတ်အားလိုင်းနှင့် ၁၀ မိုင်အထက် ဝေးကွာသောဒေသများ၊ ဝေးလံခေါင်ဖျားသောဒေသများရှိ ကျေးရွာများ၏ အိမ်ခြေနှင့် လူနေထူထပ်မှု၊ ပြည်သူမှ ၁၀ ရာခိုင်နှုန်းခန့် ထည့်ဝင်နိုင်သော ကျေးရွာများ စသည့် ရွေးချယ်ရေးမူများအပေါ် အခြေခံ၍ ကျေးရွာများ ရွေးချယ်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

*စာမျက်နှာ ၅ သို့*

**မိမိအနေဖြင့် ပြည်ထောင်စုလွှတ်တော်နာယက တာဝန်ထမ်းဆောင်စဉ် ကာလအတွင်း နိုင်ငံတော်က ကျင့်သုံးလျှောက်လှမ်းနေသည့် ပါတီစုံ ဒီမိုကရေစီစနစ်နှင့် အခွင့်အလမ်းများ ပိုမိုခိုင်မာလာစေရေး၊ နိုင်ငံသူ နိုင်ငံသားတိုင်း တန်းတူညီမျှမှု၊ လွတ်လပ်မှု၊ တရားမျှတမှုစသည့် အခြေခံလူ့အခွင့်အရေးများ တိုးတက်ရရှိလာစေရေးတို့ကို အဂတိတရား ကင်းကင်းရှင်းရှင်းနှင့် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ကြိုးပမ်းအားထုတ် ဆောင်ရွက်ခဲ့ပါကြောင်း၊ နိုင်ငံတော်၏ ငြိမ်းချမ်းရေး၊ အမျိုးသား စည်းလုံးညီညွတ်မှု ပြန်လည်တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး တို့အတွက် ပြည်ထောင်စုအစိုးရ အုပ်ချုပ်ရေးမဏ္ဍိုင်၊ တရားစီရင်ရေး မဏ္ဍိုင်များနှင့်လည်း အပြန်အလှန်ထိန်းကျောင်း ဆောင်ရွက်ခဲ့**

စာမျက်နှာ ၄ မှ

အသေးစားဓာတ်အားပေးစနစ် (Mini-Grid)အတွက် စီမံကိန်းဧရိယာရွေးချယ်ရာတွင် မြေမျက်နှာသွင်ပြင်အနေအထားအရ နောင် ၁၀ နှစ်၊ ၁၅ နှစ်အတွင်း မဟာဓာတ်အားလိုင်းမှ လျှပ်စစ်မီးမရရှိနိုင်သော ကျေးရွာများ၊ ပြည်သူထည့်ဝင်ငွေ ၂၀ ရာခိုင်နှုန်း ထည့်ဝင်နိုင်သော ကျေးရွာများ၊ ဓာတ်အားခပေးဆောင်ရန် ဆန္ဒရှိသော ကျေးရွာများ၊ ကျေးလက်မီးလင်းရေးအတွက်သာမက အသေးစားကုန်ထုတ်လုပ်မှုလုပ်ငန်းများပါ ဆောင်ရွက်လိုသည့် ကျေးရွာများ၊ အသင်းအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်လိုသော ကျေးရွာများ၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ရင်းမြစ် ရရှိနိုင်သည့် ကျေးရွာများစသည့် အချက်များအပေါ် အခြေခံ၍ ကျေးရွာများ ရွေးချယ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

**အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၅ သန်း ထောက်ပံ့ပေးသွားမည်**

နည်းပညာအကူအညီပေးရေးအတွက် အီတလီအစိုးရမှ ကမ္ဘာ့ဘဏ်သို့ သီးခြားရန်ပုံငွေ အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၅ သန်း ထောက်ပံ့ပေးသွားမည်ဖြစ်ပါကြောင်း၊ မီးလင်းရေးနှင့် ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်ဆိုင်ရာမူဝါဒ၊ စည်းမျဉ်းစည်းကမ်းများနှင့် မူဘောင်များရေးဆွဲခြင်း၊ မီးလင်းရေးစီမံချက်များ ရေးဆွဲခြင်း၊ အကျိုးရလဒ်များ စောင့်ကြည့်စစ်ဆေးခြင်း၊ နည်းပညာ၊ ဒီဇိုင်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဆိုင်ရာ အခြေအနေများ အကဲဖြတ်စိစစ်ခြင်း၊ ဝယ်ယူရေးနှင့် ဘဏ္ဍာရေးဆိုင်ရာကိစ္စရပ်များ၊ သဘာဝပတ်ဝန်းကျင်နှင့် လူမှုထိခိုက်မှုဆိုင်ရာ စီမံခန့်ခွဲခြင်းတို့အတွက် နည်းပညာဆိုင်ရာ အကြံဉာဏ်များပေးခြင်းတို့ကို ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

ထို့ကြောင့် ကုလသမဂ္ဂ စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်ပါ ရည်မှန်းချက်များနှင့် မြန်မာနိုင်ငံ စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်ပါ ရည်မှန်းချက်များနှင့်အညီ ၂၀၃၀ ပြည့်နှစ်တွင် တစ်နိုင်ငံလုံး လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ရည်မှန်းဆောင်ရွက်လျက်ရှိသော အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံချက်၊ မဟာဓာတ်အားလိုင်းပြင်ပ ကျေးလက်မီးလင်းရေးလုပ်ငန်းများတွင် Co-Financing အဖြစ် အီတလီနိုင်ငံအစိုးရမှ ပေးအပ်သည့် အတိုးမဲ့ချေးငွေ ယူရိုသန်း ၃၀ အား ချေးယူခွင့်ပြုနိုင်ပါရန် ရှင်းလင်းတင်ပြသည်။

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ချေးငွေဖြင့် စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်မည့် ဝန်ကြီးဌာနမှာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဖြစ်ပြီး ဆောင်ရွက်မည့်လုပ်ငန်းမှာ ကျေးလက်မီးလင်းရေးကိစ္စများဖြစ်သဖြင့် ဝင်ငွေရရှိရေးကို ပဓာနမထားဘဲ အချိန်စေ့ရောက်သည့် နှစ်အလိုက် ပြန်လည်ပေးဆပ်မှုများကို နိုင်ငံတော်ဘတ်ဂျက်မှ ခွဲဝေသုံးစွဲ၍ ပြန်လည်ပေးဆပ်ရမည် ဖြစ်ပါကြောင်း၊ ဆိုင်းငံ့ကာလ ကျော်လွန်ပါက တစ်နှစ်လျှင် ငွေကျပ် ၄၉၉၆ ဒသမ ၂ သန်းခန့် ပြန်လည်ပေးဆပ်ရမည် ဖြစ်ပါကြောင်း။



မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဥက္ကဋ္ဌ ဦးကျော်ကျော်မောင် ကတိသစ္စာပြုစဉ်။

**အဓိကအခန်းကဏ္ဍမှ ပါဝင်**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးတွင် လျှပ်စစ်မီးရရှိရေးကိစ္စသည် အဓိကကျသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိပါကြောင်း၊ ပြည်ထောင်စုဘတ်ဂျက်မှ နှစ်စဉ်ခွဲဝေကျခံသုံးစွဲပေးလျက်ရှိသော်လည်း လုံလောက်မှုမရှိသဖြင့် ယခုကဲ့သို့ သက်သာမှုရှိသော နှစ်ရှည်ချေးငွေဖြင့် စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်မည့်ကိစ္စသည် လျော်ကန်သင့်မြတ်မှုရှိပါကြောင်း၊ နိုင်ငံတော်၏ ပြည်ပကြွေးမြီလက်ကျန် အခြေအနေအရ ၂၀၁၈ ခုနှစ် မတ်လ ၃၁ ရက်ရှိ ပြည်ပကြွေးမြီနှင့် ဂျီဒီပီအချိုးမှာ ၁၅ ဒသမ ၄၅ ရာခိုင်နှုန်းခန့်ဖြစ်သဖြင့် ကြွေးမြီခံနိုင်ရည်ရှိမှု အတိုင်းအတာအတွင်းရှိပါကြောင်း ရှင်းလင်းတင်ပြသည်။

အဆိုပါ အီတလီနိုင်ငံမှ အတိုးမဲ့ ချေးယူငွေ ယူရိုသန်း ၃၀ ရယူရန်ကိစ္စနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ပြည်ထောင်စုလွှတ်တော်နာယကက ကြေညာသည်။

**အာရှဖွံ့ဖြိုးရေးဘဏ်ထံမှ ချေးငွေရယူရန်ကိစ္စ ရှင်းလင်း**

ဆက်လက်၍ နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အာရှဖွံ့ဖြိုးရေးဘဏ်ထံမှ အမေရိကန်ဒေါ်လာ ၄၀ ဒသမ ၅ သန်း ချေးငွေရယူရန်ကိစ္စနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူနှင့် ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းတို့က လွှတ်တော်သို့ ရှင်းလင်းတင်ပြကြသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ အောင်သူက အာရှဖွံ့ဖြိုးရေးဘဏ် (Asian Development Bank - ADB) ချေးငွေဖြင့် မြန်မာနိုင်ငံအလယ်ပိုင်း အပူပိုင်းဇုန်ဒေသများဖြစ်သော မကွေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ငါးမြို့နယ်၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် လေးမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်းရှိ မြို့နယ် ငါးမြို့နယ် စုစုပေါင်း မြို့နယ် ၁၄ မြို့နယ်တို့တွင် ရာသီဥတုနှင့် လိုက်လျောညီထွေဖြစ်စေမည့် စိုက်ပျိုးစီးပွားရေးလုပ်ငန်းဆိုင်ရာ တန်ဖိုးကွင်းဆက်စီမံကိန်း (Climate Friendly Agribusiness Value Chains Sector Project) အား အကောင်အထည်ဖော် ဆောင်ရွက်ရန် ဖြစ်ပါကြောင်း။

- ❖ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးတွင် လျှပ်စစ်မီးရရှိရေးကိစ္စသည် အဓိကကျသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိ
- ❖ နိုင်ငံတော်၏ ပြည်ပကြွေးမြီလက်ကျန် အခြေအနေအရ ၂၀၁၈ ခုနှစ် မတ်လ ၃၁ ရက်ရှိ ပြည်ပကြွေးမြီနှင့် ဂျီဒီပီအချိုးမှာ ၁၅ ဒသမ ၄၅ ရာခိုင်နှုန်းခန့်ဖြစ်သဖြင့် ကြွေးမြီ ခံနိုင်ရည်ရှိမှု အတိုင်းအတာအတွင်းရှိ

စီမံကိန်းအတွက် အာရှဖွံ့ဖြိုးရေးဘဏ်မှ ချေးငွေ အမေရိကန်ဒေါ်လာ ၄၀ ဒသမ ၅ သန်း ရယူမည်ဖြစ်ပြီး ပြန်ဆပ်ရမည့်ကာလမှာ ဆိုင်းငံ့ကာလ ၈ နှစ်အပါအဝင် စုစုပေါင်း ၃၂ နှစ် ဖြစ်ပါကြောင်း၊ အတိုးနှုန်းမှာ ဆိုင်းငံ့ကာလအတွင်း ၁ ရာခိုင်နှုန်းနှင့် ကျန်ကာလများတွင် ၁ ဒသမ ၅ ရာခိုင်နှုန်း ဖြစ်ပါကြောင်း၊ ချေးငွေများကို ဆိုင်းငံ့ကာလပြီး နောင်တစ်နှစ်လျှင် နှစ်ကြိမ် (မတ်လနှင့် စက်တင်ဘာလတို့တွင်) ၂၄ နှစ်ဖြင့် စုစုပေါင်း ၄၈ ကြိမ် ပြန်လည်ပေးဆပ်ရမည် ဖြစ်ပါကြောင်း၊ အဆိုပါ ချေးယူထားသောငွေအား နိုင်ငံတော်ရန်ပုံငွေမှ နှစ်အလိုက်ပေးဆပ်ရမည့် ငွေပမာဏကို တင်ပြတောင်းခံ၍ ပြန်လည်ပေးဆပ်သွားရမည် ဖြစ်ပါကြောင်း။

ဤစီမံကိန်းကို ဆောင်ရွက်ခြင်းဖြင့် စီမံကိန်းဧရိယာများတွင် ထုတ်လုပ်မှုစွမ်းအားတိုးမြင့်လာခြင်း၊ ရာသီဥတုဒဏ် ကြံ့ကြံ့ခံနိုင်ခြင်း၊ စိုက်ပျိုးရေးထွက်ကုန်များ အရည်အသွေးကောင်းမွန်ပြီး အစားအစာ ဘေးအန္တရာယ်ကင်းရှင်းစေခြင်းနှင့် တန်ဖိုးမြှင့်ထုတ်လုပ်နိုင်မည်ဖြစ်ခြင်းတို့ကြောင့် စိုက်ပျိုးရေးထွက်ကုန်ဈေးကွက် ယှဉ်ပြိုင်ဝင်ရောက်နိုင်မှု တိုးတက်လာပြီး ကျေးလက်နေအိမ်ထောင်စုများ၏ ဝင်ငွေပိုမိုရရှိမည် ဖြစ်ပါကြောင်း၊ တစ်ဆက်တည်းမှာပင် စီမံကိန်းဧရိယာရှိ ကျေးလက်နေပြည်သူများ၏ ဆင်းရဲမှု၊ စားနပ်ရိက္ခာမဖူလုံမှုနှင့် အာဟာရချို့တဲ့မှုတို့ လျော့နည်းကျဆင်းလာစေမည် ဖြစ်ပါကြောင်း။

ထို့ကြောင့် အာရှဖွံ့ဖြိုးရေးဘဏ်၏ချေးငွေ အမေရိကန်ဒေါ်လာ ၄၀ ဒသမ ၅ သန်းရယူ၍ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် ရာသီဥတုနှင့် လိုက်လျောညီထွေဖြစ်စေမည့် စိုက်ပျိုးစီးပွားရေးလုပ်ငန်းဆိုင်ရာ တန်ဖိုးကွင်းဆက်စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ပြည်ထောင်စုလွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် ရှင်းလင်းတင်ပြသည်။

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ချေးငွေဖြင့် စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်မည့် ဝန်ကြီးဌာနမှာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဖြစ်ပါကြောင်း၊ စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် အရည်အသွေးကောင်းမွန်ပြီး ISO 17025 စံသတ်မှတ်ချက်နှင့် ကိုက်ညီမှုရှိသော စိုက်ပျိုးရေးထွက်ကုန်ပစ္စည်းများ ထုတ်လုပ်မှုမှတစ်ဆင့် ပြည်ပဈေးကွက်များ ရရှိလာပြီး ဝင်ငွေတိုးတက်ရရှိနိုင်မည် ဖြစ်ပါကြောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် အချိန်စေ့ရောက်သည့် နှစ်အလိုက် အတိုး၊ အရင်း ပြန်လည်ပေးဆပ်မှုများကို ဌာန၏ ရငွေများဖြင့် ပြန်လည်ပေးဆပ်နိုင်ရန်စီစဉ်၍ ဘတ်ဂျက်သို့ ရငွေများပေးသွင်းခြင်း၊ ချေးငွေပေးဆပ်ရန် အသုံးစရိတ်များ တောင်းခံခြင်းတို့ကို ဘဏ္ဍာရေးနှစ်အလိုက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်၏ ပြည်ပကြွေးမြီလက်ကျန်အခြေအနေမှ ၂၀၁၈ ခုနှစ် မတ်လ ၃၁ ရက်ရှိ ပြည်ပကြွေးမြီနှင့် ဂျီဒီပီအချိုးမှာ ၁၅ ဒသမ ၄၅ ရာခိုင်နှုန်းဖြစ်သဖြင့် ကြွေးမြီခံနိုင်ရည်ရှိမှု အတိုင်းအတာအတွင်း ရှိနေပါကြောင်း ရှင်းလင်းတင်ပြသည်။

အဆိုပါ အာရှဖွံ့ဖြိုးရေးဘဏ်ထံမှ အမေရိကန်ဒေါ်လာ ၄၀ ဒသမ ၅ သန်း ချေးငွေရယူရန်ကိစ္စနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ပြည်ထောင်စုလွှတ်တော်နာယက က ကြေညာသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နဝမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ဩဂုတ် ၇ ရက်တွင် ကျင်းပသွားရန် လျာထားကြောင်း သိရသည်။

**သူရဇော်၊ ဟန်လင်းနိုင်(သတင်းစဉ်)**





ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နဝမပုံမှန်အစည်းအဝေး ပဉ္စမနေ့ ကျင်းပစဉ်။

# ဆွစ်ဇာလန်နိုင်ငံ အမျိုးသားနေ့ အထိမ်းအမှတ် ညှော်ခံပွဲကျင်းပ





**ရန်ကုန် ဩဂုတ် ၁**

ဆွစ်ဇာလန်နိုင်ငံ၏ အမျိုးသားနေ့အထိမ်းအမှတ် ညှော်ခံပွဲအခမ်းအနားကို ယနေ့ ည ၇ နာရီတွင် ရန်ကုန်မြို့ Melia Hotel ၌ ကျင်းပရာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးနှင့် ဇနီး ဒေါက်တာနန်းခမ်းမိုင်တို့ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သီချင်းနှင့် ဆွစ်ဇာလန် နိုင်ငံတော်သီချင်းတို့ဖြင့် အခမ်းအနားကို စတင်ဖွင့်လှစ်သည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ ဆွစ်ဇာလန်နိုင်ငံ သံအမတ်ကြီး H.E. Mr .Paul Rene SEGER နှင့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးတို့က နှုတ်ခွန်းဆက်စကား ပြောကြားကြသည်။ (ဝဲပုံ)

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် ဇနီး၊ သံအမတ်ကြီးနှင့် ဇနီးတို့သည် ညှော်ခံပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ညှော်ခံပွဲသို့တက်ရောက်လာကြသူများအား သံအမတ်ကြီးနှင့် ဇနီးတို့က ညစာ စားပွဲဖြင့်တည်ခင်းညှော်ခံသည်။

အဆိုပါ အခမ်းအနားသို့ ရန်ကုန်မြို့ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ ကုလသမဂ္ဂဆိုင်ရာ ဌာနေကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# မီဒီယာ၊ ဘတ်ဂျက်၊ ရေဘေးနှင့် ပြန်ကြားရေး ဆက်စပ်အတွေးများ

**ဝေယံမောင်**

**ယခုကာလသည် ပြည်ထောင်စုလွှတ်တော်တွင် ဆက်လက် ဆောင်ရွက်မည့် ဘဏ္ဍာရေးနှစ်အတွက် ဘဏ္ဍာငွေအရအသုံးဆိုင်ရာများနှင့်ပတ်သက်၍ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများမှ လျာထားချက်များကို တင်ပြနေချိန်ဖြစ်ပါသည်။ တစ်ချိန်တည်းမှာပင် ကမ္ဘာတစ်ဝန်းရှိ နေရာအနှံ့အပြား၌ ရာသီဥတုဖောက်ပြန်မှုများနှင့်အတူ သဘာဝဘေးအန္တရာယ်များ ဖြစ်ပွားလျက်ရှိရာ မြန်မာနိုင်ငံတွင်လည်း မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီးရှိ အချို့သောနေရာများတွင် ရေကြီးရေလျှံမှုများဖြစ်ပေါ်မှုနှင့်အတူ ဒေသခံပြည်သူများ ရေဘေးကြုံတွေ့နေရချိန်လည်း ဖြစ်ပါသည်။ ထို့ကြောင့်လည်း ယနေ့မီဒီယာများတွင် ယင်းအကြောင်းအရာနှစ်ခုက အဓိကနေရာယူထားပါသည်။**

ပြည်ထောင်စု၏ဘဏ္ဍာငွေနှင့်ပတ်သက်၍ ဒီမိုကရေစီအစိုးရလက်ထက်တွင် လွှတ်တော်များ၌ ပွင့်လင်းမြင်သာစွာ ဆွေးနွေးရှင်းလင်းတင်ပြကြသလို ဥပဒေအဖြစ်ပြဋ္ဌာန်းပြီးချိန်တွင်လည်း အများပြည်သူသိရှိနိုင်ရေးအတွက် ထုတ်ပြန်ပေးလျက်ရှိပါသည်။ ထိုသို့ထုတ်ပြန်မှုများအပေါ် ပြည်ထောင်စုတစ်ခုလုံး၏ ဘဏ္ဍာငွေအနေဖြင့်သော် လည်းကောင်း၊ သက်ဆိုင်ရာအဖွဲ့အစည်းအလိုက် ဘဏ္ဍာငွေအနေဖြင့်သော် လည်းကောင်း လျာထားမှုများနှင့်ပတ်သက်၍ ကျွမ်းကျင်ပညာရှင်များ၊ ဆက်စပ်အဖွဲ့အစည်းများ၊ စိတ်ဝင်စားသူများက အမျိုးမျိုးအဖုံဖုံ သုံးသပ်နေကြမှုများလည်း ရှိနေပါသည်။ ပြည်သူ့ဘဏ္ဍာငွေဖြင့် ဆောင်ရွက်ရသည့် ကိစ္စရပ်များဖြစ်သဖြင့် ပြည်သူများ၏ စိတ်ပါဝင်စားမှုနှင့် ထောက်ပြဝေဖန်အကြံပေးမှုများကို လှိုက်လှဲစွာ ကြိုဆိုရမည်သာဖြစ်ပါသည်။

## ပြန်ကြားရေးဘာလဲ၊ ဘယ်လဲ

ထိုအထဲတွင် မီဒီယာကဏ္ဍကို နိုင်ငံတော်အစိုးရ၏ ကိုယ်စား တာဝန်ယူဆောင်ရွက်လျက်ရှိသည့် ပြန်ကြားရေး၏ အခန်းကဏ္ဍကိုလည်း ဝေဖန်ပြောဆိုမှုများရှိနေရာ ပြည်သူ့ဘဏ္ဍာဖြင့် ဆောင်ရွက်နေရသည့် ပြန်ကြားရေးဝန်ကြီးဌာန၏ လုပ်ဆောင်နေမှုများကို အကျဉ်းမျှအသိပေးလိုပါသည်။

ပြန်ကြားရေး၏ အဓိကတာဝန်များမှာ ပြည်သူကို သတင်းအချက်အလက်ပေးရန်၊ ဖျော်ဖြေပေးရန်၊ အသိပညာပေးကိစ္စရပ်များ ဆောင်ရွက်ပေးရန်တို့ဖြစ်ပါသည်။ အဆိုပါကိစ္စရပ်များကို နိုင်ငံတော်အစိုးရ၏ ခွင့်ပြုဘဏ္ဍာငွေဖြင့် တစ်နည်းအားဖြင့် ပြည်သူ့ဘဏ္ဍာငွေဖြင့် ဆောင်ရွက်ရခြင်းဖြစ်ပါသည်။ လုပ်နိုင်သည်များရှိသလို မလုပ်နိုင်သည်များလည်းရှိ၊ အားရကျေနပ်ဖွယ်တိုးတက်မှုများရှိသလို ပြုပြင်ပြောင်းလဲဆောင်ရွက်ရမည်များလည်းရှိ၊ ပြည်သူများ၏ လိုလားချက်များကို ဖြည့်ဆည်းပေးရာတွင်လည်း အားသာချက်၊ အားနည်းချက်၊ လိုအပ်ချက်၊ လစ်ဟာချက်များလည်း ရှိနေသည်ကို ဝန်ခံရမည်သာဖြစ်ပြီး ပိုမိုပြည့်စုံသည်ထက် ပြည့်စုံအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

## ပြန်ကြားရေးကသုံးတဲ့ ဘတ်ဂျက်

ပြန်ကြားရေးဝန်ကြီးဌာန၏ အဓိကတာဝန်များကို ဆန်းစစ်ပါက စီးပွားရေးအကျိုးအမြတ် တစ်နည်းအားဖြင့် ငွေအမြတ်ရရှိအောင် ဆောင်ရွက်ရသည့် လုပ်ငန်းများ မဟုတ်ဘဲ ပြည်သူကို ဝန်ဆောင်မှုပေးသည်များ ဖြစ်နေသည်ကို ပေါ်လွင်ထင်ရှားစွာ တွေ့ရှိရမည်ဖြစ်ပါသည်။

ဘတ်ဂျက်ဆိုသည်မှာလည်း ကိုယ်သုံးလိုသည့် ကိစ္စကို ကိုယ့်ဟာကိုယ်လျာထား၊ ငွေကြိုက်သလို သတ်မှတ်၊ စိတ်ထင်သလိုသုံးစွဲရသည်မျိုး မဟုတ်သည်ကို အားလုံးသိရှိပြီးဖြစ်ပါသည်။ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများအနေဖြင့် ဦးစွာဘဏ္ဍာနှစ်အလိုက် ဆောင်ရွက်လိုသည့် အမျိုးသားစီမံကိန်း၊ မူဝါဒ၊ ရည်မှန်းချက်၊ လုပ်ငန်းစဉ်အဆိုပြုချက်၊ လျာထားငွေတို့ကို သက်ဆိုင်ရာအဖွဲ့အစည်းအလိုက် စိစစ်ခြင်း၊ အစိုးရက ဖွဲ့စည်းပေးထားသည့် သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ငန်းစိစစ်ရေးအဖွဲ့အသီးသီးက စိစစ်ခြင်း၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးက စိစစ်ခြင်း၊ နိုင်ငံတော်သမ္မတဦးစီးသည့် ဘဏ္ဍာရေးကော်မရှင်က စိစစ်ခြင်း၊ လွှတ်တော်များတွင် စိစစ်ခြင်းစသည်ဖြင့် အဆင့်ဆင့်ပြုလုပ်ပြီးမှသာ နှစ်အလိုက်ထုတ်ပြန်သည့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရ အသုံးဆိုင်ရာဥပဒေအရ ဆောင်ရွက်ရခြင်းမျိုးဖြစ်ပါသည်။

ယခုနှစ်တွင် တင်ပြထားဆဲဖြစ်သော ပြန်ကြားရေးဝန်ကြီးဌာန၏ လျာထားမှုနှင့်ပတ်သက်၍လည်း အသုံးစရိတ်ကို ယခင်နှစ်ကထက် ၆၀ ရာခိုင်နှုန်းနီးပါး ပိုမိုတောင်းခံထားကြောင်းနှင့် လိုငွေကျပ် ၂၈ ဘီလီယံကျော်ရှိကြောင်း ဖော်ပြနေကြသည်များကို တွေ့ရှိရပါသည်။ သာမန်အားဖြင့် အမှတ်တမဲ့ကြည့်မည်ဆိုပါက ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ယခင်ထက် အသုံးစရိတ်များ ပိုမိုများပြားစွာ တောင်းခံသည်ဟု ထင်မြင်သွားနိုင်ပါသည်။

ပြန်ကြားရေး၏ အသုံးစရိတ်သည် ယခင်နှစ်ကထက် ပိုသည်မှာအမှန်ပင်ဖြစ်ပါသည်။ သို့သော် ရငွေတွင်လည်း ယခင်နှစ်ကထက် ၈၅ ရာခိုင်နှုန်းခန့် ပိုမိုရရှိရန် လျာထားသည်ကို ချန်လှပ်ထား၍မရပါ။ ယခင်ဘဏ္ဍာနှစ်နှင့် နှိုင်းယှဉ်မည်ဆိုပါက အသုံးစရိတ်သည် ငွေကျပ် ၃၈ ဘီလီယံခန့် ပိုမိုနေပြီး ယင်းမှာ အဓိကအားဖြင့် ပြည်ပမှအကူအညီ အထောက်အပံ့ရရှိသည့် ငွေကျပ် ၂၀ ဘီလီယံခန့်ကို အရအသုံးစာရင်းတွင် **အသုံး** ဖော်ပြထားခြင်း၊ ပညာရေးဝန်ကြီးဌာန၏ ကျောင်းသုံးဖတ်စာအုပ်များ တိုးမြှင့်ရိုက်နှိပ်နိုင်ရေးအတွက် ကုန်ကြမ်းပစ္စည်းများဝယ်ယူရန် တိုးမြှင့်လျာထားခြင်း (ဘဏ္ဍာရေးနှစ်ကာလသတ်မှတ်မှုပြောင်းသွားသော်လည်း ပညာသင်နှစ်ကာလ သတ်မှတ်ချက်မှာ ပြောင်းလဲသွားခြင်းမရှိသဖြင့် ကျောင်းသုံးဖတ်စာအုပ်ရိုက်နှိပ်နိုင်ရေး ကုန်ကြမ်းလျာထားရာတွင် ဆောင်ရွက်မည့်နှစ်အပြင် ယင်းနှစ်အတွင်း နောက်တစ်နှစ်အတွက် လုပ်ငန်းဆောင်ရွက်နိုင်မည့်ပမာဏကိုပါ ထည့်သွင်းလျာထားရခြင်းမျိုးဖြစ်ပါသည်) တို့ကြောင့် ဖြစ်ပါသည်။ အလားတူ ရငွေတွင်လည်း ယခင်နှစ်နှင့်နှိုင်းယှဉ်ပါက ငွေကျပ် ၃၇ ဘီလီယံခန့် ပိုမိုတိုးမြှင့်ရရှိရန် လျာထားနိုင်ခဲ့ပြီး ယင်းတို့မှာ ပြည်ပမှ အကူအညီအထောက်အပံ့ ရရှိသည့် ငွေကျပ် ၂၀ ဘီလီယံခန့်ကို အရအသုံးစာရင်းတွင် **အရ** ဖော်ပြထားခြင်း၊ ကျောင်းသုံးဖတ်စာအုပ် ရိုက်နှိပ်ခငွေများ ရရှိ ခြင်းတို့ကြောင့်ဖြစ်ကြောင်း ဖော်ပြလိုပါသည်။

> **"နိုင်ငံပိုင်ပဲဖြစ်ဖြစ်၊ ပုဂ္ဂလိကပိုင်ပဲဆိုဆို မီဒီယာကို လုပ်ငန်းတစ်ခုအဖြစ် စနစ်တကျဆောင်ရွက်နေသူများအနေဖြင့် အဓိကတာဝန်ဖြစ်သော သတင်းမှန်ပြန်ကြားပေးခြင်းကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်သည်နှင့်အမျှ ပြည်သူများ၏ယုံကြည်အားကိုးမှု ပိုမိုရရှိလာမည်ဖြစ်ရာ ဆက်လက်ကြိုးစားလုပ်ဆောင်သွားရမည်သာ ဖြစ်ပါသည်"**

ထို့ကြောင့် လိုငွေမှာ ယခင်နှစ်က အမှန်လိုငွေကျပ် ၂၆ ဘီလီယံကျော်နှင့် ယခုနှစ်တွင် လျာထားချက်အရငွေ ကျပ် ၂၈ ဘီလီယံခန့် လိုငွေဖြစ်မည်ဟု ခန့်မှန်းထားကြောင်း တွေ့ရှိရမည်ဖြစ်ပြီး အမှန်သုံးစွဲမှုအပေါ်မူတည်၍ အနည်းနှင့်အများဆိုသလို ကွာခြားသွားမည် ဖြစ်ပါသည်။

ဘတ်ဂျက်တွင် ရငွေနှင့် သုံးငွေဟူ၍ရှိပြီး ယင်းတို့ နှစ်ခု၏ ခြားနားခြင်းအရ ရငွေသည် သုံးငွေထက်ပိုပါက ပိုငွေဖြစ်ပြီး သုံးငွေသည် ရငွေထက်ပိုနေပါက လိုငွေအဖြစ် စာရင်းပေါ်ပါသည်။ စီးပွားရေးအကျိုးအမြတ်ကို ဦးတည်၍ ဆောင်ရွက်သည့်အဖွဲ့အစည်းမဟုတ်ပါက အနည်းနှင့်အများဆိုသလို လိုငွေပြနေမည်သာဖြစ်ပါ၏။ ပြန်ကြားရေးလည်း ဤနည်းနှင်နှင်ဖြစ်ပါသည်။

## ပြန်ကြားရေး ဘယ်လောက်သုံးသလဲ

ပြန်ကြားရေးဝန်ကြီးဌာန၏ သုံးစွဲမှုပမာဏကို ပိုမိုသိသာထင်ရှားစေရန် ဖော်ပြရသော် ယခင်နှစ်တွင် ပြန်ကြားရေးဝန်ကြီးဌာနတစ်ခုလုံး၏ အသုံးစရိတ်ပေါင်း ငွေကျပ် ၇၀ ဘီလီယံသည် ပြည်ထောင်စုရန်ပုံငွေတစ်ခုလုံး၏ သုံးစွဲခဲ့မှုပမာဏ ၂၀၅၀၀ ဘီလီယံကျော်နှင့်နှိုင်းယှဉ်ပါက **၀ ဒသမ ၃၃ ရာခိုင်နှုန်းခန့်သာရှိ** သည်ကို တွေ့ရှိရမည်ဖြစ်ပါသည်။ ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်မှ မျှတနိုင်သည့် ဘဏ္ဍာငွေအရအသုံးပေါ်မူတည်၍ လိုအပ်သည့်ပမာဏကိုသာ တင်ပြတောင်းခံခြင်းဖြစ်ကြောင်းနှင့် လိုငွေပမာဏကိုလည်း အတတ်နိုင်ဆုံးထိန်းသိမ်းဆောင်ရွက်နေကြောင်းကို ဖော်ပြလိုရင်းဖြစ်ပါသည်။

## လတ်တလောရေဘေး ပြန်ကြားရေးဘာလုပ်နေသလဲ

လတ်တလောရေဘေးကိစ္စတွင် ပြန်ကြားရေးအနေဖြင့် သတင်းထုတ်ပြန်မှုများ၊ အသိပညာပေးမှုများ၊ မိုးလေဝသဆိုင်ရာ အချက်အလက်များကို စဉ်ဆက်မပြတ် ဖော်ပြပေးလျက်ရှိပါသည်။ ဤနေရာတွင် နိုင်ငံပိုင်နှင့် ပုဂ္ဂလိကမီဒီယာများအပြင် နည်းပညာ ပြောင်းလဲတိုးတက်လာသည်နှင့်အမျှ တွင်ကျယ်လာသည့် အွန်လိုင်းကိုအသုံးချပြီး ပြည်သူတစ်ဦးချင်းစီကလည်း သဘာဝဘေးခံစားနေရမှု အဖုံဖုံ၊ ကူညီကယ်ဆယ်မှုများ ပြုလုပ်ပေးနေမှုအစုံစုံတို့အား အချိန်မဆိုင်းဘဲ လွှင့်တင်ဖော်ပြနေမှုများကို အားရကျေနပ်ဖွယ်တွေ့ရှိရပါသည်။ ပြည်သူ့အရေးကိုယ့်အရေး၊ ဒေသအရေးကိုယ့်အရေး၊ တိုင်းပြည်အရေး ကိုယ့်အရေးဟု အရေးတယူ တွေးပူတတ်ကြသည့် **မိသားစုစိတ်ဓာတ်**ကို အထူးမှတ်တမ်းတင် ဂုဏ်ပြုမိပါသည်။ တကယ်လည်း ကျွန်တော်တို့မြန်မာလူမျိုးဆိုသည်က အရေးကြီးလျှင် သွေးစည်းကြသည်၊ အရေးကြုံလျှင် သွေးဆုံကြသည်၊ အရေးပေါ်တိုင်း တုံ့မဆိုင်းဘဲ ကူညီရိုင်းပင်းတတ်ကြသည့် မြင့်မြတ်သောနှလုံးသားပိုင်ရှင်များ ဖြစ်ကြပါသည်။

ထိုသို့ဖော်ပြနေမှုများတွင် ပြန်ကြားရေးကရော မထုတ်လွှင့်ဘူးလား၊ နိုင်ငံ့ဘဏ္ဍာငွေသုံးနေပြီးအချိန်နှင့် တစ်ပြေးညီ မဖော်ပြနိုင်ဘူးလား စသည်ဖြင့် အားမလို အားမရဖြစ်နေကြသည်များလည်း ရှိပါသည်။ တကယ်တော့ ခေတ်စနစ်နှင့် ယနေ့လူနေမှုပုံစံများအရ ပြန်ကြားရေးက ဆောင်ရွက်နေမှုများကို အချို့က မှတ်မှတ်ထင်ထင် သတိမထားမိခြင်းဖြစ်မည်ဟု တွေးမိပါသည်။

## သုတ်သုတ်ခေတ်ကြီး

**စားသုတ်သုတ်၊ လာသုတ်သုတ်၊ သွားသုတ်သုတ်** ခေတ်ကြီးမှာ လူအများစုက ရုပ်မြင်သံကြားကိုလည်း ပုံမှန်မကြည့်နိုင်တော့ပါ၊ ရေဒီယိုကိုလည်း အသေအချာ နားမထောင်နိုင်တော့ပါ။ သတင်းစာများကိုလည်း အချိန်ပေးဖတ်နိုင်သူ ယခင်ကထက် နည်းပါးလာပြီဖြစ်ပါသည်။ အများစုက လက်ထဲအလွယ်တကူရှိနေသည့် လက်ကိုင်ဖုန်းများမှတစ်ဆင့်သာ သတင်းများကို သိရှိရယူနေကြပါသည်။ ထိုသို့သောအခြေအနေတွင် ပြန်ကြားရေးအနေဖြင့် သမားရိုးကျမီဒီယာများတွင် ဖော်ပြနေမှုများသာမက အွန်လိုင်းမီဒီယာများဖြစ်သော ပြန်ကြားရေးဝန်ကြီးဌာန၏ ဝက်ဘ်ဆိုက်၊ ဖေ့စ်ဘွတ်စာမျက်နှာများတွင် ဖြစ်ပျက်သမျှကို အတတ်နိုင်ဆုံး စောနိုင်သမျှစောစေရန် ကြိုးစားပြီး လွှင့်တင်ဖော်ပြပေးလျက်ရှိပါသည်။

တစ်ဖက်က ဒုက္ခရောက်နေသည်များကို ဖော်ပြရသလို တစ်ဖက်တွင်လည်း ကူညီမှုများ၊ ကယ်ဆယ်မှုများ၊ တစ်ပြိုင်တည်းမှာပင် သတိပြုလိုက်နာရမည့်အချက်များ၊ ထူးကဲမြစ်ရေသတင်း၊ ဆည်များ၏အခြေအနေအပါအဝင် မိုးလေဝသ သတင်းများကိုလည်း ဖော်ပြပေးလျက် ရှိပါသည်။ သို့သော် နိုင်ငံပိုင်မီဒီယာဖြစ်၍ အချို့သောအချက်များ အတည်ပြုနိုင်မှသာ ထုတ်ပြန်ရသည်မျိုးရှိသဖြင့် အနည်းနှင့် အများဆိုသလို နှောင့်နှေးကြန့်ကြာမှုမျိုးလည်း ရှိနေပါသည်။ သို့သော် မြေပြင်တွင် အမှန်တကယ်ဖြစ်နေပြီး အတည်ပြုချက်ရယူရန် မလိုသည့်ကိစ္စရပ်များကိုမူ အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ရေး ဖော်ပြပေးလျက်ရှိပါသည်။

လတ်တလော ဇွန် ၁ ရက်မှ ဇူလိုင် ၂၉ ရက် အထိ ပြန်ကြားရေးဝန်ကြီးဌာနမှ သဘာဝဘေးနှင့်ပတ်သက်သည့် ထုတ်လွှင့်ဖော်ပြမှုများကို ပြန်လည်ဆန်းစစ်ပါက မိုးလေဝသသတင်းများ၊ အသိပညာပေးမှုများအပါအဝင် တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်အတွင်းရှိ ရေဘေးသင့်ဒေသများ၏ အခြေအနေများကို ပြန်ကြားရေးဝန်ကြီးဌာန၏ MOI Webportal Myanmar ဖေ့စ်ဘွတ်စာမျက်နှာ၊ Myanmar Digital News ၏ Application နှင့် ဖေ့စ်ဘွတ်စာမျက်နှာများတွင် သတင်း ၆၃၀ ပုဒ်ခန့်ကို လည်းကောင်း၊ ရုပ်မြင်သံကြားနှင့် ရေဒီယိုများတွင် သဘာဝဘေးအန္တရာယ်ဆိုင်ရာနှင့် ပတ်သက်၍ အသိပေးကြေညာမှု ၃၁၁ ကြိမ် အပါအဝင် သတင်းထုတ်ပြန်မှု ၅၈၀ ခန့်ကို လည်းကောင်း၊ နိုင်ငံပိုင် သတင်းစာများတွင်လည်း သတင်း ၂၀၃ ပုဒ် အပြင် အသိပေးနှိုးဆော်ချက်၊ ခေါင်းကြီး၊ ဆောင်းပါး၊ သတင်း၊ ဓာတ်ပုံများကိုလည်းကောင်း စဉ်ဆက်မပြတ် ဖော်ပြပေးခဲ့ကြောင်း တွေ့ရှိရမည်ဖြစ်ပါသည်။ လက်ရှိတွင်လည်း ယင်းသတင်းများကို ကျယ်ကျယ်ပြန့်ပြန့် ထုတ်လွှင့်ဖော်ပြပေးလျက်ရှိပါသည်။

## ပြည်သူ့အတွက် မီဒီယာ

ယနေ့ခေတ်လို မီဒီယာအသစ်အဖြစ် အွန်လိုင်းမီဒီယာတွင်ကျယ်လာသောကာလတွင် သမားရိုးကျ မီဒီယာများဖြစ်သည့် ရုပ်သံ၊ ရေဒီယို၊ ပုံနှိပ်ကဏ္ဍများတွင် သာမက အွန်လိုင်းမီဒီယာများတွင် မီဒီယာကို ဆောင်ရွက်နေသူများသာမက ပြည်သူတစ်ဦးချင်းစီကပါ အကြောင်းအရာမျိုးစုံကို ချက်ချင်းဆိုသလို ထုတ်လွှင့်ဖော်ပြနိုင်မှုများကြောင့်လည်း သတင်းပျံ့နှံ့မှုများ လွယ်ကူလျင်မြန်လာကာ ပြည်သူများ၏ စိတ်ဝင်စားမှု၊ ဝေဖန်သုံးသပ်မှုနှင့် အကြံပြုမှု၊ ပူးပေါင်းပါဝင်ဆောင်ရွက်မှုများ ပိုမိုဖြစ်ပေါ်လာကြောင်း တွေ့ရှိရပါသည်။ ယင်းသည်ပင်လျှင် အပေါင်းလက္ခဏာ၏ ကောင်းမြတ်သော ဂုဏ်အင်္ဂါများဖြစ်ပါ၏။

နိုင်ငံပိုင်ပဲဖြစ်ဖြစ်၊ ပုဂ္ဂလိကပိုင်ပဲဆိုဆို မီဒီယာကို လုပ်ငန်းတစ်ခုအဖြစ် စနစ်တကျဆောင်ရွက်နေသူများ အနေဖြင့် အဓိကတာဝန်ဖြစ်သော **သတင်းမှန်ပြန်ကြားပေးခြင်း**ကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်သည်နှင့်အမျှ ပြည်သူများ၏ယုံကြည်အားကိုးမှု ပိုမိုရရှိလာမည်ဖြစ်ရာ ဆက်လက်ကြိုးစား လုပ်ဆောင်သွားရမည်သာ ဖြစ်ပါသည်။

သြော်**...** မီဒီယာ၊ ဘတ်ဂျက်၊ ရေဘေးနှင့် ပြန်ကြားရေးတို့ကို ဆက်စပ်တွေးမိရင်း **ပြည်သူ့အတွက် မီဒီယာများ** ပိုမိုဖြစ်ထွန်း ပေါ်ပေါက်ပါစေကြောင်း ဆုတောင်းမျှော်လင့်မိပါတော့သည်။

**သတင်းအမှန်**
**သိစေရန်**
**ကြံဆောင် ကြိုးပမ်းပြု။**
**ပြည်သူ့အသံ**
**ကြားစေရန်**
**ရည်သန် လုံ့လပြု။**
**(၃)ရပ် မဏ္ဍိုင်**
**တည့်မတ်ခိုင်**
**တူပြိုင် ထောက်ကူပြု။**
**အမျိုးသားမာန်**
**နိုးကြားရန်**
**ထက်သန် စေ့ဆော်ပြု။**
**နိုင်ငံလူမျိုး**
**ဘုံအကျိုး**
**တိုးတက် ရှေ့ဆောင်ပြု။ ။**

## စလင်း၌ လယ်ယာလုပ်ပိုင်ခွင့် ပုံစံ (၇) ထုတ်ပေး

**စလင်း ဩဂုတ် ၁** - မကွေးတိုင်းဒေသကြီး စလင်းမြို့ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အစည်းဝေးခန်းမ၌ ဇူလိုင် ၃၁ ရက်က စလင်းမြို့နယ် လယ်ယာမြေစီမံခန့်ခွဲမှုမှ ၂၀၁၈ ခုနှစ် ဇူလိုင်အတွင်း ပုံစံ (၇) ထုတ်ပေးရန် လျာထားခဲ့သည့် ကျေးရွာအုပ်စု ရှစ်အုပ်စုမှ တောင်သူပေါင်း ၃၇ ဦး ဦးပိုင်ပေါင်း ၄၄ ခုအား ထုတ်ပေးသည့် အခမ်းအနားကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဟိန်းဆက်နှင့် လယ်ယာမြေစီမံခန့်ခွဲမှုမှ အဖွဲ့ဝင်များ၊ တောင်သူများ တက်ရောက်ကြောင်း သိရသည်။

**စစ်ကြည်(စလင်း)**

# မြန်မာနိုင်ငံ လွှတ်တော်အဖွဲ့အစည်းအဝေး (၄/၂၀၁၈)ကျင်းပ



**နေပြည်တော် ဩဂုတ် ၁**

မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ (Myanmar Parliamentary Union) အစည်းအဝေး (၄/၂၀၁၈)ကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဆောင် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ဥပဒေကြမ်းနှစ်ခု တင်သွင်းဆွေးနွေးနေ**

ရှေးဦးစွာမြန်မာနိုင်ငံလွှတ်တော်အဖွဲ့ဥက္ကဋ္ဌ၊ ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် **(ယာပုံ)** က ယနေ့အစည်းအဝေး၏ ရည်ရွယ်ချက်အနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ စိစစ်ဆောင်ရွက်မှုလုပ်ငန်းစဉ်များနှင့် လွှတ်တော်ဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးရန်ဖြစ်ပါကြောင်း၊ ယခုကျင်းပနေသည့် ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နဝမပုံမှန် အစည်း အဝေးသည် ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ်၏ အမျိုးသားစီမံကိန်းဥပဒေကြမ်းနှင့် ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေကြမ်း နှစ်ခုကို တင်သွင်းခဲ့ပြီး ဆွေးနွေး နေဆဲကာလအချိန် ဖြစ်ပါကြောင်း။

တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဒေသန္တရစီမံကိန်းနှင့် နှစ်စဉ် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းကို စိစစ်ပြဋ္ဌာန်းရာတွင် အချိန်သတ်မှတ်ချက်များမပါရှိသည့်အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်များတွင်လည်း ဘဏ္ဍာငွေအရအသုံး ရေးဆွဲတင်ပြခြင်းဆိုင်ရာ ဥပဒေကို ရေးဆွဲပြဋ္ဌာန်းပေးရန် လိုအပ်လာပြီဟု သုံးသပ်ရရှိပါကြောင်း၊ ထို့ကြောင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်အတူ စီမံကိန်း ရေးဆွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ရသုံးမှန်းခြေငွေ စာရင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့ငွေစာရင်း ပူးပေါင်းရေးကော်မတီမှ ဒုတိယဥက္ကဋ္ဌများအားလုံး ဝိုင်းဝန်း ဆွေးနွေးပေးကြရန် ဖိတ်ခေါ်ပါကြောင်း။

**ဝိုင်းဝန်းညှိနှိုင်းဆွေးနွေးပေး**

ဥပဒေပြုရေးနှင့်ပတ်သက်၍လည်း ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်အနေဖြင့် ပကတိဖြစ်ပျက်နေသည့် အနေအထားများကိုလည်း သုံးသပ်တင်ပြသွားရန် စီစဉ်ထားပါကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌများအနေဖြင့်လည်း ပွင့်ပွင့်လင်းလင်း ဝိုင်းဝန်း ညှိနှိုင်းဆွေးနွေးပေးကြရန် ဖိတ်ခေါ်ပါကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဘတ်ဂျက်ကို လွှတ်တော်မှ စိစစ်ရာတွင် အချိန်မလုံလောက်၍ အခက်အခဲတွေ့ရသည်ကို သိရပါကြောင်း၊ ပြည်ထောင်စုလွှတ်တော်တွင် အမျိုးသားစီမံကိန်းဥပဒေကြမ်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းများကို စိစစ်ရန်အတွက် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံး ရေးဆွဲတင်ပြခြင်းဆိုင်ရာ ဥပဒေကို ပြဋ္ဌာန်းထားပြီးဖြစ်ပါကြောင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့မှ လွှတ်တော်သို့ တင်ပြရမည့် နေ့ရက်၊ လွှတ်တော်စိစစ်ရေးအဖွဲ့များက တင်ပြရမည့် နေ့ရက်များကို သတ်မှတ်ထားပါကြောင်း၊ ထို့ပြင် ပြည်သူ့ငွေစာရင်းပူးပေါင်း ကော်မတီနှင့် ဥပဒေကြမ်း ပူးပေါင်းကော်မတီတို့က လွှတ်တော်သို့ အစီရင်ခံစာများ တင်သွင်းရက်ကိုလည်း သတ်မှတ်ထားပြီးဖြစ်ပါကြောင်း၊ သို့မှသာ လွှတ်တော်တွင် ကျယ်ကျယ်ပြန့်ပြန့်ဆွေးနွေးရန် အချိန်ရပြီး အတည်ပြုပေးရမည် ဖြစ်ပါကြောင်း၊ မိမိတို့ဘက်မှ အတည်ပြုရန် နောက်ကျသွားလျှင် တိုင်းဒေသကြီးနှင့် ပြည်နယ်တွင် အခက်အခဲဖြစ်ရသည်ကို သိရပါကြောင်း ပြောကြားသည်။

**လုပ်ငန်းဆောင်ရွက်မှု ရှင်းလင်းတင်ပြ**

ယင်းနောက် မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ အတွင်းရေးမှူး၊ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ဦးထွန်းထွန်းဟိန်က အစည်းအဝေး (၃/၂၀၁၈) ဆုံးဖြတ်ချက်များအပါအဝင် လွှတ်တော်လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ အဖွဲ့ဝင် အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်က လွှတ်တော်ဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဝိုင်းဝန်း ပူးပေါင်းဆောင်ရွက်ရန်နှင့် လွှတ်တော်လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် မြန်မာနိုင်ငံ လွှတ်တော်အဖွဲ့ရုံး အဖွဲ့မှူး၊ ပြည်ထောင်စုလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်က တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်များ၏ ဘဏ္ဍာငွေရေးဆွဲ တင်ပြခြင်းဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းနှင့် ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းတို့က တိုင်းဒေသကြီး၊ပြည်နယ် ဒေသန္တရစီမံကိန်းနှင့် နှစ်စဉ် ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေကြမ်းတင်သွင်းခြင်းလုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးကြသည်။

**ရှင်းလင်းဆွေးနွေး**

ဆက်လက်၍ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ စီမံကိန်း ရေးဆွဲရေးဦးစီးဌာနနှင့် ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများ၊ ပြည်သူ့ငွေစာရင်း ပူးပေါင်း ကော်မတီ ဒုတိယဥက္ကဋ္ဌတို့က ရှင်းလင်းဆွေးနွေးကြသည်။

ဆက်လက်ပြီး ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်က ပြည်ထောင်စုလွှတ်တော်နှင့် တိုင်းဒေသကြီး၊ ပြည်နယ် လွှတ်တော်တို့က ပြဋ္ဌာန်းသည့် ဥပဒေများဆန့်ကျင်မှု၊ ကွဲလွဲမှု၊ မညီညွတ်မှု မဖြစ်ပေါ်စေရေးတို့ကို ရှင်းလင်းဆွေးနွေးသည်။

**ဖြည့်စွက်မှာကြား**

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယကနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့က သက်ဆိုင်ရာတိုင်းဒေသကြီး နှင့် ပြည်နယ်အလိုက် တင်ပြဆွေးနွေးချက်များအပေါ် ပြန်လည် ရှင်းလင်း၍ လိုအပ်သည်များ ဖြည့်စွက်မှာကြားပြီး နိဂုံးချုပ် အမှာစကားပြောကြားသည်။

**သတင်းစဉ်**



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် ဂျပန်နိုင်ငံ လွှတ်တော်ရေးရာ တရားရေး ဒုတိယဝန်ကြီး **H.E. Mr. Takashi Yamashita** အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ သတင်းစဉ်

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် ဂျပန်နိုင်ငံ လွှတ်တော်ရေးရာ တရားရေး ဒုတိယဝန်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဩဂုတ် ၁**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်သည် ဂျပန်နိုင်ငံ လွှတ်တော်ရေးရာ တရားရေး ဒုတိယဝန်ကြီး H.E. Mr. Takashi Yamashita အား ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ဂျပန်-မြန်မာ နှစ်နိုင်ငံအစိုးရအချင်းချင်း၊ လွှတ်တော်အချင်းချင်း၊ ပြည်သူအချင်းချင်း ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု ပိုမိုမြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များ၊ ဂျပန်နိုင်ငံ တရားရေးဝန်ကြီးဌာနအနေဖြင့် တရားရေးနှင့် ဥပဒေရေးရာကိစ္စရပ်များတွင် မြန်မာနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးကိစ္စရပ်များ၊ ဈေးကွက်စီးပွားရေးစနစ် ဖွံ့ဖြိုးတိုးတက်ရန်နှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရန်အတွက် အထောက်အကူပြုမည့် တရားစီရင်ရေးဆိုင်ရာ အခြေခံ အဆောက်အအုံပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်နှင့် စပ်လျဉ်း၍ ဆောင်ရွက်နေမှုကိစ္စရပ်များ၊ လွှတ်တော်၏ ဥပဒေပြုရေး ဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်း ဖလှယ် ဆွေးနွေးခဲ့ကြသည်။

အဆိုပါ တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်၊ ပြည်သူ့လွှတ်တော်၊ တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီဥက္ကဋ္ဌ ဦးအောင်တင်လင်း၊ အတွင်းရေးမှူး ဦးလှသန်းနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

# တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင် နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် ဩဂုတ် ၁**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းနေသည်။

စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရှစ်ပေမှ ၁၂ ပေခန့် ရှိနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ်ထစ်ချုန်းရွာမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့်ထစ်ချုန်းရွာမည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းနေမည်။

**မိုး/ဇလ**



လယ်ဝေးမြို့နယ် အထက(၅) အေလာတွင် ဇူလိုင် နောက်ဆုံးပတ်က ကျောင်းကွင်းဆင်း ပြုလုပ်သော နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲတွင် နေပြည်တော် လဝကဦးစီးမှူး (ညွှန်ကြားရေးမှူး) ဦးထိန်ဝင်းက ကျောင်းသားတစ်ဦးအား နိုင်ငံသားစိစစ်ရေး ကတ်ပြား ပေးအပ်စဉ်။ မြို့နယ်(ပြန်/ဆက်)



ပြည်ထောင်စုဝန်ကြီးဒေါက်တာဖေမြင့် ရှင်းလင်းတင်ပြစဉ်။



ပြည်ထောင်စုဝန်ကြီးသူရဦးအောင်ကို ရှင်းလင်းတင်ပြစဉ်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး ရှင်းလင်းတင်ပြစဉ်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ရှင်းလင်းတင်ပြစဉ်။



မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင် ရှင်းလင်းတင်ပြစဉ်။

◆ *ကျောဖုံးမှ*

ယင်းလုပ်ငန်း တာဝန်များကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော် (မန္တလေး) ကျင်းပရေးလုပ်ငန်းကော်မတီကို ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးဆောင်၍ ၁၇ ဦးဖြင့် ဖွဲ့စည်းခဲ့ပြီး အတွင်းရေးမှူးများအဖွဲ့နှင့် ဆပ်ကော်မတီ ၁၄ ခုကို ဖွဲ့စည်း၍ လုပ်ငန်းများဆောင်ရွက်လျက်ရှိပါကြောင်း၊ လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်ကျင်းပရသည့် ရည်ရွယ်ချက်မှာ "မြန်မာလူငယ်တွေရဲ့ အသိပညာ၊ အတတ်ပညာနဲ့ ကျင့်ဝတ်တန်ဖိုးအပါအဝင် ဗလ ငါးတန်မြှင့်တင်ပေးနိုင်ရေးနဲ့ အနာဂတ်မြန်မာ့လူ့ဘောင်အဖွဲ့အစည်းကို လူငယ်တွေရဲ့ အတွေးအမြင်ကောင်းတွေ၊ အရည်အသွေးကောင်းတွေနဲ့ အကောင်အထည်ဖော် တည်ဆောက်နိုင်ဖို့" ဖြစ်ပါကြောင်း။

**လူငယ်မျိုးဆက်သစ်များ ပျိုးထောင်**

မြန်မာ့လူ့အဖွဲ့အစည်းကို လွတ်လပ်မှု (Freedom)၊ ဖွံ့ဖြိုးတိုးတက်မှု (Development)နှင့် ကြွယ်ဝချမ်းသာမှု (Prosperity) ဆိုသည့် အခြေခံတန်ဖိုးများဖြင့် ဖန်တီး တည်ဆောက်လျက်ရှိပါကြောင်း၊ ထိုသို့တည်ဆောက်နိုင်ရန်အတွက် အဓိကကျသည့် လိုအပ်ချက်မှာ မိမိတို့၏ အနာဂတ် လူ့အဖွဲ့အစည်းကို ပုံကိုင်ဖန်တီးကြမည့် လူငယ်မျိုးဆက်သစ်များကို ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တ၊ ဘောဂဆိုသည့် ဗလငါးတန် မြှင့်တင်ပေးနိုင်ရေး ပြုစုပျိုးထောင်ပေးရန်ဖြစ်ပါကြောင်း၊ ကမ္ဘာ့နိုင်ငံအသီးသီးကို ပြန်ကြည့်ပါက နိုင်ငံတိုင်းတွင် မိမိတို့၏ အနာဂတ်လူ့ဘောင်အတွက် လူငယ်မျိုးဆက်သစ်များကို အားပေးမြှင့်တင်၍ လူသားအရင်းအမြစ် ရင်းနှီးမြှုပ်နှံမှုများအဖြစ် အင်တိုက်အားတိုက် ဆောင်ရွက်နေကြသည်ကို အားလုံးတွေ့မြင်ရမည်ဖြစ်ပါကြောင်း။

ပထမအကြိမ် လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်ကို ရန်ကုန်တက္ကသိုလ်အတွင်း၌ ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၁ ရက်မှ ၃ ရက် အထိ အောင်မြင်စွာ ကျင်းပခဲ့ပါကြောင်း၊ အဆိုပါပွဲတော်တွင် တက္ကသိုလ်၊ ကောလိပ်အသီးသီးမှ ကျောင်းသားကျောင်းသူများ၊ လူမှုအဖွဲ့အစည်းအသီးသီးမှ လူငယ်များ၊ တက္ကသိုလ်ကျောင်းသားဟောင်းများ၊ တက္ကသိုလ်မှ ဘာသာရပ်ဆိုင်ရာ အသင်းအဖွဲ့များအားလုံး ပါဝင်ဆင်နွှဲခဲ့ကြသည့်အတွက် မျိုးဆက်ဟောင်းနှင့် မျိုးဆက်သစ်များအကြား ချိတ်ဆက်ဆောင်ရွက်ပေးနိုင်သော အောင်မြင်သည့် ပွဲတော်တစ်ခုအဖြစ်လည်း မြင်တွေ့ခဲ့ကြရပါကြောင်း။

**လူငယ်များ၏ စကားဝိုင်းဆွေးနွေး**

ထို့ပြင် အခြေခံပညာကျောင်းသားကျောင်းသူများ၏ ပြခန်းများ၊ တက္ကသိုလ်၊ ကောလိပ်အသီးသီးမှ ပြခန်းများကို စနစ်တကျပြင်ဆင် ခင်းကျင်းပြသထားသည်ကို တွေ့ရှိရပြီး လူငယ်များ၏ စကားဝိုင်းဆွေးနွေးပွဲများ၊ အနုပညာလှုပ်ရှားမှုများ၊ အားကစားလှုပ်ရှားမှုများနှင့် တေးသီချင်း သီဆိုသံများသည် ပွဲတော်ကို ပိုမိုသက်ဝင်လှုပ်ရှားစေခဲ့သည့်အတွက် မိမိတို့အနေဖြင့် ကြည်နူးဝမ်းမြောက်ရပြီး ကျင်းပပေးနိုင်ခဲ့မှုအပေါ်တွင်လည်း အားရကျေနပ် ဂုဏ်ယူရပါကြောင်း။

ယခုပြုလုပ်မည့်ပွဲတော်တွင် စာပေဆိုင်ရာလှုပ်ရှားမှု၊ အနုပညာဆိုင်ရာလှုပ်ရှားမှု၊ အားကစားဆိုင်ရာလှုပ်ရှားမှု၊ IT နှင့် သိပ္ပံနည်းပညာဆိုင်ရာလှုပ်ရှားမှုများ ပါဝင်မည်ဖြစ်ပါကြောင်း၊ ထို့ပြင် စာအုပ်ဈေးရောင်းပွဲတော်၊ လူငယ်ဆိုင်ရာ အသိပညာပေးအစီအစဉ်၊ ဆွေးနွေးပွဲ၊ အဆို၊ အက၊ အတီးများနှင့် ဖျော်ဖြေမှုအစီအစဉ်များကို ကဏ္ဍအလိုက် ထည့်သွင်းဆောင်ရွက်ထားခြင်းဖြစ်သည့်အတွက် များစွာတာဝန်ကြီးမားခြင်းကြောင့် လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများအနေဖြင့် သက်ဆိုင်ရာကဏ္ဍအလိုက် လစ်ဟာမှုမရှိအောင် စနစ်တကျ ပူးပေါင်းဆောင်ရွက်သွားကြစေလိုပါကြောင်း။

ထို့ကြောင့် ယခုပွဲတော်တွင် ပါဝင်မည့် လှုပ်ရှားမှုများကို ရွေးချယ်ရာ၌ ဆန်းသစ်မှု၊ လူငယ်များနှင့်ရင်းနှီးကျွမ်းဝင်မှု၊ လူငယ်များကိုအခြေခံမှု၊ လူငယ်များက ဦးဆောင်နိုင်မှုနှင့် အားလုံးပါဝင်နိုင်မှုများကို အခြေခံစဉ်းစား ဆောင်ရွက်ပေးကြရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ ယနေ့အချိန်ကာလသည် နိုင်ငံတော်အစိုးရအနေဖြင့် လူငယ်များ၏စွမ်းပကားတိုးတက်မြင့်မားလာစေရန် ဘက်ပေါင်းစုံမှ အားပေးမြှင့်တင် ဆောင်ရွက်ပေးနေချိန် ဖြစ်ပါကြောင်း၊ ယနေ့လူငယ်များသည် အနာဂတ်နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရန်အတွက် ကြီးမားသည့် မောင်းနှင်အားများ ဖြစ်ပါကြောင်း။

ပွဲတော်နှင့်ပတ်သက်၍ ပြည်သူလူထုကို အသိပေးလှုံ့ဆော်သော Theme Song ကို ရုပ်မြင်သံကြား၊ သတင်းစာများနှင့် ရေဒီယိုများတွင်လည်း ဖော်ပြပေးနေသည်ကို တွေ့ရှိရပါကြောင်း၊ ယခုကဲ့သို့ လူငယ်များ ဖွံ့ဖြိုးတိုးတက်လာစေရန် ဆောင်ရွက်ပေးခြင်းသည် အနာဂတ်နိုင်ငံတော်ကြီး ဖွံ့ဖြိုး တိုးတက်ရန်အတွက် တစ်ဖက်တစ်လမ်းက ကူညီပံ့ပိုးပေးခြင်းဖြစ်သည်နှင့်အညီ စိတ်ကောင်း စေတနာကောင်းများနှင့် ဝိုင်းဝန်း ပူးပေါင်းဆောင်ရွက်ပေးကြပါဟု တိုက်တွန်းလိုပါကြောင်း။

ယခုကျင်းပမည့်ပွဲတော်ကို စည်ကားသိုက်မြိုက်စွာဖြင့် အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် တက်ရောက်လာကြသည့် တာဝန်ရှိသူများအနေဖြင့် သက်ဆိုင်ရာကဏ္ဍများအလိုက် ဆောင်ရွက်နေမှုအခြေအနေများ၊ တွေ့ကြုံရသည့် အခက်အခဲများနှင့်လိုအပ်သည့် အကြံပြုချက်များကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးပေးကြစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ပွဲတော်ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော် ကျင်းပနိုင်ရေးအတွက် အစည်းအဝေးများ ဆောင်ရွက်ခဲ့မှုအခြေအနေများ၊ ပွဲတော်ကျင်းပရခြင်း ရည်ရွယ်ချက်များနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

**လူငယ်ရေးရာမူဝါဒဆိုင်ရာ ကိစ္စရပ်များတင်ပြ**

ယင်းနောက် ပွဲတော်ကျင်းပရေးဦးစီးကော်မတီ ဒုတိယ ဥက္ကဋ္ဌများဖြစ်ကြသည့် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ပွဲတော်တွင် ပိုမိုပြည့်စုံစေရန် အတွက် IT ကဏ္ဍဖြည့်စွက်ရန်အတွက် အကြံပြုချက်များကို လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ပွဲတော် အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကဏ္ဍအလိုက်ဆောင်ရွက်ထားရှိမှုများ၊ ဆက်လက်ဆောင်ရွက်မည့် အစီအမံများနှင့် စပ်လျဉ်း၍ လည်းကောင်း၊ ပွဲတော်ကျင်းပရေးဦးစီးကော်မတီဝင်များဖြစ်ကြသည့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက ဖျော်ဖြေရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှုအခြေအနေများကိုလည်းကောင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည် နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေးက လူငယ်ရေးရာမူဝါဒဆိုင်ရာကိစ္စရပ်များနှင့် အသိပညာပေးအစီအစဉ်များ နှင့်စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှုအခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြ ကြသည်။

ဆက်လက်၍ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ မြလေးစိန်၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်သူတို့က သက်ဆိုင်ရာ ကဏ္ဍအလိုက် ဆောင်ရွက်ထားရှိမှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြ ကြသည်။

**အကြံပြုချက်များ ရှင်းလင်း**

ထို့နောက် ပွဲတော်ကျင်းပရေး ဦးစီးကော်မတီတွဲဖက်အတွင်းရေးမှူး (၁) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က ရှင်းလင်းတင်ပြပြီး လုံခြုံရေးဆပ်ကော်မတီ၊ အားကစားဆိုင်ရာ လှုပ်ရှားမှုဆပ်ကော်မတီ၊ အနုပညာဆိုင်ရာ လှုပ်ရှားမှုဆပ်ကော်မတီ၊ IT နည်းပညာဆိုင်ရာ လှုပ်ရှားမှုဆပ်ကော်မတီ၊ ပြပွဲပြိုင်ပွဲများ ကျင်းပရေးဆပ်ကော် မတီ၊ ကျန်းမာရေး ဆပ်ကော်မတီ၊ စာရင်းစစ်ဆေးရေးဆပ်ကော်မတီ၊ အခမ်းအနားပြင်ဆင်ရေး ဆပ်ကော်မတီ၊ ဖိတ်ကြား ရေးနှင့်ကြိုဆို နေရာချထားရေး ဆပ်ကော်မတီ၊



ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင် ရှင်းလင်းတင်ပြစဉ်။

ဧည့်ခံကျွေးမွေးရေး ဆပ်ကော်မတီ၊ သယ်ယူပို့ဆောင်ရေး ဆပ်ကော်မတီနှင့် ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီတို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက ဆပ်ကော်မတီအလိုက် လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်(မန္တလေး) အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဆောင်ရွက်ထားရှိမှုများ၊ လုပ်ငန်းလိုအပ်ချက်များနှင့် အကြံပြုချက်များကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယသမ္မတက တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **သတင်းစဉ်**

# မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ၂၀၁၇ နှင့် အီလက်ထရောနစ်မှတ်ပုံတင်စနစ် ထုတ်လွှင့်ကြောင်း ကြေညာခြင်း အခမ်းအနားကျင်းပ

**ရန်ကုန် ဩဂုတ် ၁**

ပုဂ္ဂလိကကဏ္ဍ စီးပွားရေးဆိုင်ရာအဖွဲ့အစည်းများ၊ ကုမ္ပဏီများအတွက် အခြေခံကျသည့် ဥပဒေမူဘောင်တစ်ခုဖြစ်သော မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေ၂၀၁၇ သည် ဩဂုတ် ၁ ရက်တွင် စတင် အာဏာတည်မည်ဖြစ်သဖြင့် ယင်းဥပဒေ အာဏာစတင်တည်မည့် အထိမ်းအမှတ်ကြေညာခြင်း အခမ်းအနားကို ယနေ့တွင် ရန်ကုန်မြို့ Melia Hotel ၌ ကျင်းပရာ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းနှင့် ဌာနဆိုင်ရာအရာရှိများ၊ ဖွံ့ဖြိုးမှု မိတ်ဖက်အဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ ပြည်တွင်း၊ ပြည်ပစီးပွားရေးလုပ်ငန်းရှင်များ၊ ဥပဒေအကျိုးဆောင်များနှင့် မီဒီယာများ တက်ရောက်ခဲ့သည်။




အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းက မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေသည် စီးပွားရေးကဏ္ဍတစ်ခုလုံး ဖွံ့ဖြိုးတိုးတက်မှုကို ဆောင်ကြဉ်းလာမည့် ဥပဒေဆိုင်ရာ ပြောင်းလဲမှုတစ်ခုဖြစ်ကြောင်း၊ ကုမ္ပဏီများအတွက် လုပ်သာကိုင်သာရှိမှုနှင့် ဥပဒေကို လိုက်နာရမည့် ဝန်ထုပ်ဝန်ပိုးများ မဖြစ်အောင် ရည်ရွယ်ပြင်ဆင်ထားခြင်းကြောင့် ကုမ္ပဏီလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာမှုနှင့်အတူ တိုင်းပြည်စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း၊ စီးပွားရေးကဏ္ဍ အခြေခံကျသော ဥပဒေတစ်ခုကျင့်သုံးနိုင်ရန်နှင့် အီလက်ထရောနစ်မှတ်ပုံတင်စနစ် အကောင်အထည်ဖော်နိုင်ရန် ပြင်ဆင်ဆောင်ရွက်ပေးပါသော သက်ဆိုင်ရာ ပုဂ္ဂိုလ်များကို မှတ်တမ်းတင်အပ်ကြောင်း၊ ဤ ကုမ္ပဏီမှတ်ပုံတင်စနစ်သစ်ကို အခြေခံ၍ စီးပွားရေးလုပ်ငန်းစဉ် တစ်လျှောက်လုံးတွင်ရှိသော ဆက်စပ်အစိုးရဌာန အဖွဲ့အစည်းများနှင့်လည်း ပိုမိုညှိနှိုင်းဆောင်ရွက်၍ စီးပွားရေးဝန်းကျင်တစ်ခုလုံး ချောမွေ့အောင် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်နိုင်ဦးက မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေ ၂၀၁၇ သည် ပွင့်လင်းမြင်သာမှုကို အခြေခံထားပြီး ကုမ္ပဏီမှတ်ပုံတင်လုပ်ငန်းစဉ်များနှင့် ဥပဒေကို လိုက်နာဆောင်ရွက်ရသော ကုမ္ပဏီများအတွက် လွယ်ကူသက်သာစေရန် ဆောင်ရွက်ပေးထားကြောင်း၊ ဥပဒေဆိုင်ရာ ပြုပြင်ပြောင်းလဲမှုကို ဆောင်ရွက်ရာတွင် မူဝါဒအရ ပြောင်းလဲဆောင်ရွက်ခြင်းများအပြင်၊ လုပ်ငန်းစဉ်များဆိုင်ရာ ပြောင်းလဲမှုများအတွက် မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေတွင် တွေ့မြင်နိုင်မည် ဖြစ်ကြောင်း၊ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ထူးခြားပြောင်းလဲမှုများသည် စီးပွားရေးအဖွဲ့အစည်းများအတွက် အခွင့်အလမ်းများ ပိုမိုရရှိအောင် လမ်းဖွင့်ပေးထားခြင်း ဖြစ်ကြောင်း၊ ဒီအခွင့်အလမ်းများကို အမိအရဖမ်းဆုပ်နိုင်ရန် တိုက်တွန်းလိုပါကြောင်း၊ ဥပဒေအရ ကုမ္ပဏီများအပေါ် ကြီးကြပ်ဆောင်ရွက်ရာတွင် ယနေ့ခေတ်နည်းပညာ အထောက်အပံ့ဖြင့် ဆောင်ရွက်ထားသဖြင့် လိုက်နာသူများဘက်မှ လွယ်ကူသလို၊ ကြီးကြပ်ဆောင်ရွက်သူများဘက်မှ သေချာမှုကို ရရှိစေမည် ဖြစ်ကြောင်း၊ ဤ လုပ်ငန်းစဉ်သည် နိုင်ငံတကာ အလေ့အထတစ်ခုဖြစ်သဖြင့် လိုက်နာဆောင်ရွက်သူများအဖို့ အကျွမ်းတဝင်ရှိမည်ဖြစ်ကြောင်း၊ ဥပဒေသစ်အရ နိုင်ငံခြားငွေ အရင်းအနှီးများ ပိုမိုထည့်ဝင်နိုင်အောင် လမ်းဖွင့် ပေးထားခြင်းကြောင့်လည်း နိုင်ငံသားများနှင့် ပူးပေါင်းဆောင်ရွက်သည့် အလေ့အထကောင်းများမှ တစ်ဆင့် စီးပွားရေးဖွံ့ဖြိုး တိုးတက်စေရန် အရှိန်အဟုန်ကောင်း တစ်ခုရရှိနိုင်မည် ဖြစ်ကြောင်း၊ ဥပဒေတွင်ကော်ပိုရိတ်စီမံအုပ်ချုပ်မှု အလေ့အထကောင်းများ ပါဝင်ခြင်း၊ ဥပဒေအရ ကုမ္ပဏီ ဒါရိုက်တာအဖွဲ့၏ တာဝန်ဆိုင်ရာ ပြဋ္ဌာန်းချက်များ၊ တာဝန်ရှိမှုများကို ရှင်းလင်း လွယ်ကူစွာ ဆောင်ရွက်ထားသဖြင့် အနာဂတ်မြန်မာနိုင်ငံ စီးပွားရေး ဝန်းကျင်တစ်ခုလုံးသည် နည်းမှန် လမ်းမှန်ဖြင့် အောင်မြင်တိုးတက်မှု ရရှိနိုင်မည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် အစီအစဉ်အရ ညွှန်ကြားရေးမှူး ဦးမျိုးမင်းက အီလက်ထရောနစ်မှတ်ပုံတင် စနစ် MyCO နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ပြီး ကုမ္ပဏီမှတ်ပုံတင်ဆောင်ရွက်နိုင်မည့် လုပ်ငန်းစဉ်များကို သရုပ်ပြ ရှင်းလင်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အခွန်အယူခံခုံအဖွဲ့ဥပဒေပြဋ္ဌာန်း

## အခွန်အယူခံခုံအဖွဲ့ဥပဒေ

(၂၀၁၈ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၃ ။)

၁၃၈၀ ပြည့်နှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၅ ရက်

(၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၁ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အခန်း(၁)
### အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို အခွန်အယူခံခုံအဖွဲ့ ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **အခွန်** ဆိုသည်မှာ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေအရ ပြည်ထောင်စုအစိုးရကပြည်ထောင်စုအတွက် ကောက်ခံသည့် အခွန်၊ အခ၊ လိုင်စင်ကြေး၊ ပါမစ်ကြေးနှင့် ဒဏ်ကြေးငွေများကို ဆိုသည်။ ယင်းစကားရပ်တွင် ပြည်ထောင်စု၏ အခွန်အကောက် ဥပဒေ ဇယား (၁) ပါအခွန်အကောက်အားလုံးနှင့် အကောက်ခွန်တို့ ပါဝင်သည်။

(ခ) **ခုံအဖွဲ့** ဆိုသည်မှာ ဤဥပဒေအရဖွဲ့စည်းသော အခွန်အယူခံခုံအဖွဲ့ကို ဆိုသည်။ ယင်းစကားရပ်တွင်အမှုများကို ကြားနာစစ်ဆေးရန် အဖွဲ့ဝင်သုံးဦးဖြင့်ဖြစ်စေ၊ စုံညီခုံအဖြစ်ဖြစ်စေ ဖွဲ့စည်းသည့် အဖွဲ့များလည်း ပါဝင်သည်။

(ဂ) **ဥက္ကဋ္ဌ** ဆိုသည်မှာ ဤဥပဒေအရ အစိုးရအဖွဲ့ကတာဝန်ပေးအပ်သော ခုံအဖွဲ့၏ ဥက္ကဋ္ဌကို ဆိုသည်။

(ဃ) **အဖွဲ့ဝင်** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော အခွန်အယူခံ ခုံအဖွဲ့၏ အဖွဲ့ဝင်ကို ဆိုသည်။

(င) **ခုံအဖွဲ့ခေါင်းဆောင်** ဆိုသည်မှာ အဖွဲ့ဝင်သုံးဦးပါဝင်သော ခုံအဖွဲ့တွင် ဥက္ကဋ္ဌက တာဝန်ပေးအပ်သော အဖွဲ့ခေါင်းဆောင်ကိုဆိုသည်။

(စ) **ခုံအဖွဲ့ရုံး** ဆိုသည်မှာ ခုံအဖွဲ့၏ ရုံးလုပ်ငန်းများကို ဆောင်ရွက်ရန် တည်ထောင်ထားသော အခွန်အယူခံခုံအဖွဲ့ရုံးကို ဆိုသည်။

(ဆ) **ညွှန်ကြားရေးမှူးချုပ်** ဆိုသည်မှာ ခုံအဖွဲ့ရုံး၏ ညွှန်ကြားရေးမှူးချုပ်ကို ဆိုသည်။

(ဇ) **ဒုတိယညွှန်ကြားရေးမှူးချုပ်** ဆိုသည်မှာ ခုံအဖွဲ့ရုံး၏ ဒုတိယ ညွှန်ကြားရေးမှူးချုပ်ကို ဆိုသည်။

(ဈ) **မှတ်ပုံတင်အရာရှိ** ဆိုသည်မှာ ခုံအဖွဲ့ရုံးက အခွန်အယူခံဆိုင်ရာ အမှုတွဲများကို မှတ်ပုံတင်ရန် သတ်မှတ်တာဝန်ပေးထားသည့် ဦးစီးအရာရှိ အဆင့်အောက်မနိမ့်သော နိုင်ငံ့ဝန်ထမ်းကို ဆိုသည်။

(ည) **အမှု** ဆိုသည်မှာ ဤဥပဒေအရ တင်သွင်းလာသော အယူခံမှု၊ ပြင်ဆင်မှု၊ ပြန်လည်သုံးသပ်မှု သို့မဟုတ် လွှဲအပ်မှုကို ဆိုသည်။

(ဋ) **အယူခံမှု** ဆိုသည်မှာ သက်ဆိုင်ရာ ပြည်တွင်းအခွန်များကို တာဝန်ယူကောက်ခံသည့် ဌာနများကချမှတ်သည့် အခွန်ဆိုင်ရာ အမိန့်ကို မကျေနပ်၍ သော်လည်းကောင်း၊ အကောက်ခွန်ဦးစီး ဌာနက ချမှတ်သည့် အခွန်ဆိုင်ရာအမိန့်ကိုမကျေနပ်၍ သော်လည်းကောင်း၊ အစိုးရအဖွဲ့က အခါအားလျော်စွာ အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ တာဝန်ပေးအပ်ခြင်းခံရသော အစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းတစ်ခုခုက ချမှတ်သည့် အခွန်ဆိုင်ရာ အပြီးသတ်ဆုံးဖြတ်ချက်တစ်ခုခုအပေါ် မကျေနပ်၍ သော်လည်းကောင်း ခုံအဖွဲ့ထံ အယူခံသည့်အမှုကို ဆိုသည်။

(ဌ) **ပြင်ဆင်မှု** ဆိုသည်မှာ ခုံအဖွဲ့က ချမှတ်သည့်အမိန့်တွင် အမှုအကြောင်းခြင်းရာနှင့် ပတ်သက်၍ နစ်နာသူကဥပဒေနှင့်အညီ ပြန်လည်စိစစ်ပြင်ဆင်ပေးရန်ခုံအဖွဲ့သို့ ပြန်လည်တင်ပြသည့် အမှုကို ဆိုသည်။

(ဍ) **ပြန်လည်သုံးသပ်မှု** ဆိုသည်မှာ ဆုံးဖြတ်ချက်ချမှတ်ခြင်းခံရသူ တစ်ဦးဦးသည် ခုံအဖွဲ့ကချမှတ်ခဲ့သည့် ဆုံးဖြတ်ချက်တစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ ပြန်လည်သုံးသပ်ပေးပါရန် ခုံအဖွဲ့သို့ပင် ပြန်လည် လျှောက်ထားသည့်အမှုကို ဆိုသည်။

(ဎ) **လွှဲအပ်မှု** ဆိုသည်မှာ ခုံအဖွဲ့သို့ တင်သွင်းလာသည့် အမှုတွင် ဥပဒေကြောင်းအရ ဖြေရှင်းရမည့်ကိစ္စဖြစ်သဖြင့် စုံညီခုံအဖွဲ့က ကြားနာစိစစ်ပြီးနောက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ လွှဲအပ်ပေးပို့သည့် အမှုကို ဆိုသည်။

(ဏ) **သတ်မှတ်ပုံစံ** ဆိုသည်မှာ ခုံအဖွဲ့က ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများဖြင့်အမှုများ တင်သွင်းလျှောက်ထားရန် သတ်မှတ်သည့်ပုံစံကိုဆိုသည်။

(တ) **အစိုးရအဖွဲ့** ဆိုသည်မှာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ကို ဆိုသည်။

### အခန်း(၂)
### ရည်ရွယ်ချက်

၃။ ဤဥပဒေ၏ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ခုံအဖွဲ့ကို ဥပဒေနှင့်အညီ သီးခြားလွတ်လပ်သော အဖွဲ့အစည်း အဖြစ် ဖွဲ့စည်း၍ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းအသီးသီးက စည်းကြပ်ကောက်ခံလျက်ရှိသည့် အခွန်အမျိုးမျိုးနှင့် စပ်လျဉ်းသည့် အမှုများကို လွှမ်းခြုံကြားနာ စစ်ဆေးဆောင်ရွက်စေရန်၊

(ခ) နိုင်ငံတော်ကဥပဒေနှင့်အညီ အခွန်စည်းကြပ်ကောက်ခံရာတွင် စွမ်းဆောင်ရည်မြင့်မားသော အခွန်စီမံခန့်ခွဲမှုဖြစ်စေရန်နှင့် အခွန်ထမ်းများ၏ ယုံကြည်ကိုးစားမှုကို ရရှိစေရန်၊

(ဂ) နိုင်ငံသားနှင့် အခွန်ထမ်းတိုင်းသည် ဥပဒေအရ ပေးဆောင်ရမည့် အခွန်များကို ပေးဆောင်ရာ၌ တန်းတူညီမျှမှုနှင့် တရားမျှတမှု အခွင့်အရေးရရှိစေရန်၊

(ဃ) နိုင်ငံသားနှင့် အခွန်ထမ်းတိုင်းသည် ဥပဒေအရပေးဆောင်ရမည့် အခွန်များကို ပေးဆောင်ရာ၌ ဥပဒေနှင့်အညီ ခုခံချေပခွင့်နှင့် ပွင့်လင်းမြင်သာသော အယူခံပိုင်ခွင့်ရရှိစေရန်။

### အခန်း(၃)
### ခုံအဖွဲ့ ဖွဲ့စည်းခြင်း

၄။ အစိုးရအဖွဲ့သည်-

(က) ဤဥပဒေပါ ခုံအဖွဲ့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ဆောင်ရွက်နိုင်ရန် ဥက္ကဋ္ဌအပါအဝင် အဖွဲ့ဝင်အနည်းဆုံးငါးဦးမှ အများဆုံးကိုးဦး ထက်မပိုသော ခုံအဖွဲ့ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည်-

(၁) အစိုးရအဖွဲ့က တာဝန်ပေးအပ်သော ဥက္ကဋ္ဌ ပုဂ္ဂိုလ်တစ်ဦး

(၂) ဥပဒေ၊ အခွန်၊ စာရင်းကိုင်၊ စာရင်းစစ်တို့နှင့် အဖွဲ့ဝင် သက်ဆိုင်သည့် နယ်ပယ်များတွင် တစ်ဆယ် နှစ်နှင့် အထက်တာဝန်ယူဆောင်ရွက်ခဲ့သည့် အတွေ့အကြုံရင့်ကျက်သူ သို့မဟုတ် ကျွမ်းကျင် ပညာရှင်

(ခ) နိုင်ငံ့ဝန်ထမ်းအား အဖွဲ့ဝင်အဖြစ် တာဝန်ပေးအပ်ပါက တာဝန် ပေးအပ်သည့်နေ့မှစ၍ ဝန်ထမ်းစည်းမျဉ်းစည်းကမ်းနှင့်အညီ အငြိမ်းစားယူခွင့်ပြုရမည်။

(ဂ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းသည့် ခုံအဖွဲ့ကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်း နိုင်သည်။

၅။ (က) ဥက္ကဋ္ဌအပါအဝင် အဖွဲ့ဝင်များ၏ သက်တမ်းသည်ခုံအဖွဲ့ စတင် ဖွဲ့စည်းသည့်နေ့ရက်မှ ငါးနှစ်ဖြစ်သည်။

(ခ) ဥက္ကဋ္ဌအပါအဝင် အဖွဲ့ဝင်များသည် သက်တမ်းကုန်ဆုံးသည့်အခါ အစိုးရအဖွဲ့က ခုံအဖွဲ့အသစ် ဖွဲ့စည်းတာဝန်ပေးအပ်ပြီးသည့် အချိန်ထိ မိမိတို့၏လုပ်ငန်းတာဝန်များကို ဆက်လက်ထမ်းဆောင် ရမည်။

(ဂ) ဥက္ကဋ္ဌအပါအဝင် အဖွဲ့ဝင်များသည် တစ်ဆက်တည်းသက်တမ်း နှစ်ကြိမ်ထက်ပို၍ ထမ်းဆောင်ခြင်းမပြုရ။

(ဃ) အကြောင်းတစ်ရပ်ရပ်ကြောင့်ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်နေရာ လစ်လပ်သည့်အတွက် အစားထိုးခန့်ထားပါက အစားထိုးခန့်ထား သည့် ဥက္ကဋ္ဌအပါအဝင် အဖွဲ့ဝင်များ၏သက်တမ်းသည် မူလကျန် ရှိသည့် သက်တမ်းကုန်ဆုံးသည်အထိသာ ဖြစ်ရမည်။

(င) ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်အဖြစ် ကြားဖြတ်တာဝန်ယူရသည့်ကာလ သည် ဤဥပဒေအရ သတ်မှတ်ထားသော သက်တမ်းကာလ၏ ထက်ဝက်မကျော်လျှင် သက်တမ်းကာလ တစ်ခုအဖြစ် မသတ်မှတ်ရ။

(စ) ခုံအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို အနည်းဆုံးတစ်လလျှင် တစ်ကြိမ် ကျင်းပရမည်။

၆။ အောက်ပါအချက်တစ်ရပ်ရပ်နှင့် အကျုံးဝင်သူအား ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်အဖြစ် ရွေးချယ်တာဝန်ပေးအပ်ခြင်းမပြုရ-

(က) တည်ဆဲဥပဒေတစ်ခုခုအရ စိတ်ပေါ့သွပ်သူဟု သတ်မှတ်ခံရခြင်း၊

(ခ) အကျင့်စာရိတ္တဆိုင်ရာ ပြစ်မှုတစ်ခုခုဖြင့် ထောင်ဒဏ်ကျခံဖူးသူ ဖြစ်ခြင်း၊

(ဂ) လူမွဲအဖြစ် သက်ဆိုင်ရာတရားရုံးက ဆုံးဖြတ်ကြေညာခံထားရသူ ဖြစ်ခြင်း၊

(ဃ) အစုစပ်လုပ်ငန်း၊ ကုမ္ပဏီ၊ စီးပွားရေးလုပ်ငန်းလုပ်ကိုင်နေသည့် သူ သို့မဟုတ် ၎င်းလုပ်ငန်းတစ်ခုခု၏ ဝန်ထမ်းဖြစ်ခြင်း။

၇။ ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်တစ်ဦးဦးသည် မိမိ၏ ဆန္ဒအလျောက် နုတ်ထွက်ရန် အစိုးရအဖွဲ့သို့ တင်သွင်းပါက ခုံအဖွဲ့၏ ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်အဖြစ်မှ နုတ်ထွက် ခွင့်ပြုရမည်။

၈။ (က) အဖွဲ့ဝင်များသည်အစိုးရအဖွဲ့က သတ်မှတ်သည့်ချီးမြှင့်ငွေနှင့် စရိတ်တို့ကို ခံစားခွင့်ရှိသည်။

(ခ) အဖွဲ့ဝင်များအား ချီးမြှင့်သော ချီးမြှင့်ငွေနှင့် စရိတ်တို့ကို ခုံအဖွဲ့ရုံး၏ ဘဏ္ဍာငွေမှ ကျခံရမည်။

၉။ အစိုးရအဖွဲ့သည်-

(က) ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်တစ်ဦးဦးက တာဝန်ထမ်းဆောင်ရာတွင် ဥပဒေနှင့်မညီဘဲ ဆောင်ရွက်ကြောင်းတွေ့ရှိလျှင်ဖြစ်စေ၊ တည်ဆဲ ဥပဒေတစ်ရပ်ရပ်ကို ချိုးဖောက်ကြောင်းတွေ့ရှိလျှင်ဖြစ်စေ၊ ခုံအဖွဲ့၏ ဂုဏ်သိက္ခာကို ထိခိုက်စေသော အခြေအနေတစ်ရပ်ရပ်ရှိလျှင် ဖြစ်စေ၊ တာဝန်ထမ်းဆောင်မှုနှင့်ပတ်သက်၍ ကျေနပ်မှုမရှိလျှင် ဖြစ်စေ ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင် တာဝန်မှ ရပ်စဲရမည်။

(ခ) ထိုသို့ ရပ်စဲရခြင်းအကြောင်းအရင်းနှင့် ပတ်သက်၍ ထုတ်ပြန် ကြေညာပေးရမည်။

(ဂ) လစ်လပ်သွားသော ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်နေရာကို အစားထိုး ခန့်အပ်တာဝန်ပေးရမည်။

၁၀။ လစ်လပ်သောနေရာသည် ဥက္ကဋ္ဌနေရာဖြစ်ပါက အစိုးရအဖွဲ့မှ အသစ် ဖြည့်စွက် တာဝန်ပေးအပ်ခြင်းမပြုနိုင်မီ အဖွဲ့ဝင်တစ်ဦးဦးအား ဥက္ကဋ္ဌနေရာတွင် ယာယီတာဝန်ပေးအပ်ရမည်။

### အခန်း(၄)
### ခုံအဖွဲ့၏တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၁၁။ ခုံအဖွဲ့သည် ခုံအဖွဲ့သို့ တင်သွင်းလာသော အယူခံမှု၊ ပြင်ဆင်မှု၊ ပြန်လည် သုံးသပ်မှုများကို ဥပဒေနှင့်အညီ လွတ်လပ်စွာ ကြားနာစစ်ဆေး စီရင်ဆုံးဖြတ်ရမည်။

၁၂။ လျှောက်ထားသူ သို့မဟုတ် လျှောက်ထားခံရသူက ပြည်ထောင်စုတရား လွှတ်တော်ချုပ်သို့ လွှဲအပ်ပေးရန် လျှောက်ထားလာသည့်အခါဖြစ်စေ၊ လွှဲအပ်ရန် အကြောင်းပေါ်ပေါက်လာသည့်အခါဖြစ်စေ အဖွဲ့ဝင်အားလုံးပါဝင်သော စုံညီခုံအဖွဲ့က လွှဲအပ်မှုအဖြစ် ဆောင်ရွက်ရန် သင့်မသင့် ဆုံးဖြတ်ရမည်။

၁၃။ ပုဒ်မ ၁၂ အရ ဆုံးဖြတ်ရာတွင်-

(က) ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ လွှဲအပ်သင့်ကြောင်း ဆုံးဖြတ်ပါက ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ လွှဲအပ်မှု အဖြစ် ပေးပို့ရမည်။

(ခ) ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ လွှဲအပ်ရန် မသင့်ကြောင်း ဆုံးဖြတ်ပါက အမှုကို ဆက်လက်စစ်ဆေးဆုံးဖြတ်ရမည်။

၁၄။ ခုံအဖွဲ့သည်-

(က) အမှုနှင့်သက်ဆိုင်သည့် စာရွက်စာတမ်းများကို တောင်းခံနိုင်သည်။ ယင်းသို့တောင်းခံပါက အဆိုပါစာရွက်စာတမ်းများကို လက်ဝယ်ရှိ သော ပုဂ္ဂိုလ် သို့မဟုတ် ဌာန၊ အဖွဲ့အစည်းများက တင်ပြရမည်။

(ခ) အမှုနှင့်သက်ဆိုင်သည့် ပုဂ္ဂိုလ်များကို သက်သေအဖြစ် လာရောက် အစစ်ဆေးခံရန် ဆင့်ဆိုရမည်။ ယင်းသို့ဆင့်ဆိုပါလျက် သက်သေမှ အကြောင်းမဲ့ပျက်ကွက်ပါက တစ်ဖက်သတ် ဆုံးဖြတ်နိုင်သည်။

(ဂ) ခုံအဖွဲ့သို့ သက်သေခံပစ္စည်းအဖြစ် တင်ပြရန်ခက်ခဲသော အမှုနှင့် သက်ဆိုင်သည့်ပစ္စည်းများကို လိုအပ်ပါက ကွင်းဆင်းကြည့်ရှု နိုင်သည်။ အဆိုပါပစ္စည်းများနှင့်စပ်လျဉ်း၍ စာရင်းဇယားများနှင့် သက်ဆိုင်ရာတာဝန်ရှိ အဖွဲ့အစည်းများ၏တင်ပြချက်အစီရင်ခံစာ ကိုလည်း သက်သေခံပစ္စည်း တင်ပြဘိသကဲ့သို့ လက်ခံဆောင်ရွက် နိုင်သည်။

၁၅။ ခုံအဖွဲ့သည် အယူခံမှု၊ ပြင်ဆင်မှု၊ ပြန်လည်သုံးသပ်မှုတို့နှင့် စပ်လျဉ်း၍ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများ၏ မူလဆုံးဖြတ်ချက်များအပေါ် အတည်ပြုခြင်း၊ ပြင်ဆင်ခြင်းပြုနိုင်သည်။

၁၆။ ခုံအဖွဲ့က ကြားနာစစ်ဆေးဆုံးဖြတ်သော အမှုများတွင် အမှုအကြောင်းခြင်းရာ ပြဿနာနှင့် စပ်လျဉ်း၍ ခုံအဖွဲ့၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်သည်။

၁၇။ ညွှန်ကြားရေးမှူးချုပ်သည် အောက်ပါတာဝန်များကို ထမ်းဆောင်ရမည်-

(က) ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များထံ ကြားနာစစ်ဆေးမည့် အမှုတွဲများကို စိစစ်တင်ပြရမည်။

(ခ) တင်သွင်းလာသည့် အမှုများကို ကြားနာစစ်ဆေးမည့် ရက်ချိန်း သတ်မှတ်ပေးနိုင်ရန် ဥက္ကဋ္ဌထံ တင်ပြရမည်။

(ဂ) ခုံအဖွဲ့အနေဖြင့် အမှုများကို စီရင်ဆုံးဖြတ်ခြင်းပြုရာ၌ အထောက် အကူရစေရန် ကြားနာစစ်ဆေးပြီးစီးသည့် အမှုများနှင့် သက်ဆိုင် သည့် အမှုမှတ်စုများကို ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များထံ တင်ပြရမည်။

(ဃ) ခုံအဖွဲ့က အမှုများကို ကြားနာစစ်ဆေးစီရင်ဆုံးဖြတ်သည့် ကိစ္စရပ် များတွင် ကြားနာစစ်ဆေးမှုနှင့်သက်ဆိုင်သည်များကို ဆောင်ရွက် ပေးရမည်။

၁၈။ ခုံအဖွဲ့သည် ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် မှတ်ပုံတင်အရာရှိတို့၏ တာဝန် ဝတ္တရားများနှင့်စပ်လျဉ်း၍ ထုတ်ပြန်သတ်မှတ်နိုင်သည်။

### အခန်း(၅)
### ခုံအဖွဲ့သို့ အမှုတင်သွင်းခြင်း

၁၉။ (က) ခုံအဖွဲ့သို့ အမှုတင်သွင်းသူသည် မိမိ၏အမှုကို ကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်ဖြင့် ဖြစ်စေ၊ အကျိုးဆောင်ရှေ့နေဖြင့်ဖြစ်စေ သတ်မှတ်ပုံစံဖြင့် မှတ်ပုံတင်အရာရှိထံသို့ တင်သွင်းလျှောက်ထား နိုင်သည်။

(ခ) ကိုယ်တိုင်မဟုတ်ဘဲ ကိုယ်စားလှယ်ဖြင့် လျှောက်ထားပါက သက်ဆိုင်ရာ ဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ လွှဲအပ်သည့် ကိုယ်စားလှယ်လွှဲစာပါရှိရမည်။

(ဂ) သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းသည် ခုံအဖွဲ့ရှေ့မှောက် တွင် ဌာန၏ ကိုယ်စားအမှုနှင့်စပ်လျဉ်း၍ လိုက်ပါဆောင်ရွက်ရန် အတွက် ဦးစီးအရာရှိအဆင့်အောက်မနိမ့်သော ပုဂ္ဂိုလ်အား တာဝန်ပေးရမည်။

၂၀။ မှတ်ပုံတင်အရာရှိသည် သတ်မှတ်ချက်များနှင့် ပြည့်စုံသည့် အမှုတွဲများကို သတ်မှတ်ရက်အတွင်း ညွှန်ကြားရေးမှူးချုပ်ထံ တင်ပြရမည်။

စာမျက်နှာ ၁၀ သို့

# ရေကြီးရေလျှံမှုများကြောင့် ထိခိုက်ခံစားရသူများကို မြန်မာနိုင်ငံကြက်ခြေနီအသင်းက လူမှုကရုဏာအကူအညီများ ပေးအပ်

ရန်ကုန် ဩဂုတ် ၁

**မြန်မာနိုင်ငံ ကြက်ခြေနီအသင်းက မွန်ပြည်နယ် ရေး၊ သထုံ၊ ဘီးလင်းနှင့် ပေါင်မြို့နယ်များအတွင်း ရေကြီးရေလျှံမှုကြောင့် ထိခိုက်ခံစားရသူများအား ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခြင်း၊ ရှေးဦးပြုစုပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းတို့ကို သက်ဆိုင်ရာ မြို့နယ်အသီးသီးမှ ကြက်ခြေနီစေတနာလုပ်အားရှင်များက ကူညီဆောင်ရွက်လျက်ရှိသည်။**



၂၀၁၈ ခုနှစ် ဇူလိုင် ၃၀ ရက်အထိ ကူညီကယ်ဆယ်ရေး ပစ္စည်းများအဖြစ် တစ်ကိုယ်ရေကျန်းမာရေးသုံး ပစ္စည်း (Hygiene Parcel) အထုပ် ၃၀၀၊ အမျိုးသမီးများအတွက် (Dignity kit) အထုပ် ၃၀၀ နှင့် ကြက်ခြေနီစေတနာ လုပ်အားရှင်များအတွက် ကယ်ဆယ်ရေး သုံးပစ္စည်းများနှင့် မိုးကာ၊ ဖိုက်ဘာဦးထုပ်၊ အလံများလည်း ထောက်ပံ့ခဲ့သည်။

အလားတူ ကရင်ပြည်နယ် ဘားအံ၊ လှိုင်းဘွဲ့၊ ကြာအင်းဆိပ်ကြီး၊ မြဝတီ၊ ဖာပွန်မြို့နယ်များရှိ ရေဘေးရှောင် အိမ်ထောင်စုများအတွက် ရှေးဦးပြုစု ပေးခြင်း၊ ရေနှင့် ထမင်းထုပ်များ ဝေငှ ပေးခြင်း၊ ဆေးစိမ်ခြင်ထောင် (Mosquito Net) အလုံး ၄၀၀ ၊ မိသားစုသုံး ပစ္စည်း (Family Kit)ပုံး ၄၀၊ အမျိုးသမီးများအတွက်(Dignity kit) အထုပ် ၁၀၀၊ ရေသန့်ဆေးပြား (Water Purification tab) ၂၂၀၀ ၊ ခါတ်ဆားထုပ် ၄၀၀ ထောက်ပံ့ပေးအပ်ခဲ့ပြီး ကြက်ခြေနီ စေတနာလုပ်အားရှင်များက ရေဘေးသင့် ပြည်သူများအား ရှေးဦးပြုစုခြင်းနှင့် ကျန်းမာရေး ကူညီစောင့်ရှောက်မှု ပေးခြင်းများကို ဆောင်ရွက်ပေးလျက် ရှိသည်။

ထို့အတူ ပဲခူးတိုင်းဒေသကြီးအတွင်း ပဲခူး၊ ဝေါ၊ ဒိုက်ဦး၊ ရွှေကျင်နှင့် ကျောက်ကြီး မြို့နယ်များတွင် ရေကြီး၊ ရေလျှံမှုများ ကြောင့် ထိခိုက်ခံစားရသူများအား ထောက်ပံ့ပစ္စည်းများအဖြစ် တစ်ကိုယ်ရေ ကျန်းမာရေးသုံးပစ္စည်း အထုပ် ၇၀၀၊ အမျိုးသမီးများအတွက် အထုပ် ၃၀၀ ၊ တာပေါ်လင်အချပ် ၂၀၀၊ ခါတ်ဆားထုပ် ၁၂၀၀ နှင့် လိုအပ်သည်များကို ကူညီ ဆောင်ရွက်လျက်ရှိသည်။

နေပြည်တော် လယ်ဝေးမြို့နယ် အတွင်း ချောင်းအနီးရှိ အိမ်အချို့ ရေစီးကြောင့် မျောပါပျက်စီးခြင်းနှင့် ရေဘေးသင့်ခြင်းများ ဖြစ်ပွားခဲ့ရာ မြန်မာ နိုင်ငံကြက်ခြေနီအသင်းက မိသားစုသုံး ပစ္စည်း ပုံး ၄၀၊ အမျိုးသမီးများအတွက် အထုပ် ၂၀၀၊ တာပေါ်လင်အချပ် ၃၀၊ ခါတ်ဆားထုပ် ၅၀၀ နှင့် အခြားလိုအပ် သည်များကို ကူညီဆောင်ရွက်ပေးလျက် ရှိသည်။

ထို့အပြင် ရေဘေးကူညီကယ်ဆယ်ရေး တာဝန်ထမ်းဆောင်လျက်ရှိသော ကြက်ခြေနီ စေတနာလုပ်အားရှင်များ အသုံးပြုနိုင်ရန်အတွက် လုပ်ငန်းခွင် အန္တရာယ်ကင်းရှင်းရေးသုံး ပစ္စည်းများကို လည်း မြန်မာနိုင်ငံကြက်ခြေနီအသင်းက ထောက်ပံ့ပေးပို့လျက်ရှိသည်။

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းသည် နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်တို့တွင် ရေဘေးကြောင့် ထိခိုက်ခံစားနေရသော ရပ်ရွာပြည်သူ လူထုများအား ကြက်ခြေနီစေတနာ လုပ်အားရှင် ၂၅၀ ကျော်ဖြင့် လူမှုကရုဏာ အကူအညီများကို ကူညီဆောင်ရွက်ပေး လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ရေဘေးသင့်ဒေသများရှိ ပြည်သူများ အသုံးပြုရန်အတွက် အလှူငွေများ ပေးအပ်လှူဒါန်း



**ရန်ကုန် ဩဂုတ် ၁**

မြန်မာနိုင်ငံအတွင်း ကြုံတွေ့နေရသော ရေကြီးရေလျှံမှု ဖြစ်စဉ်များကြောင့် ပြည်သူများ ကြုံတွေ့ခံစားနေရသော ကိစ္စရပ်များ တွင် အသုံးပြုရန်အတွက် နေပါလီဂေါ်ရခါး လူမှုကူညီရေးအသင်း (မိုးကုတ်မြို့)က အလှူငွေကျပ် ၅၁ သိန်း ကို ယနေ့ မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ အင်လျားလိတ်ဟိုတယ် အခန်းအမှတ် ၀၀၄ ရှိ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းရုံးခန်းသို့ လာရောက် လှူဒါန်းရာ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်း Administrative Manager ဒေါ်မြင့်မူယာထွေးက လက်ခံရယူပြီး ကျေးဇူးတင် စကားပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ် ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ညောင်လေးပင်၌ စစ်တောင်းတာ နေရာအချို့၌ ရေအနည်းငယ်ကျော်

**ညောင်လေးပင် ဩဂုတ် ၁**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင် မြို့နယ်တွင် ဇူလိုင် ၃၁ ရက် မွန်းလွဲပိုင်းက မဒေါက်မြို့မ မြို့မ(၂)ရပ်ကွက်နှင့် သောင်ကြီး ကျေးရွာအုပ်စုအကြား ထိုဖိုရွာအနီးရှိ စစ်တောင်းရေကာတာ၏ မိုင်တိုင်အမှတ် ၄၂/၇အနီးတွင် အကျယ် ၁၀ ပေ ရေကျော်ပေါက်တစ်နေရာနှင့် အကျယ်ပေ ၁၀၀ တစ်နေရာ ရေကျော် လျက်ရှိပြီး မိုင်တိုင်အမှတ် ၄၃/၄ အနီး တွင်လည်း ၁၀ ပေအကျယ် နှစ်နေရာ ရေကျော်လျက်ရှိရာ စုစုပေါင်း လေးနေရာ ရေကျော်ဝင်လျက်ရှိကြောင်း သိရသည်။

အဆိုပါ တာပေါ်ရေကျော်မှု လေး နေရာဖြစ်ပေါ်ခဲ့မှုအနက် တာမိုင် ၄၂/၇ အနီးရှိ ၁၀ ပေအကျယ် တစ်နေရာနှင့် တာမိုင် ၄၃/၄ အနီးရှိ ၁၀ ပေအကျယ် နှစ်နေရာတွင် စစ်တောင်းမြစ်ရေ ပြန်လည်ကျဆင်းခြင်းကြောင့် ရေကျော် လျက်မရှိတော့ဘဲ တာမိုင် ၄၂/၇ အနီးရှိ အကျယ် ပေ ၁၀၀ ခန့်ရှိ ရေကျော်မှုမှာ လည်း ယခုအခါ ပေ ၄၀ ခန့်သာ ရေကျော် လျက်ရှိကြောင်း သိရသည်။

ထိုကဲ့သို့ စစ်တောင်းတာနေရာ အချို့၏ ရေကျော်မှုကြောင့် တာ၏အနီး အနား ထိစပ်ကျေးရွာများရှိ အိမ်ခြေများ အတွင်းသို့ ဆိုးဆိုးရွားရွား ရေဝင်ရောက် သည့် ဖြစ်ရပ်မျိုး မဖြစ်ပေါ်သဖြင့် ထိခိုက် ပျက်စီးမှုမရှိကြောင်း၊ ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်ရှိ စစ်တောင်း တာတမံ မြေအိကျမှုများ ဖြစ်ပေါ်ခဲ့ပြီး ယနေ့ နံနက်ပိုင်းက တာမိုင်အမှတ် ၂၆ ပြင်ရေကြီးရွာ တိုက်နယ်ဆေးရုံမြေနေရာ အနီး၌ ပေ ၂၀၀ ခန့် ပြိုကျအိဆင်းခဲ့သော တာတမံကို ခိုင်ခံ့မှုရှိစေရန် ကတုတ် တန်းရိုက်ကာ မြေအိတ်၊ သဲအိတ်များ ချခြင်းကို အဖွဲ့အစည်းအသီးသီးနှင့် ဒေသခံပြည်သူများ ပူးပေါင်းဆောင်ရွက် လျက်ရှိကြောင်း သိရသည်။

**သတင်း-ပိန်းဇလုပ်သိန်းညွန့်**
**ဓာတ်ပုံ-ရဲမြန်မာ(ညောင်လေးပင်)**



# စစ်တောင်းမြစ်ပန်းတာဟောင်း ကျိုးပေါက်မှုကြောင့် တောင်ငူမြို့နယ် ရွာတန်းရှည်ကျေးရွာ၌ ရေဘေးသင့်

**တောင်ငူ ဩဂုတ် ၁**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် အနောက်ဆင်ကျေးရွာအုပ်စု ရွာတန်းရှည်ကျေးရွာ သည် စစ်တောင်းမြစ်၏ အနောက်ဘက်ခြမ်းကပ်လျက်ရှိ မြစ်ရေဦးတိုက်တည့်တည့်၌ တည်ရှိပြီး နှစ်သက်တမ်းကြာမြင့်နေပြီဖြစ်သော ကိုယ့်အားကိုယ်ကိုး ပန်းတာဟောင်း သည် ယခင်နှစ်က ကျိုးပြတ်သွားခဲ့ပြီးနောက်ပိုင်း သက်ဆိုင်ရာတာဝန်ရှိသူများက တာဟောင်းအတွင်း နေထိုင်ကြသူများအား ရေဘေးအန္တရာယ်ကျရောက်နိုင်သည့် အတွက် ရွှေ့ပြောင်းကြရန် အသိပေးသော်လည်း နေရာအခက်အခဲကြောင့် ရွှေ့ပြောင်း နိုင်ခြင်းမရှိခဲ့ကြောင်း သိရသည်။

ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ၂၀၁၃ ခုနှစ်တွင် စစ်တောင်း မြစ်ရေ လူနေအိမ်များနှင့် စိုက်ပျိုးလယ်မြေ ဧကနှစ်ထောင်ကျော်ကို ရေဝင်နစ်မြုပ်မှုမှ ကာကွယ်နိုင်ရန် ပန်းတာအသစ်ကို တည်ဆောက်ထားခဲ့ပြီး အဆိုပါပန်းတာကြောင့်ပင် ရွာတန်းရှည်ကျေးရွာတောင်ဘက်ရှိ လယ်မြေများ မြစ်ရေလွှမ်းမှုမှ ကာကွယ်နိုင်ခြင်း ဖြစ်ကြောင်း ဒေသခံအချို့က သုံးသပ်ပြောကြားသည်။

"ပျက်စီးသွားတဲ့ ပန်းတာဟောင်းက နှစ်ပေါင်း ၆၀ ကျော်လောက်ရှိပြီလို့ ကျွန်တော်တို့ မိဘတွေပြောလို့သိရတယ်။ ဒေသတွင်းနေကြသူတွေ စုပေါင်းပြီး တည် ဆောက်ထားခဲ့ကြတာပါ။ အခုမြစ်ရေတိုက်စားမှုကြောင့် ကျိုးပျက်သွားတဲ့ ပန်းတာကို ပြန်လည်ပြုပြင်ဖို့ဆိုတာကလည်း ဘယ်လိုမှတတ်နိုင်မှာမဟုတ်ဘူး။ တိုင်းဒေသကြီး အစိုးရအဖွဲ့က ရန်ပုံငွေချထားပေးနိုင်ရင်တော့ ပြန်ပြုပြင်နိုင်မယ်ထင်ပါတယ်။ ကျွန်တော် တို့ အိမ်တွေလည်း ရေမြုပ်ကုန်လို့ ဆွေမျိုးတွေအိမ်မှာသွားနေရတာ။ မြစ်ရေက ပြန်ကျနေပါပြီ၊ ဒါပေမယ့် ပန်းတာနှစ်ခုကြားကရေက တော်တော်နဲ့ လျော့ဖို့မလွယ် သေးဘူး"ဟု ရွာတန်းရှည်ကျေးရွာနေသူတစ်ဦးက ပြောသည်။

**ကိုလွင်(ဆွာ)**

# အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ အကြံပြုချက်

**နေပြည်တော် ဩဂုတ် ၁**

မဒေါက်မြို့နှင့် ဘားအံမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်ကြသူ များအနေဖြင့် မြစ်ရေကြီးမှုဘေးအန္တရာယ်မှ ကင်းလွတ်ရာသို့ ရှောင်ရှားကြရန်နှင့် ဟပ္ပလင်း မြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေ ဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီက အကြံပြုထားသည်။

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီနှင့် လူမှု ဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ ချထားရေးဝန်ကြီးဌာနတို့မှ ရေဘေး ဖြစ်ပွားမှုအတွက် ယနေ့ အထိ ထောက်ပံ့မှုစာရင်းချုပ်အရ ကရင်ပြည်နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများအတွက် ငွေကျပ် ၅၀၂၁၃၁၀၀ တန်ဖိုးရှိ ဆန်ရိက္ခာ၊ ငွေကျပ် ၄၀၀၀၀၀ တန်ဖိုးရှိ အိမ်ဆောက်၊ ကျောင်းဆောက်ပစ္စည်း၊ ငွေကျပ် ၃၂၄၁၃၂၀၀ တန်ဖိုးရှိ အခြားထောက်ပံ့မှုများ၊ ငွေကျပ် ၁၁၁၆၇၀၅၆ တန်ဖိုးရှိ ကယ်ဆယ်ရေးပစ္စည်းနှင့် သဘာဝဘေးရန်ပုံငွေမှ ထောက်ပံ့မှုအနေဖြင့် ငွေကျပ် သိန်း ၁၀၀၀ ကိုလည်းကောင်း၊ မွန်ပြည်နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများ အတွက် ငွေကျပ် ၁၃၉၂၀၉၀၀ တန်ဖိုးရှိ ဆန်ရိက္ခာ၊ ငွေကျပ် ၆၅၂၁၇၁၀ တန်ဖိုးရှိ အခြားထောက်ပံ့ မှုများနှင့် သဘာဝဘေးရန်ပုံငွေမှ ထောက်ပံ့မှုအနေဖြင့် ငွေကျပ် သိန်း ၁၀၀၀ ကိုလည်းကောင်း ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

အလားတူ ဇူလိုင် ၃၁ ရက် ညနေပိုင်းက ဘားအံမြို့နယ်မှ ရေဘေးကယ်ဆယ်ရေး စခန်း ၁၆ ခု၊ အိမ်ထောင်စု ၂၀၈၀ ကျော်၊ လူဦးရေ ၁၀၅၀၀ ကျော်ခန့်နှင့် ရေနစ် မြုပ်ခံရသော ကျေးရွာများအတွက် ကရင်ပြည်နယ်အစိုးရအဖွဲ့၊ စေတနာရှင် အလှူရှင်များနှင့် ဝေဠုကျော်ဖောင်ဒေးရှင်းတို့ ပူးပေါင်းကာ သောက်ရေသန့်နှင့် စားနပ်ရိက္ခာများ သွားရောက်ထောက်ပံ့ပေးခဲ့သည်။

**သတင်းစဉ်**

# မြိုင်ကလေး-ဘားအံကားလမ်း ရေကျော်နေသဖြင့် ခရီးသွားပြည်သူများ အဆင်ပြေစေရေး ဆောင်ရွက်

**ဘားအံ ဩဂုတ် ၁**

ကရင်ပြည်နယ်တွင် မိုးအဆက်မပြတ် ရွာသွန်းမှုနှင့် သံလွင်မြစ်ရေ မြင့်တက်မှုတို့ကြောင့် ဘားအံမြို့နှင့် မြိုင်ကလေးကျေးရွာကြားရှိ ကားလမ်းရေကျော်မှု ဖြစ်ပေါ်နေကြောင်း သိရသည်။

ယင်းကဲ့သို့ ကားလမ်းရေကျော်မှု ဖြစ်ပေါ်နေသည့်အတွက် ခရီးသွားပြည်သူများ သွားလာမှုအဆင်ပြေစေရေးအတွက် ကရင်ပြည်နယ် အစိုးရအဖွဲ့၏ ညွှန်ကြားမှုဖြင့် ပြည်နယ်အစိုးရတာဝန်ရှိသူများနှင့် ပြည်နယ် ရဲတပ်ဖွဲ့ဝင်များက မြိုင်ကလေးကျေးရွာ ထိပ်မှ ဘားအံမြို့သို့ ခရီးသွားပြည်သူများနှင့် မော်တော်ဆိုင်ကယ်များကို ခြောက်ဘီး ယာဉ်များဖြင့် ပို့ဆောင်ပေးလျက်ရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# အထက်မြန်မာပြည်မှ မြို့နယ်ဘောလုံးအဖွဲ့ချုပ်များ အတည်ပြုခြင်းအခမ်းအနားကျင်းပ

**မန္တလေး ဩဂုတ် ၁**

အထက်မြန်မာပြည်မှ မြို့နယ်ဘောလုံးအဖွဲ့ချုပ်များ အတည်ပြုခြင်းအခမ်းအနားကို ယနေ့နံနက် ၈ နာရီက မန္တလေးမြို့ရှိ ကွန်ဗင်းရှင်းစင်တာ၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်နှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် အမှုဆောင်များ၊ ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ၊ မြို့နယ်ဘောလုံး အဖွဲ့ချုပ် ဖွဲ့စည်းရေးကော်မတီဥက္ကဋ္ဌ ဦးဘန်နီတင်အောင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်ဘောလုံးအဖွဲ့ချုပ်များမှ ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသောဧည့်သည်တော်များ တက်ရောက်ကြသည်။

အခမ်းအနား ပထမပိုင်းတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က အမှာစကားပြောကြားပြီး မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်က နှုတ်ခွန်းဆက်စကား ပြောကြားသည်။ ယင်းနောက် မြန်မာနိုင်ငံဘောလုံး အဖွဲ့ချုပ်ဥက္ကဋ္ဌက မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်တို့အတွက် ဘောလုံးများ ပေးအပ်လှူဒါန်းရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် တာဝန်ရှိသူများက လက်ခံယူကြသည်။ ဆက်လက်၍ ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက တက်ရောက်လာသူများအား နှုတ်ဆက်ကာ အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကူးကြသည်။ အစီအစဉ် ဒုတိယပိုင်းတွင် မြို့နယ်ဘောလုံးအဖွဲ့ချုပ်ဖွဲ့စည်းရေးကော်မတီ ဥက္ကဋ္ဌ ဦးဘန်နီတင်အောင်က အမှာစကားပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌက ကချင်၊ ကယား၊ ချင်း၊ ရှမ်း၊ မန္တလေးနှင့် မကွေးတို့မှ မြို့နယ်ဘောလုံးအဖွဲ့ချုပ်များအား အထိမ်းအမှတ်အလံ၊ ဂုဏ်ပြုမှတ်တမ်းလွှာတို့ကို ပေးအပ်သည်။ ထို့နောက် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် နည်းစနစ်ဒါရိုက်တာ ဦးတင်မြင့်အောင်၊ အထွေထွေအတွင်းရေးမှူး ဦးကိုကိုသိန်းနှင့် တာဝန်ရှိသူများက မြို့နယ်ဘောလုံးအဖွဲ့ချုပ်နှင့် ပတ်သက်သည့်ကိစ္စရပ်များအား ရှင်းလင်းပြောကြားသည်။

လက်ရှိတွင် အထက်မြန်မာပြည်၌ မြို့နယ်ဘောလုံးအဖွဲ့ချုပ် ၁၀၃ ခု ဖွဲ့စည်းထားပြီး ကျန်ရှိသည့်မြို့နယ်များတွင် ဆက်လက်ဖွဲ့စည်းနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဖိုးသော်ဇင်**
**ဓာတ်ပုံ-စိုးညွန့်**






## ဂန့်ဂေါမြို့နယ် စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲကျင်းပ

**နေပြည်တော် ဩဂုတ် ၁**

မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ်၌ ဇူလိုင် ၂၉ ရက်မှ ဩဂုတ် ၁၆ ရက်အထိ ကျင်းပမည့် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌဖလား အမျိုးသားအလွတ်တန်းဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကို ဇူလိုင် ၂၉ ရက် ညနေက ဂန့်ဂေါခရိုင် အားကစားကွင်း၌ ကျင်းပခဲ့သည်။

ဖွင့်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကိုဦးက အမှာစကား ပြောကြားပြီး ပြိုင်ပွဲဆက်လက်ကျင်းပရာ အမှတ် ၃ အသင်းက လွယ်မကျေးရွာအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ အဆိုပါ ပြိုင်ပွဲတွင် ဂန့်ဂေါမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများမှ ပြိုင်ပွဲဝင်အသင်း ၂၇ သင်း ပါဝင်ယှဉ်ပြိုင်ကြသည်။ဖွင့်ပွဲအခမ်းအနားအပြီးတွင် ၂၀၁၈ ခုနှစ် မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား ၂၅ မြို့နယ် ယူ ၁၇ ဘောလုံးပြိုင်ပွဲမှ ပထမဆုရရှိသည့် ဂန့်ဂေါမြို့ မြို့နယ်ဘောလုံးအသင်းကို ခရိုင်အုပ်ချုပ်ရေးမှူး ဦးဝင်းဇော်နိုင်က ဆုချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

**ဟိန်းထက်ဇော်(မြန်မာ့အလင်း)**

## အာရှကလပ် ဖူဆယ်ပြိုင်ပွဲတွင် VUC အသင်း ရှုံးပွဲ ကြုံတွေ့

**ရန်ကုန် ဩဂုတ် ၁**

၂၀၁၈ အာရှကလပ် ဖူဆယ်ပြိုင်ပွဲ အုပ်စုပထမနေ့ကို ဩဂုတ် ၁ ရက်က အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပရာ မြန်မာကလပ် VUC အသင်း ရှုံးပွဲကြုံတွေ့ခဲ့သည်။

VUC အသင်းသည် အိမ်ရှင်အင်ဒိုနီးရှားကလပ် မာတာရမ်အသင်းနှင့် ယှဉ်ပြိုင်ခဲ့ပြီး ရှစ်ဂိုး-တစ်ဂိုးဖြင့် ဂိုးပြတ်ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။ VUC အသင်းသည် ပထမဆုံး နိုင်ငံတကာပြိုင်ပွဲဖြစ်သောကြောင့် ပုံစံကောင်းပြသနိုင်ခြင်းမရှိဘဲ ရှုံးပွဲကြုံတွေ့ခဲ့ခြင်း ဖြစ်သည်။ ထို့ကြောင့် VUC အသင်းသည် နောက်တစ်ဆင့်တက်ရောက်နိုင်ရန် ရုန်းကန်ရတော့မည်ဖြစ်သည်။

မြန်မာကလပ် VUC အသင်းသည် အုပ်စုဒုတိယပွဲအဖြစ် ဩဂုတ် ၃ ရက်တွင် ဂျပန်ကလပ် နာဂိုရာအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**ရဲရင့်ရှိုင်း**

## နိုင်ငံတကာဘောလုံးလောက သတင်းတိုများ

- အဲဗာတန်အသင်းသည် ဘာစီလိုနာအသင်းမှ အသက် (၂၅ နှစ်)အရွယ် ဘယ်နောက်ခံကစားသမား လူးကပ်စ် ဒင်နီကို ပေါင် ၁၈ သန်းနှင့်အတူ ငါးနှစ်စာချုပ်ဖြင့် ခေါ်ယူလိုက်ကြောင်း ကြေညာချက်ထုတ်ပြန်လိုက်သည်။ ၎င်းသည် ၂၀၁၆ ခုနှစ်တွင် ပီအက်စ်ဂျီအသင်းမှ ဘာစီလိုနာအသင်းသို့ ရောက်ရှိလာသူဖြစ်ကြောင်းလည်း သိရသည်။
- မန်ယူအသင်းသည် မော်ရင်ဟို အသင်းမှ ထွက်ခွာသွားပါက ၎င်း၏ နေရာအတွက် ရီးရဲမက်ဒရစ်နည်းပြဟောင်း ဇီဒန်းဖြင့် အစားထိုးရန်ဆန္ဒရှိနေကြောင်း သည်ဆန်း၏ ဖော်ပြချက်အရ သိရသည်။ အင်တာမီလန်အသင်းသည် ရီးရဲမက်ဒရစ်အသင်းမှ ခရိုအေးရှားကွင်းလယ်ကစားသမား လူကာမိုဒရစ်ကို ခေါ်ယူရန် စိတ်ဝင်စားနေကြောင်း ဒေးလီးမေးတွင် ဖော်ပြထားသည်။
- တော့တင်ဟမ်အသင်းသည် ခရစ္စတယ်ပဲလေ့စ်အသင်းမှ အသက် (၂၅နှစ်) အရွယ် တောင်ပံကစားသမား ဇာဟာကို ပေါင် ၄၅ သန်းဖြင့် ခေါ်ယူချင်နေကြောင်း သည်ဆန်း၏ ဖော်ပြချက်အရ သိရသည်။ ခရစ္စတယ်ပဲလေ့စ်အသင်းအနေဖြင့် အိုင်ဗရီကို့စ်ကစားသမားအတွက် ချယ်လ်ဆီးအသင်း၏ ကမ်းလှမ်းမှုတစ်ရပ်အား ပယ်ချထားဖူးကြောင်း သိရသည်။
- ဂျူဗင်တပ်စ်တိုက်စစ်ကစားသမား ဟီဂူအင် (၃၀နှစ်) သည် စီးရီးအေပြိုင်ဘက် အေစီမီလန်အသင်းသို့ ရာသီအကုန်တွင် ပေါင် ၃၂ သန်း ဝယ်ယူခွင့်နှင့်အတူ အငှားပြောင်းရွှေ့ကစားရန် သဘောတူညီလိုက်ပြီဖြစ်ကြောင်း ဂါးဒီးယန်း၏ ဖော်ပြချက်အရ သိရသည်။
- ရီးရဲမက်ဒရစ်အသင်းသည် ဂျူဗင်တပ်စ်အသင်းထံသို့ တိုက်စစ်ကစားသမား စီရိုနယ်ဒိုကို ရောင်းထုတ်လိုက်ပြီးနောက် ၎င်း၏ နေရာကို လီဗာပူးအသင်းမှ အသက် (၂၆ နှစ်) အရွယ် အီဂျစ်တိုက်စစ်ကစားသမား မိုဟာမက် ဆာလက်ဖြင့် အစားထိုးနိုင်ရန်အတွက် ချဉ်းကပ်လျက်ရှိနေကြောင်း ဒေးလီးစတား၏ ဖော်ပြချက်အရ သိရသည်။
- လီဗာပူးနည်းပြ ဂျာဂျင်ကလော့သည် အသက် (၁၈နှစ်) အရွယ် တိုက်စစ်ကစားသမား ဘင်ဝုဒ်ဘန်းအား ရှက်ဖီးလ်ယူနိုက်တက်သို့ တစ်ရာသီ အငှားစေလွှတ်ရန် ဆန္ဒရှိနေကြောင်း သည်ဆန်း၏ ဖော်ပြချက်အရ သိရသည်။
- အဲဗာတန်အသင်းသည် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ထွန်းတောက်လာခဲ့သော ရုရှားကွင်းလယ်ကစားသမား ဒင်းနစ် ချီရီရှက်ဗ် (၂၇နှစ်) ကို ခေါ်ယူရန် စိတ်ဝင်စားနေကြောင်း မာကာဒေ့ါကွန်း၏ ဖော်ပြချက်အရ သိရသည်။

**အောင်ဇော်**

● *ကျောဖုံးမှ*

စိုးလင်းဦးကို စိန်ခေါ်ယှဉ်ပြိုင်ထိုးသတ်ရန် စိတ်ကူးထားသည်မှာ ပြီးခဲ့သော သုံး၊ လေးနှစ်အတွင်းကတည်းက ဖြစ်ပြီး ယခုစိုးလင်းဦးနှင့် ယှဉ်ပြိုင်ထိုးသတ်ရန် တရုတ်နိုင်ငံမှပွဲကိုပင်ဖျက်ကာ ယခုကဲ့သို့ လာရောက်ထိုးသတ်ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ စိန်ခေါ်ပွဲကြီးကို လာမည့် ဩဂုတ် ၅ ရက် မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူရိုးရာလက်ဝှေ့အားကစားရုံ၌ ကျင်းပမည်ဖြစ်ပြီး Lethwei Nation 50th Media Championship 2018 ၏ ဝိတ်တန်းအလိုက် နောက်ဆုံး ဖိုင်နယ် ရွှေခါးပတ်လုပွဲများအဖြစ် ၆၁ ကီလိုတန်းတွင် ရဲသွေးနီ (တောင်ကလေး) နှင့် စောဖိုးထွန်း(သတ္တိ)၊ ၆၆ ကီလိုတန်းတွင် ရဲတံခွန် (အဖြူရောင်သွေးသစ်) နှင့် စိုးထက်ဦး (Phoenix)၊ ၇၁ ကီလိုတန်းတွင် ကြယ်စင်ဖြိုး (ရိုးရာပုဂံ) နှင့် ဆန်းသူဦး (တိုက်ဂါး) တို့ ယှဉ်ပြိုင်ထိုးသတ် ခါးပတ်လုကြမည်ဖြစ်သည်။ ယင်းပြိုင်ပွဲတွင် အမျိုးသမီးအထူးစိန်ခေါ်ပွဲအဖြစ် နော်ဥမ္မာစိုး (Phoenix)နှင့် မူအဲသိုလ် (တောင်ကလေး) တို့ ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်ပြီး ၂၀၁၈ ခုနှစ် ရွှေခါးပတ်ချန်ပီယံပြိုင်ပွဲ၏ ပွဲကျန်ဆီမီး ဖိုင်နယ်ပွဲစဉ်များကို ထည့်သွင်းကျင်းပသွားမည်ဖြစ်သည်။

၂၀၁၈ ခုနှစ် ရွှေခါးပတ်ချန်ပီယံ ပြိုင်ပွဲ၏ ပွဲကျန်ဆီမီးဖိုင်နယ်ပွဲများမှာ ၅၁ ကီလိုတန်းတွင် သက်ပိုင်အောင် (ရွှေဘားလား) နှင့် သိန်းစိုး(အဖြူရောင်သွေးသစ်)၊ အောင်အောင်(ရန်စစ်ငြိမ်း)နှင့် ကျော်အဲပညာ (တောင်ကလေး)၊ ၅၄ ကီလိုတန်းတွင် လင်းထက်အောင် (တောင်ကလေး)နှင့် ဂျစ်တူး(တိုက်ဂါး)၊ ၆၀ ကီလိုတန်းတွင် ယူးခလိန်းမင်း (မြိုင်ကလေးဘိလပ်မြေစက်ရုံ) နှင့် ထူးနေသူ (တောင်ကလေး)၊ ၆၇ ကီလိုတန်းတွင် စောမင်းအောင် (တောင်ကလေး) နှင့် ကျားပေါက်(ရန်စစ်ငြိမ်း) တို့ ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်ကာ အနိုင်ရရှိသူများက နောက်ဆုံးရွှေခါးပတ် လုပွဲဖိုင်နယ်သို့ တက်လှမ်းသွားမည်ဖြစ်သည်။ ယင်းနေ့တွင် စိုးလင်းဦးနှင့် အိကျူးစံတို့၏ အဓိက စိန်ခေါ်ပွဲကြီးအပါအဝင် စုစုပေါင်း တွဲဆိုင်း ၁၀ ဆိုင်းပါဝင် ယှဉ်ပြိုင်ထိုးသတ်သွားမည်ဖြစ်ကာ ရုံဝင်ကြေးအနေဖြင့် ငွေကျပ်ရှစ်ထောင်၊ နှစ်သောင်း၊ သုံးသောင်း အသီးသီးသတ်မှတ်ထားပြီး ကြိုတင်လက်မှတ်များကို ဖုန်း-၀၉- ၂၅၄၂၁၄၁၆၀ သို့ မှာယူနိုင်ပြီဖြစ်သည်။

"ဒီပြိုင်ပွဲကြီး လုပ်ရတဲ့ရည်ရွယ်ချက်က ရိုးရာလက်ဝှေ့လောကမှာ လက်ဝှေ့သမားကောင်းတွေ ပေါ်ထွက်လာအောင် ဆုကြေးတွေမြင့်မြင့်ပေးပြီး ပြည်ပနိုင်ငံခြားသားတွေရော ပါဝင်လာအောင် ဝိတ်တန်းသုံးတန်း ထည့်သွင်းကျင်းပခဲ့တာပါ။ ဒီပွဲမှာဆိုရင် နိုင်ငံခြားသား လက်ဝှေ့ကစားသမားတွေအနေနဲ့ ဘရာဇီးကနှစ်ဦး၊ လာအိုနှစ်ဦး၊ ထိုင်းသုံးဦးနဲ့ မြန်မာလက်ဝှေ့ကို တစ်ခါမှ လာရောက် ယှဉ်ပြိုင်ဖူးခြင်းမရှိသေးတဲ့ တရုတ်နိုင်ငံ မှ တစ်ဦးလာရောက်ယှဉ်ပြိုင်ခဲ့ကြပါတယ်။ ဒီပြိုင်ပွဲနဲ့အတူ ပြီးခဲ့တဲ့ ဇူလိုင် ၂၉ ရက်ကကျင်းပခဲ့တဲ့ ၂၀၁၈ ခုနှစ် ရွှေခါးပတ်ပြိုင်ပွဲရဲ့လက်ကျန်ဆီမီးပွဲတွေကိုလည်း ထည့်သွင်းကျင်းပသွားမှာ ဖြစ်ပါတယ်" ဟု ပွဲစီစဉ်သူ ဦးစိုင်းဇော်ဇော်က ပြောသည်။

Lethwei Nation 50th Media Championship 2018 ပြိုင်ပွဲများကို ပြီးခဲ့သော မေ ၂၉ ရက်တွင် ပထမနေ့ကွာတာဖိုင်နယ်နှင့် မေ ၁၃ ရက်တွင် ဒုတိယနေ့ကွာတားဖိုင်နယ်များကို ကျင်းပခဲ့ပြီး ယခုပြိုင်ပွဲနောက်ဆုံး ဖိုင်နယ် ခါးပတ်လုပွဲများကို ဩဂုတ် ၅ ရက်တွင် ကျင်းပမည်ဖြစ်ကာ ၇၁ ကီလိုတန်းတွင် ပထမရွှေခါးပတ်ရသူကို ငွေကျပ်သိန်း ၄၀၊ ဒုတိယရသူကို ငွေကျပ်သိန်း ၂၀၊ ၆၆ ကီလိုတန်းတွင် ရွှေခါးပတ်ရသူကို ငွေကျပ်သိန်း ၃၀ နှင့် ဒုတိယရသူကို ငွေကျပ် ၁၅ သိန်း၊ ၆၁ ကီလိုတန်းတွင် ပထမရွှေခါးပတ်ရသူကို ငွေကျပ်သိန်း ၂၀ နှင့် ဒုတိယရသူကို ငွေကျပ် ၁၀ သိန်း ချီးမြှင့် ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း-မောင်စိန်လွင် (မြန်မာ့အလင်း)**
**ဓာတ်ပုံ- မင်းထက်**

## Alpine Cup လေးနိုင်ငံဖိတ်ခေါ်ပြိုင်ပွဲတွင် မြန်မာ ယူ-၂၃ အသင်း ရှုံးနိမ့်

**မန္တလေး ဩဂုတ် ၁**

Alpine Cup လေးနိုင်ငံဖိတ်ခေါ်ပြိုင်ပွဲ အုပ်စုပထမနေ့ကို ယနေ့ညနေပိုင်းက မန္တလေးမြို့ရှိ မန္တလာသီရိကွင်း၌ စတင်ကျင်းပရာ တောင်ကိုရီးယား ယူ-၁၉ အသင်းနှင့် ဘာရိန်း ယူ-၂၃ အသင်းတို့ နိုင်ပွဲရခဲ့ပြီး မြန်မာ ယူ-၂၃ အသင်း ရှုံးပွဲကြုံတွေ့ခဲ့သည်။ မြန်မာ ယူ-၂၃ အသင်းသည် တောင်ကိုရီးယား ယူ-၁၉ အသင်းကို လေးဂိုး-သုံးဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။

မြန်မာ ယူ-၂၃ အသင်း၏ ပွဲထွက်လူစာရင်းတွင် စီနီယာကစားသမားများနှင့် မျက်နှာသစ်ကစားသမားများ တွဲဖက်အသုံးပြုခဲ့ပြီး အသင်းနှင့်ပူးတွဲလေ့ကျင့်ချိန် နှစ်ရက်သာရသေးသည့် တိုက်စစ်မှူးအောင်သူကို မသုံးဘဲ တိုက်စစ်တွင် ဒွေးကိုကိုချစ်နှင့် ထက်ဖြိုးဝေကို သုံးခဲ့သည်။ မြန်မာ ယူ-၂၃ အသင်းသည် တောင်ကိုရီးယား ယူ-၁၉ အသင်းနှင့်အပြိုင် အမြန်နှုန်းဖြင့် လိုက်ကစားရာ ဟာကွက်များဖြစ်ပေါ်ပြီး တောင်ကိုရီးယားအသင်းအတွက် အခွင့်အရေးဖြစ်သွားခဲ့သည်။ တောင်ကိုရီးယားယူ-၁၉ အသင်းသည် မြန်မာအသင်း၏ ဟာကွက်ကို အသုံးချပြီး ပထမပိုင်းတွင် သုံးဂိုး၊ ဒုတိယပိုင်းတွင် တစ်ဂိုးသွင်းယူခဲ့သည်။

မြန်မာအသင်းသည် ဒုတိယပိုင်းအစတွင် အောင်သူနှင့် အီစိုးကိုထည့်ကာ တိုက်စစ်အားမြှင့်ခဲ့သော်လည်း မိနစ် ၇၀ ကျော်မှ တောင်ကိုရီးယားနောက်တန်းကို ဖိအားပေးနိုင်ခဲ့သည်။ ၇၄ မိနစ်တွင် မြန်မာ ယူ-၂၃ အသင်း ချေပဂိုးစရခဲ့ပြီး ဒွေးကိုကိုချစ်က သွင်းယူခဲ့ခြင်းဖြစ်သည်။ ပွဲပြီးခါနီးတွင် တောင်ကိုရီးယား နောက်တန်း၏ အမှားများကို အသုံးချကာ မြန်မာအသင်း ချေပဂိုးများဆက်တိုက်ရခဲ့ပြီး ၈၅ မိနစ်တွင် မြတ်ကောင်းခန့်၊ မိနစ် ၉၀ တွင် ရန်နိုင်ဦးတို့က သွင်းယူခဲ့သည်။

ညနေ ၃ နာရီက ယှဉ်ပြိုင်ကစားသည့် ပထမပွဲတွင် ဘာရိန်းအသင်းက ထိုင်းအသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

ဒုတိယနေ့ကို ဩဂုတ် ၃ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး တောင်ကိုရီးယား ယူ-၁၉ အသင်းနှင့် ထိုင်း ယူ-၂၃ အသင်း၊ မြန်မာ ယူ-၂၃ အသင်းနှင့် ဘာရိန်း ယူ-၂၃ အသင်းတို့ ယှဉ်ပြိုင် ကစားမည်ဖြစ်သည်။

**ညီမြတ်သော်တာ**

# မိုးညိုမြို့နယ် လူဝင်မှုကြီးကြပ်ရေး ဦးစီးအရာရှိ ဦးဇော်မိုးအား အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေဖြင့် အမှုဖွင့်အရေးယူ

**နေပြည်တော် ဩဂုတ် ၁**

ပဲခူးတိုင်းဒေသကြီး မိုးညိုမြို့နယ် လူဝင်မှုကြီးကြပ်ရေး ဦးစီးအရာရှိ ဦးဇော်မိုးသည် နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုစာရင်းပြုလုပ်သူများထံမှ ငွေကြေးနှင့် လက်ဆောင်ပစ္စည်းများ တောင်းခံခြင်း၊ ဦးစီးအရာရှိ ရုံးခန်းအတွင်းရှိ အလှူခံပုံးအတွင်းသို့ အလှူငွေများ ထည့်ဝင်ခိုင်းခြင်းတို့ ပြုလုပ်နေမှုအပေါ် အရေးယူပေးပါရန် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားခဲ့သည်။

တိုင်ကြားစာအရ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်က စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းစစ်ဆေးခဲ့ရာ မိုးညိုမြို့နယ် လူဝင်မှုကြီးကြပ်ရေး ဦးစီးအရာရှိ ဦးဇော်မိုးသည် မိုးညိုမြို့နယ် ဦးစီးမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့စဉ်အတွင်း ၎င်းလုပ်ပိုင်ခွင့်ရှိသည့် နိုင်ငံသားစိစစ်ရေးကတ်ပြား ပြုလုပ်ပေးသည့် ကိစ္စရပ်များနှင့် ပတ်သက်၍ ငွေကျပ် ၆၀၀၀၀ ကို လည်းကောင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုဇယား ပြုလုပ်သူတို့ထံမှ ငွေကျပ် ၆၀၀၀၀ နှင့် ငွေကျပ် ၁၉၀၀၀ တန် အရက်ပုလင်းတစ်လုံးကို လည်းကောင်း။

နိုင်ငံသားစိစစ်ရေး ကတ်ပြားမိတ္တူ လျှောက်ထားသူထံမှ ငွေကျပ် ၂၀၀၀၀ ကို လည်းကောင်း စုစုပေါင်းငွေကျပ် ၁၄၀၀၀၀ နှင့် ငွေကျပ် ၁၉၀၀၀ တန် အရက်ပုလင်းတစ်လုံးကို တောင်းခံရယူခြင်းဖြင့် အဂတိလိုက်စားမှုကို ကျူးလွန်ခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်သည့်အပြင် ကျေးရွာနယ်မြေခံ သတင်းများအရ ငွေကြေးမရလျှင် အကြောင်းအမျိုးမျိုးပြကာ အချိန်ဆွဲ၍ လုပ်ငန်းဆောင်ရွက်မပေးဘဲ ငွေကြေးပေးမှသာ ဆောင်ရွက်ပေးလေ့ရှိကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် ဦးဇော်မိုးအပေါ် ၂၀၁၃ ခုနှစ်၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၆ အရ အရေးယူ ဆောင်ရွက်ရန် ပဲခူးတိုင်းဒေသကြီး မိုးညိုမြို့မြို့မရဲစခန်း၌ ယနေ့တွင် ပထမသတင်းပေး တိုင်ကြားချက်ဖွင့်လှစ်၍ တရားစွဲဆို အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်မှ သတင်းရရှိသည်။

**သတင်းစဉ်**

## မြန်မာ့ရုပ်မြင်သံကြား

၂-၈-၂၀၁၈ (ကြာသပတေးနေ့)

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၆း၀၀ | - | မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၇း၀၀ | - | Breakfast News |
| ၁၀း၃၀ | - | အလုပ်သမားရေးရာ အစီအစဉ် |
| ၁၁း၀၀ | - | မြစ်မခမီဒီယာ "သဘာဝ ပတ်ဝန်းကျင်မှ လေ့လာသင်ယူခြင်း" |
| ၁၁း၂၅ | - | "ကမ္ဘောဒီးယားနိုင်ငံအတွင်းရှိ လေ့လာလည်ပတ်စရာ နေရာများ" |
| ၁၁း၄၅ | - | သုံးသပ်ရှုမြင်မြန်မာ့ရုပ်ရှင် "ပြန်ပေး" (ရန်အောင်၊ လူမင်း၊ ခန့်စည်သူ၊ ခိုင်သင်းကြည်၊ မိုးဟေကို) ဒါရိုက်တာ-ကိုဇော် (အာရုဏ်ဦး) |
| ၁၄း၁၀ | - | "Traffic"(can mtv exit special (ဖြူဖြူကျော်သိန်း) |

**ညပိုင်း**

| | | |
|---|---|---|
| ၁၆း၃၅ | - | "Philippines Music Show" |
| ၁၇း၃၅ | - | လူမှုစီးပွားမြင်ကွင်းများ |
| ၁၈း၃၅ | - | မျက်မှောက်ရေးရာအဖြာဖြာ |
| ၁၈း၅၅ | - | "CHOICE" (အပိုင်း-၇၅) |
| ၁၉း၁၅ | - | မြန်မာဇာတ်လမ်းတွဲ "ဇနီးချောများကွန်ရက်" (အပိုင်း-၂၀) |
| ၂၀း၀၀ | - | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသ အခြေအနေ |
| ၂၀း၃၅ | - | Britain's Got Talent (7) |
| | - | မှတ်မှတ်ထင်ထင်မြန်မာ့ရုပ်ရှင်(အပိုင်း-၄) (ဒါရိုက်တာ-ကြည်စိုးထွန်း၊ မေဝင်းမောင်) |

## ကော့ကရိတ်မြို့၌ လက်နက်၊ ခဲယမ်းများနှင့် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၁**

ကော့ကရိတ်ခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၃၁ ရက် ညနေ ၅ နာရီခွဲက ကော့ကရိတ်မြို့ အမှတ်(၁)ရပ်ကွက် ချောင်းတောင်ကွက်သစ်(၅)လမ်းရှိ ဝင်းလှိုင်၏နေအိမ်ကို ရှာဖွေရာ ဝင်းလှိုင်နှင့် ၎င်း၏သား ချစ်ဖူးလှိုင်တို့ကို တွေ့ရှိရပြီး နေအိမ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၃၅ ပြား၊ အမ်-၁၆ တစ်လက်၊ ယင်းကျည်အိမ်လေးခုနှင့် ကျည် ၁၅၉ တောင့်တို့ကို လည်းကောင်း၊ အလားတူ ယင်းနေ့ နံနက် ၁၀ နာရီက မူးယစ်တပ်ဖွဲ့စု (၁၆) ပြင်ဦးလွင်၊ မူးယစ်တပ်ဖွဲ့စု(၁၇) မန္တလေး(မြောက်ပိုင်း) နှင့် မူးယစ်တပ်ဖွဲ့စု (၁၈) မန္တလေး (တောင်ပိုင်း)တို့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ပြင်ဦးလွင်မြို့နယ် ရပ်ကွက်ကြီး ၁၇ အနီးစခန်းကျေးရွာ ပြင်ဦးလွင်-မန္တလေးကားလမ်း၌ ရပ်ထားသည့် ဟွန်ဒါဖစ် မော်တော်ယာဉ်ကို သတင်းအရရှာဖွေရာ ယာဉ်မောင်း စိုင်းလှိုင်ပန်းနှင့် အိုက်လှိုင်းတို့ကို တွေ့ရှိရပြီး ဘိန်းဖြူဆပ်ပြာခွက် ၂၂ ခွက် (ဘိန်းဖြူ အလေးချိန် ၂၄၂ ဂရမ်)နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၁၁၅၄ ပြားတို့ကို လည်းကောင်း၊ ထို့အတူ ဇူလိုင် ၃၀ ရက် နံနက်က လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မောင်တောမြို့နယ် နတ်မြစ်အတွင်းရှိ စံပယ်ရင်းချောင်းအနီး၌ ဘင်္ဂလားဒေ့ရှ် နိုင်ငံသားများ ဖြစ်ကြသည့် မာမတ်ဆာဒိတ်၊ မာမတ်ဆူလီနှင့် ရှောင်ရှူးအာလောင်တို့အား လက်ခတ်လေ့တစ်စင်းနှင့်အတူ တွေ့ရှိပြီး စစ်ဆေးရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၅၀၀ သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။



ချစ်ဖူးလှိုင်နှင့် ဝင်းလှိုင်တို့အား ဖမ်းဆီးရမိသည့် လက်နက်၊ ခဲယမ်းများ၊ စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

**သတင်းစဉ်**

## လှိုင်ကော်မြို့၌ ကျောင်းသားနှစ်ဦးအား ရိုက်နှက်၍ ဆိုင်ကယ်ကို လုယူမှုဖြစ်

**လှိုင်ကော် ဩဂုတ် ၁**

ကယားပြည်နယ် လွိုင်ကော်မြို့ လောဗ္ဗရပ်ကွက် လူသွားလူလာပြတ်သော မြကလပ်တောင်နှင့် ရွှေလက်ဝါး ဘုန်းကြီးကျောင်းလမ်းကြားရှိ ကျွန်းတောအနီး၌ ဇူလိုင် ၃၁ ရက် ညနေ ၄ နာရီ ၁၅ မိနစ်ခန့်က ကျောင်းဆင်း၍ ဆိုင်ကယ်ဖြင့်အိမ်သို့ပြန်လာသည့် ကျောင်းသားနှစ်ဦးအား အသက် (၂၀)ခန့်အရွယ်ရှိ လူငယ်နှစ်ဦးက တုတ်ဖြင့်ရိုက်ကာ ဆိုင်ကယ်လုယူမှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇူလိုင် ၃၁ ရက် မွန်းလွဲ ၃ နာရီခွဲခန့်က မောင်ဝေထွဋ် မောင်းနှင်ပြီး မောင်ဝေယံဟိန်း လိုက်ပါစီးနင်းလာသော ၅ဝယ/----- ဟွန်ဒါကစ် 125 ဆိုင်ကယ်ဖြင့် လွိုင်ကော်မြို့ လောဗ္ဗရပ်ကွက် ရွှေလက်ဝါး ဘုန်းကြီးကျောင်းလမ်းအတိုင်း နေအိမ်သို့ မောင်းနှင်ပြန်လာစဉ် အဆိုပါလမ်းကြားရှိ ကျွန်းတောအနီးအရောက်တွင် အသက်(၂၀) နှစ်ခန့်အရွယ်ရှိ လူငယ်နှစ်ဦးက ဆိုင်ကယ်ကို တားသဖြင့် ရပ်တန့်ပေးစဉ် အဆိုပါ လူငယ်နှစ်ဦးက အသင့်ပါလာသည့်တုတ်ဖြင့် ၎င်းတို့နှစ်ဦးအား ရိုက်နှက်မှုကြောင့် မောင်ဝေထွဋ်မှာ သတိလစ်နေစဉ် ၎င်းတို့စီးနင်းလာသော ဆိုင်ကယ်အား မောင်းနှင်ထွက်သွားကြောင်း သိရသည်။

မောင်ဝေထွဋ်နှင့် မောင်ဝေယံဟိန်းတို့အား မိခင်ဖြစ်သူက လွိုင်ကော်ပြည်သူ့ဆေးရုံသို့ ဆေးကုသမှုခံယူရန် ပို့ဆောင်ခဲ့ပြီး မောင်ဝေထွဋ်နှင့် မောင်ဝေယံဟိန်းတို့အား ရိုက်နှက်ပြီး ဆိုင်ကယ်အား လုယူသွားသူ လူငယ်နှစ်ဦးကို စုံစမ်းဖော်ထုတ်ပေးရန် မိခင်ဖြစ်သူ ဒေါ်ယဉ်မိုးသူက တိုင်ကြားထားသဖြင့် လွိုင်ကော်မြို့မ ရဲစခန်းက အမှုဖွင့်စုံစမ်းနေကြောင်း သိရသည်။

**ကိုစိုင်း (လွိုင်ကော်)**

## ရေပူ ပူးပေါင်းစစ်ဆေးရေးအဖွဲ့က တရားမဝင်သစ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၁**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်းများကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဇူလိုင် ၃၁ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စု လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၉၈၅ စီး၊ သွင်းကုန် ၉၄၃ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် လေးစီး၊ သွင်းကုန် ၁၇ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၃၁ ရက်က ရေပူအမြဲတမ်းစစ်ဆေးရေး စခန်းမှ တားဆီးမှု သုံးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁ ဒသမ ၇၄၅ သန်းခန့်၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှုတစ်မှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၀ ဒသမ ၈၀၀ သန်းခန့် စုစုပေါင်းတားဆီးမှု လေးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂ ဒသမ ၅၄၅ သန်းခန့်ကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဇူလိုင် ၃၁ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က တိုယိုတာဝစ်ရှ် ယာဉ်တစ်စီးအား စစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် ပိတောက်ခွဲသားရွေ ၀ ဒသမ ၈၃၄၄ တန်နှင့် အဆိုပါ ပစ္စည်းသယ်ဆောင်သည့်ယာဉ် တစ်စီး စုစုပေါင်းခန့်မှန်းတန်ဖိုး ငွေကျပ် ၇ ဒသမ ၅၀၃ သန်းခန့်ကို စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## အင်းတော်မြို့နယ်အတွင်းမှ တရားမဝင်ရွှေမှော်များ ဖမ်းမိ

**အင်းတော် ဩဂုတ် ၁**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် ကချင်ပြည်နယ်အစပ် ဟောင်းတုန်းကျေးရွာအနီး နတ်မီးကာချောင်းအတွင်းမှ တရားမဝင်တူးဖော်နေသည့် ရွှေမှော်များဖမ်းမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇူလိုင် ၃၁ ရက် မွန်းလွဲ ၂ နာရီခန့်က အင်းတော်မြို့မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမြတ်ကိုထွေး ဦးစီး၍ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ခင်မောင်သင်းနှင့် ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်သစ်တောဦးစီးမှူးနှင့်အဖွဲ့များ ပါဝင်သောပူးပေါင်းအဖွဲ့သည် စစ်ကိုင်းတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်အစပ် ဟောင်းတုန်းကျေးရွာအနီး နတ်မီးကာချောင်းအတွင်း၌ တရားမဝင် ရွှေသတ္တုတူးဖော်နေကြောင်း သတင်းအရ သွားရောက်ရှာဖွေ ဖမ်းဆီးခဲ့ရာ လူမနေသည့်တဲခုနစ်လုံး၊ အင်ဂျင်စက် ၁၀ လုံး၊ ဆိုင်ကယ်သုံးစီးနှင့်အတူ တရားမဝင်ရွှေသတ္တုတူးဖော်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

အဆိုပါ တရားမဝင်ရွှေသတ္တုတူးဖော်နေသူများ အမြန်ဖမ်းဆီးရမိရေးအတွက် ဒေသခံများနှင့် ပူးပေါင်းဆောင်ရွက်ထားကြောင်း အင်းတော်မြို့နယ် မော်လူးမြို့အုပ်ချုပ်ရေးမှူး ဦးစိုးမြင့်ထံမှ သိရသည်။

**လူအောင်(ကသာ)**

## လောင်းလုံး၌ မိုဇင်မှို စားသုံးမိရာမှ ရှစ်ဦး အစာအဆိပ်သင့်

**လောင်းလုံး ဩဂုတ် ၁**

လောင်းလုံးမြို့နယ် ဟင်းချိုတောကျေးရွာနေ ဦးဖေသိန်း (၇၀ နှစ်)သည် ၎င်းနေအိမ်ခြံဝင်းအတွင်း၌ ပေါက်နေသော ဒေသအခေါ် မိုဇင်မှိုများအား ခူးယူချက်ပြုတ်စားသောက်ခဲ့ရာ ဇူလိုင် ၃၁ ရက် နံနက် ၁၀ နာရီခွဲခန့်တွင် ဦးဖေသိန်း အပါအဝင် ရှစ်ဦးတို့သည် မူးဝေအော့အန် (စိုးရိမ်ရ) ဖြစ်ပွားခဲ့သဖြင့် မွန်းလွဲ ၂ နာရီတွင် ထားဝယ်နှင့် လောင်းလုံး ပြည်သူ့ဆေးရုံတို့၌ တက်ရောက်ဆေးကုသလျက်ရှိကြောင်း သိရသည်။

**ကိုရဲ**

## ဖောင်းပြင်မြို့နယ်၌ ရွှေတူးဖော်နေစဉ် မြေပြိုကျ၍ သုံးဦးသေဆုံး

**ဖောင်းပြင် ဩဂုတ် ၁**

စစ်ကိုင်းတိုင်းဒေသကြီး ဖောင်းပြင်မြို့နယ် တုံကောင်းမှုကျေးရွာအနီး ရွှေလုပ်ကွက်ဟောင်း၌ ဇူလိုင် ၃၁ ရက် မွန်းလွဲ ၁၂ နာရီခွဲက အမျိုးသားသုံးဦး မြေစာပိ၍ သေဆုံးသွားကြောင်း သိရသည်။

မြေပြိုမှုဖြစ်ပွားကြောင်း သတင်းအရ ဖောင်းပြင်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ သွားရောက်စစ်ဆေးခဲ့ရာ လှိုင်မခံကျေးရွာနေ ဦးစိန်သောင်း(၃၇ နှစ်)၊ ဒိုးခြံကျေးရွာနေ မောင်တင်မျိုးဝင်း (၁၉ နှစ်)နှင့် ဇီးပင်သာကျေးရွာနေ ဦးဝင်းထွန်း(၃၀ နှစ်)တို့ သုံးဦးသည် ရွှေမှော် လုပ်ကွင်းကျင်းဟောင်း၏ မြေကမ်းပါးယံအား နော်ဇယ်ခေါင်းပိုက်ဖြင့်ထိုးပြီး ရွှေတူးဖော်နေစဉ် မြေပြိုကျ၍ သုံးဦးစလုံး မြေစာပိမိကာ သေဆုံးသွားခြင်းဖြစ်ကြောင်း သိရသဖြင့် ဖောင်းပြင်မြို့မရဲစခန်း၌ သေမှုသေခင်းဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ကိုရဲ**

## နိုင်ငံကူးလက်မှတ် အတုကိုင်ဆောင်သူအား အရေးယူ

**ရန်ကုန် ဩဂုတ် ၁**

ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် MAI လေကြောင်းခရီးစဉ်ဖြင့် ရန်ကုန်မှ ကွမ်ကျိုးလေဆိပ်သို့ လိုက်ပါသွားသော မြစ်ကြီးနားမြို့နယ် အေးစေတီရပ်ကွက်နေ ထင်ရွှင်(၄၃ နှစ်) (နိုင်ငံကူးလက်မှတ်စာအုပ် အမှတ် MC.------) ကိုင်ဆောင်သူသည် ကွမ်ကျိုးလေဆိပ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ ပြည်ဝင်ခွင့်မပြုဘဲ ပြန်လည်တင်ပို့လိုက်၍ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ဇူလိုင် ၃၁ ရက် ညနေ ၄ နာရီ မိနစ် ၄၀ က ပြန်လည်ရောက်ရှိလာခဲ့သည်။

ထို့ကြောင့် ၎င်း၏နိုင်ငံကူးလက်မှတ်အား ရန်ကုန်လေဆိပ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနတွင် စစ်ဆေးဆောင်ရွက်ခဲ့ရာ နိုင်ငံကူးလက်မှတ်စာအုပ်၏ ကိုယ်ရေးအချက်အလက်ပါ စာမျက်နှာအား Computer Barcode စက်ဖြင့် စိစစ်၍ မရသဖြင့် ထင်ရွှင် (Htin Shwin) အမည်ဖြင့် ဓာတ်ပုံပါအချက်အလက်များအား ပြင်ဆင်အတုပြုလုပ်ထားကြောင်း သိရှိရသောကြောင့် နိုင်ငံကူးလက်မှတ်စာအုပ်အား ပြင်ဆင်၍ အချက်အလက်များကို အတုပြုလုပ်ကိုင်ဆောင်သူ ထင်ရွှင်အား မင်္ဂလာဒုံ မြို့မရဲစခန်းက အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

## မင်္ဂလာတောင်ညွန့်မြို့နယ်၌ သံဂဟေဆော်ရာမှ မီးလောင်မှုဖြစ်

**ရန်ကုန် ဩဂုတ် ၁**

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် ကျီတော်ရပ်ကွက် မဟာဗန္ဓုလလမ်း၌ ယနေ့မွန်းလွဲ ၂ နာရီ ၁၅ မိနစ်က သံဂဟေဆော်ရာမှ မီးပွားလွင့်စဉ်၍ မီးလောင်ခဲ့ကြောင်း သိရသည်။

မီးလောင်မှုဖြစ်စဉ်မှာ ဗီဒီယိုရိုက်ကူးရေး လုပ်ငန်းရှင် ဦးသာခင်-ဒေါ်ချိုချိုလွင်နှင့် လုပ်ငန်း တာဝန်ခံ ဦးဇော်မျိုးဝင်းတို့၏ အမှတ်(၄၆-B) RC တစ်ထပ်လုံးချင်း တိုက်ခန်းတွင် သံဂဟေဆော်ရင်း မီးပွားလွင့်စဉ်ပြီး မီးလောင်ခဲ့ရာ တာမွေမြို့နယ် မီးသတ်စခန်းမှ မီးသတ်ယာဉ်တစ်စီး၊ မင်္ဂလာတောင်ညွန့်မြို့နယ် မီးသတ်စခန်းမှ မီးသတ်ယာဉ်တစ်စီးတို့ဖြင့် မီးငြှိမ်းသတ်ခဲ့ရာ မွန်းလွဲ ၂ နာရီ မိနစ် ၄၀ ခန့်တွင် မီးငြိမ်းသွားကြောင်း သိရသည်။

အဆိုပါ မီးလောင်မှုကြောင့် တိုက်ခန်းအတွင်းရှိ ဆိုဖာကိုးလုံး၊ အဲယားဖန်တစ်လုံး၊ လေအေးပေးစက်တစ်လုံးတို့ ဆုံးရှုံးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



**ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ**

# ရုရှားသို့ စစ်ဘက်ဆိုင်ရာ သတင်းအချက်အလက်လွှဲပြောင်းပေးမှုကြောင့် ယူကရိန်းသိပ္ပံပညာရှင်တစ်ဦးကို ထောင်ဒဏ် ၁၂ နှစ် ချမှတ်

**ကီယက်ဗ် ဩဂုတ် ၁**

ရုရှားနိုင်ငံသို့ စစ်ဘက်ဆိုင်ရာ သတင်းအချက်အလက်များ လွှဲပြောင်းပေးမှုနှင့်ပတ်သက်ပြီး အသက် ၈၄ နှစ်ရှိ သိပ္ပံပညာရှင်တစ်ဦးကို ယူကရိန်းတရားရုံးတစ်ရုံးက ၁၂ နှစ်ကြာ ထောင်ဒဏ် ချမှတ်လိုက်ကြောင်း အဆိုပါ သိပ္ပံပညာရှင်၏ ရှေ့နေနှင့် အစိုးရရှေ့နေတို့က မကြာသေးမီက ပြောခဲ့သည်။



ရုရှားကို ထောက်ခံသည့် ခွဲထွက်ရေးသမားများနှင့် ရှေ့တန်းစစ်မျက်နှာအနီး ယူကရိန်းနိုင်ငံ အရှေ့မြောက်ပိုင်း ခါကီဗ်မြို့တွင် လွန်ခဲ့သောဩဂုတ်လက အသက် ၈၄ နှစ်ရှိ သိပ္ပံပညာရှင်ဖြစ်သူ မာ့ဟ်ထိလိုဂူနော့ဗ်ကို ဖမ်းဆီးခဲ့ကြောင်း ဒေသတွင်း အစိုးရရှေ့နေတစ်ဦးက ပြောခဲ့သည်။

၎င်းသည် နိုင်ငံတော် ထိပ်တန်းလျှို့ဝှက်ချက်များကို ပိုင်ဆိုင်သော သိပ္ပံဆိုင်ရာအင်စတီကျူးရှင်းများ၏ သတင်းအချက်အလက်များကို ရယူခဲ့ကြောင်း၊ အထူးသဖြင့် စစ်ဘက်ဆိုင်ရာ သတင်းအချက်အလက်များဖြစ်ကြောင်း အစိုးရရှေ့နေက ကြေညာချက်တွင် ဖော်ပြခဲ့သည်။

နိုင်ငံတော် ထိပ်တန်းလျှို့ဝှက်ချက်များ ပါရှိနေသည့်အတွက် အသက် ၈၄ နှစ်ရှိ သိပ္ပံပညာရှင်ဖြစ်သူ မာ့ဟ်ထိလိုဂူနော့ဗ်၏ အမှုကို တံခါးပိတ်စီရင်ခဲ့ကြောင်း ၎င်း၏ရှေ့နေဖြစ်သူ ဒီမိုက်ထရို သိုင်ကိုနန်ကော့ဗ်က အေအက်ဖ်ပီသို့ ပြောခဲ့သည်။

အသက် ၈၄ နှစ်ရှိ သိပ္ပံပညာရှင်ဖြစ်သူ မာ့ဟ်ထိလိုဂူနော့ဗ်၏ ရှေ့နေက ၎င်း၏အမှုသည်ကို ထောင်ဒဏ် ၁၂ နှစ် ချမှတ်လိုက်ကြောင်း၊ သို့သော်လည်း ၎င်းအနေဖြင့် အသနားခံလျှောက်လဲချက် ထပ်မံလျှောက်ထားမည်ဖြစ်ကြောင်း ပြောခဲ့သည်။

အဆိုပါ သိပ္ပံပညာရှင်သည် ယူကရိန်းအရှေ့ဘက်တွင် ဖြစ်ပွားခဲ့သည့် ခွဲထွက်ရေးအပေါ် ၎င်း၏ သဘောကျမှုကို ယခင်က လူသိရှင်ကြား ဖော်ပြခဲ့ဖူးကြောင်း သိရသည်။

"အကယ်၍ ကျွန်ုပ်သာ ငယ်ငယ်ရွယ်ရွယ်ဖြစ်ခဲ့ပါက အစ်ဂေါ စထရယ်ကော့ဗ်နဲ့ ဆက်သွယ်ဆောင်ရွက်ကောင်း ဆောင်ရွက်နိုင်မှာဖြစ်တယ်" ဟု ယခင် သူပုန်ခေါင်းဆောင်ဖြစ်သူကို ရည်ညွှန်းကာ ယူကရိန်းရုပ်မြင်သံကြား တွေ့ဆုံမေးမြန်းမှုတစ်ခုတွင် အသက် ၈၄ နှစ်ရှိ သိပ္ပံပညာရှင်ဖြစ်သူ မာ့ဟ်ထိလိုဂူနော့ဗ်က ပြောခဲ့သည်။

ယူကရိန်းရုပ်မြင်သံကြားလိုင်းတစ်ခုဖြစ်သည့် ဝမ်းပလက်စ်ဝမ်းတွင် အသက် ၈၄ နှစ်ရှိ သိပ္ပံပညာရှင်ဖြစ်သူ မာ့ဟ်ထိလိုဂူနော့ဗ်သည် လျှို့ဝှက်စွာအစီရင်ခံခဲ့သည့် ကီယက်ဗ်၏ စစ်ဘက်ဆိုင်ရာ နည်းပညာဖွံ့ဖြိုးမှုအစီအစဉ်သစ်ကို ရရှိခဲ့ပြီး ၎င်းအစီအစဉ်ကို ရုရှားသို့ လူကိုယ်တိုင်ပေးပို့ရန် စီစဉ်ဆောင်ရွက်ခဲ့ကြောင်း ဖော်ပြခဲ့သည်။

မော်စကိုထောက်ခံ ခွဲထွက်ရေးသမားများနှင့် ယူကရိန်းတပ်မတော်တို့ကြား ၂၀၁၄ ခုနှစ်ကတည်းက ဖြစ်ပွားခဲ့သည့် အဆိုပါ ပဋိပက္ခတွင် လူပေါင်း ၁၀၀၀၀ ကျော် သေဆုံးခဲ့ကြောင်း သိရသည်။

ပဋိပက္ခဖြစ်ပွားနေသည့်နေရာသို့ ရုရှားက ၎င်း၏တပ်ဖွဲ့များကို စေလွှတ်နေသည်ဟု ခိုင်မာသည့် သတင်းရင်းမြစ်များက ဖော်ပြခဲ့သလို ကီယက်ဗ်နှင့် အနောက်အုပ်စုများက ရုရှားသည် သူပုန်များဘက်သို့ စစ်လက်နက်များထောက်ပံ့ပေးနေသည်ဟု ပြောဆိုခဲ့သည့် စွပ်စွဲချက်ကို ရုရှားက ငြင်းဆိုခဲ့သည်။

**အေအက်ဖ်ပီ**

## ရွေးကောက်ပွဲ မကျင်းပနိုင်ခဲ့သည့် မဲရုံများနှင့်ပတ်သက်ပြီး တိကျသည့် စာရင်းတင်ပေးဖို့ မာလီကို အီးယူ တောင်းဆို

**မော့ပ်တီ ဩဂုတ် ၁**

အကြမ်းဖက်မှုကြောင့် သမ္မတရွေးကောက်ပွဲမကျင်းပနိုင်ခဲ့သည့် မဲရုံများနှင့် ပတ်သက်ပြီး ပြည့်စုံသည့် စာရင်း တင်ပေးဖို့ မာလီကို ဥရောပသမဂ္ဂ (အီးယူ) က ဖိအားပေးတောင်းဆိုလိုက်ကြောင်း အေအက်ဖ်ပီသတင်းမှာ ဖော်ပြခဲ့သည်။



မာလီတစ်နိုင်ငံလုံးတွင် စုစုပေါင်း မဲရုံပေါင်း ၂၃၀၀၀ ရှိခဲ့သည်။ မာလီနိုင်ငံ အလယ်ပိုင်း မော့ပ်တီဒေသတွင် လက်နက်ကိုင်အုပ်စုများကြောင့် မငြိမ်သက်မှုများ ဖြစ်ပွားရာ မဲရုံပေါင်း ၇၁၆ ရုံတွင် မဲတစ်ပြားမှပင် မပေးခဲ့ရကြောင်း သိရသည်။

ရွေးကောက်ပွဲလှုပ်ရှားမှုများ ဆောင်ရွက်နေစဉ်အတွင်း လုံခြုံရေးမှာ အရေးကြီးသောကိစ္စရပ်ဖြစ်ပြီး အဆိုပါလှုပ်ရှားမှုတွင် အသက် ၇၃ နှစ်ရှိ သမ္မတဟောင်း အီဘရာဟင် ဘော်ဘာကာကီတာသည် အပြည်ပြည်ဆိုင်ရာ အသိုင်းအဝိုင်းများ၏ထောက်ခံမှုများဖြင့် ပြန်လည်ရွေးကောက်ခံနိုင်ရန် ကြိုးစားနေသည်။ ရွေးကောက်ပွဲဆန္ဒမဲပေးမှုသည် ၂၀၁၅ ငြိမ်းချမ်းရေးသဘောတူညီချက်ကို ပိုမိုအထောက်အပံ့ဖြစ်မည်ဟု ယူဆရသည်။ မာလီမြောက်ပိုင်းတွင် ငြိမ်းချမ်းရေးသဘောတူညီချက် လက်မှတ်ရေးထိုးထားသော လက်နက်ကိုင်အုပ်စုများက လုံခြုံရေးကို ဝိုင်းဝန်းထိန်းသိမ်းခဲ့သည်။

ဆန္ဒမဲပေးမှုကို ဥရောပသမဂ္ဂ(အီးယူ)၊ အာဖရိကသမဂ္ဂ၊ ဒေသတွင်း အက်ကိုဝက်စ်အုပ်စုများနှင့် ဖရန်ကိုဖိုနီအုပ်စုတို့မှ လေ့လာစောင့်ကြည့်သူများက အကဲဖြတ်စောင့်ကြည့်ခဲ့ကြောင်း သိရသည်။

**အေအက်ဖ်ပီ**

## အေရိုမက္ကဆီကိုလေယာဉ်တစ်စင်း ပျက်ကျခဲ့သော်လည်း သေဆုံးသူ မရှိ



**မက္ကဆီကိုစီးတီး ဩဂုတ် ၁**

အေရိုမက္ကဆီကိုလေယာဉ်တစ်စင်းသည် မက္ကဆီကိုနိုင်ငံမြောက်ပိုင်း ဒူရန်ဂို ပြည်နယ်တွင် ပျက်ကျသွားခဲ့ကြောင်း ဒေသတွင်းမီဒီယာက မကြာသေးမီက ဖော်ပြခဲ့သည်။

ဒူရန်ဂိုပြည်နယ်အုပ်ချုပ်ရေးမှူး ဂျို့စ်အိုက်စ်ပူရို၏ ပျံသန်းမှုခရီးစဉ်အမှတ် အေအမ် ၂၄၃၁ လေယာဉ်မတော်တဆမှုတွင် သေဆုံးသူမရှိကြောင်း သိရသည်။

အေရိုမက္ကဆီကိုလေယာဉ် ဒူရန်ဂိုမှာ မတော်တဆဖြစ်ပွားခဲ့သည့် သတင်းကို အတည်ပြုရန်နှင့် အသေးစိတ်အချက်အလက်များကိုသိရန် လုပ်ဆောင်နေကြောင်း လေကြောင်းလိုင်း၏ တွစ်တာလူမှုကွန်ရက်တွင် ရေးသားထားသည်။

လေယာဉ်ပေါ်တွင် ခရီးသည် ၉၇ ဦးနှင့် လေယာဉ်အမှုထမ်း လေးဦး လိုက်ပါလာကြောင်း မက္ကဆီကိုနိုင်ငံ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဂီရာဒိုရုဇ် အက်စ်ပါဇာက ပြောသည်။

အဆိုပါလေယာဉ်သည် ပြည်နယ်မြို့တော် ဂျင်နရယ်ဂူတာလုပ် ဗစ်တိုးရီးယားနိုင်ငံတကာလေဆိပ်မှ ပျံတက်ပြီး မကြာမီ ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**

## ပင်လယ်နီတွင် စစ်ပွဲများ ရပ်တန့်သွားစေရေး ယီမင်ဟူသီသူပုန်များ ကမ်းလှမ်း

**ဆာနား ဩဂုတ် ၁**

ပင်လယ်နီတွင် ဆော်ဒီဦးဆောင်သည့် မဟာမိတ်များ၏ ထိုးစစ်ဆင် တိုက်ခိုက်နေမှုများကို ရပ်တန့်ရန် ယီမင်နိုင်ငံမှ ဟူသီသူပုန်ဘက်က တရားဝင်ကမ်းလှမ်းခဲ့သည်။ ဟူသီသူပုန်များဘက်မှ တိကျသေချာသော အချိန်အတိုင်းအတာတစ်ခုအတွင်း ပင်လယ်ရေကြောင်းမှ ထိုးစစ်ဆင်တိုက်ခိုက်နေမှုများကို ရပ်နားရန် ကမ်းလှမ်းခြင်းဖြစ်ကြောင်း၊ အကယ်၍ မဟာမိတ်ခေါင်းဆောင်များက အပြန်အလှန်အားဖြင့် တိုက်ပွဲများ ရပ်နားပေးပါက မြေပြင်စစ်တပ်များပါ တိုက်ပွဲများ ရပ်နားထားမည်ဖြစ်ကြောင်း ဟူသီနိုင်ငံရေးအထူးကော်မတီ အကြီးအကဲ မိုဟာမက်အလီအယ်ဟူသီက ဆာဘာသတင်းဌာနကို ပြောသည်။

ဟူသီသူပုန်များဘက်မှ မဟာမိတ်များ၏တုံ့ပြန်မှုကို စောင့်ဆိုင်းနေသည်မှာ သေချာသည်။ ဟူသီသူပုန်များက ဆော်ဒီရေနံတင်သင်္ဘော နှစ်စင်းကို တိုက်ခိုက်ခဲ့ပြီးနောက် လွန်ခဲ့သော သီတင်းပတ်က ဆော်ဒီရေနံတင်သင်္ဘော ပင်လယ်နီရေလက်ကြားအတွင်း ဖြတ်သန်းမှုကို ရပ်နားထားခဲ့ရသည်။ ယင်းရေနံတင်သင်္ဘောနှစ်စင်းအနက် တစ်စင်းမှာ အပျက်အစီးအနည်းငယ်သာရှိကြောင်း ဆော်ဒီအစိုးရက ပြောသည်။ ရေလမ်းခရီး လုံခြုံစိတ်ချရမှု မရှိသေးသရွေ့ ရေလက်ကြားအတွင်း ဖြတ်သန်းမှုကို ရပ်တန့်ထားမည်ဖြစ်ကြောင်း ဆော်ဒီအစိုးရက ပြောသည်။

ဆော်ဒီအာရေဗျနှင့် ယူအေအီးနိုင်ငံတို့ စုပေါင်းပြီး ပြည်ပသို့ ထွက်ပြေးခဲ့သည့် ယီမင်သမ္မတဘက်မှနေ၍ ယီမင်နိုင်ငံမှ ဟူသီသူပုန်များကို တိုက်ခိုက်နေသည်။ ပင်လယ်နီဆိပ်ကမ်းမြို့ဖြစ်သည့် မြို့တော်ဟူဒေဒါကို ဟူသီများလက်ထဲမှ ပြန်လည်သိမ်းပိုက်ရယူနိုင်ရေး ဇွန် ၁၃ ရက်မှစတင်ကာ ထိုးစစ်ဆင် တိုက်ပွဲဝင်ခဲ့သည်။

**ဆင်ဟွာ**

## မြောက်ကိုရီးယား၌ နျူကလီးယားကင်းစင်ရေး ဂျပန်နှင့် ရုရှားတို့ ပူးပေါင်းဆောင်ရွက်မည်

**မော်စကို ဩဂုတ် ၁**

မြောက်ကိုရီးယား၌ နျူကလီးယားလက်နက်ကင်းစင်ရေးအတွက် ဂျပန်နှင့် ရုရှားနိုင်ငံတို့ အတူပူးပေါင်းလုပ်ဆောင်သွားရန် သဘောတူထားသည်။ ဂျပန်နိုင်ငံခြားရေးဝန်ကြီး တာရိုကာနို၊ ဂျပန်ကာကွယ်ရေးဝန်ကြီး အစ်ဆူနိုရီ အိုနိုဒီရာတို့သည် ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂီလက်ဗ်ရော့ဗ်၊ ရုရှားကာကွယ်ရေးဝန်ကြီး ဆာဂီ ရှိုရီဂုတို့နှင့် မော်စကိုတွင် ဇူလိုင် ၃၁ ရက်က တွေ့ဆုံခဲ့သည်။

လွန်ခဲ့သော မတ်လမှစ၍ နှစ်နိုင်ငံတွေ့ဆုံပွဲကို ပထမဦးဆုံးအကြိမ်အဖြစ် မော်စကိုတွင် ပြန်လည်ကျင်းပခြင်းဖြစ်သည်။ နှစ်နိုင်ငံဝန်ကြီးများတွေ့ဆုံရာတွင် အမေရိကန်-မြောက်ကိုရီးယား ဆွေးနွေးပွဲအတွက် ချီးကျူးခဲ့ကြပြီး မြောက်ကိုရီးယားတွင် နျူကလီးယားလက်နက်ကင်းစင်ရေး အတူတကွဆောင်ရွက်မည်ဟု သဘောတူခဲ့ကြသည်။ ထို့ပြင် ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးနှင့် ရုရှားသမ္မတ ဗလာဒီမာပူတင်တို့သည် ဗလာဒီဗော့စ်တော့ခ်တွင် စက်တင်ဘာလအတွင်း၌ တွေ့ဆုံမည်ဟု နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးများက အတည်ပြု ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**

## နိုင်ငံတကာ သတင်းတိုထွာ

### အွန်လိုင်းပေါ် တင်ထားသည့် ဗီဒီယိုဖိုင်ပါ ဓားစာခံမှာ ပျောက်ဆုံးနေသော ဂျပန် ဂျာနယ်လစ်ဖြစ်နိုင်

**တိုကျို ဩဂုတ် ၁**

ဂျပန်ကက်ဘိနက် အတွင်းရေးမှူး ယိုရှီဘီဒေး ဆူဂါသည် တနင်္လာနေ့က အွန်လိုင်းပေါ်တွင် တွေ့ရသော ဗီဒီယိုဖိုင်တွင် ပါရှိသည့် ဓားစာခံမှာ ပျောက်ဆုံးနေသော ဂျပန်ဂျာနယ်လစ် ဖြစ်နိုင်ကြောင်း ပြောခဲ့သည်။ ယင်းဗီဒီယိုဖိုင်ကို တနင်္လာနေ့တွင် အွန်လိုင်းပေါ် တင်ခဲ့ခြင်း ဖြစ်သည်။

အဆိုပါဗီဒီယိုတွင် လိမ္မော်ရောင် ဝတ်စုံဝတ်ထားသော အကျဉ်းသား အမျိုးသားတစ်ဦးနှင့် ၎င်း၏နောက်တွင် ရပ်နေသော မျက်နှာဖုံးစွပ်ထားသည့် လက်နက်ကိုင် စစ်သွေးကြွနှစ်ဦးကို တွေ့ရှိရသည်။ အဖမ်းခံထားရသည့် ဓားစာခံမှာ ဂျပန်ဘာသာစကားဖြင့် မိနစ် ၂၀ ကြာ စကားပြောခဲ့သည်။

အဆိုပါအကျဉ်းသားမှာ ၂၀၁၅ ခုနှစ်က ဆီးရီးယားတွင် ပျောက်ဆုံးသွားသော ဂျပန် အလွတ်တန်းသတင်းထောက် ဂျန်ပီယာဆူဒါဖြစ်နိုင်ကြောင်း ယူဆရသည်။ နိုင်ငံပြင်ပတွင် ရောက်ရှိနေသော ဂျပန်နိုင်ငံသားများ လုံခြုံရေးအတွက် အစိုးရသည် အထူးဂရုပြုကြောင်း၊ မစ္စတာ ယာဆူဒါ လွတ်မြောက်ရေးအတွက် အစွမ်းကုန်ကြိုးစားသွားမည်ဖြစ်ကြောင်း ဆူဂါက ပြောသည်။

**အင်န်အိတ်ချ်ကေ**

### တောင်-မြောက်ကိုရီးယား နှစ်နိုင်ငံ စစ်ဘက်ဆိုင်ရာပုဂ္ဂိုလ်က ပန်မွန်ဂျုံ ကြေညာစာတမ်း အကောင်အထည်ဖော်ရန်ဆွေးနွေး

**ဆိုးလ် ဩဂုတ် ၁**

တောင်-မြောက် ကိုရီးယားနှစ်နိုင်ငံ စစ်ဘက်ဆိုင်ရာပုဂ္ဂိုလ်က ပန်မွန်ဂျုံကြေညာစာတမ်း အကောင်အထည်ဖော်ရန် ဆွေးနွေးခဲ့ကြောင်း၊ အဆိုပါဆွေးနွေးမှုကို ဇူလိုင် ၃၁ ရက်က ပန်မွန်ဂျုံရှိ ငြိမ်းချမ်းရေး အိမ်တော်တွင် ပြုလုပ်ခဲ့ကြောင်း၊ ဆွေးနွေးမှု၏ ရလဒ်နှင့်ပတ်သက်ပြီး ကြေညာချက်မထုတ်ပြန်သေးကြောင်း သိရသည်။

ယခုတစ်ကြိမ်ဆွေးနွေးမှုသည် နှစ်ဖက်ကင်းစခန်းများဖျက်သိမ်းရေး၊ ပန်မွန်ဂျုံဒေသ တပ်စခန်းဧရိယာတွင်း လက်နက်ကိုင်တပ်ဖွဲ့များ ဖယ်ရှားရေးနှင့် ကိုရီးယားစစ်ပွဲအတွင်း ကျဆုံးခဲ့သည့် စစ်သည်တော်တို့၏ ရုပ်အလောင်းများကို တူးဖော်ရေး ကိစ္စရပ်များပါဝင်ကြောင်း စစ်ဘက်ဆိုင်ရာ အရာရှိတစ်ဦး၏ ပြောကြားချက်အရ သိရသည်။ ဆွေးနွေးပွဲတွင် နှစ်ဖက်အငြင်းပွားမှုများကို သေးငယ်အောင် ဆောင်ရွက်နိုင်ခဲ့သော်လည်း အချို့ကိစ္စရပ်များတွင် သဘောတူညီမှု မရရှိခဲ့သောကြောင့် ကြေညာချက် မထုတ်ပြန်နိုင်သေးခြင်းဖြစ်ကြောင်း အဆိုပါ အရာရှိက ဆက်လက်ပြောကြားခဲ့သည်။

နှစ်နိုင်ငံအနေဖြင့် စစ်မဲ့ဇုန်များတွင် ငြိမ်းချမ်းရေးဇုန် တည်ဆောက်ရေးကို သဘောတူညီခဲ့သော်လည်း လက်တွေ့ အကောင်အထည်ဖော်မှုနှင့် ပတ်သက်ပြီး မည်သည့်အချိန် ဘယ်လိုပုံစံမျိုး လုပ်ဆောင်သွားမလဲဆိုသည့် ကိစ္စရပ်များကို ဆက်လက် ဆွေးနွေးသွားမည်ဖြစ်ကြောင်း ဒေသတွင်းမီဒီယာများတွင် ဖော်ပြထားသည်။

**ဆင်ဟွာ**

# အမေရိကန် - အီရန် တွေ့ဆုံမှု ဖြစ်နိုင်ပါ့မလား

**တင်လင်းအောင်**




အမေရိကန်သမ္မတ ဒေါ်နယ်ထရန့် အနေနဲ့ အီရန်နဲ့ ဆွေးနွေးမှုကို ကမ်းလှမ်းလိုက်ပြီးတဲ့နောက်မှာ အဲဒီအပေါ် ယုံကြည်သူမရှိသလောက်ပါပဲ။ အဲဒီကိစ္စဟာ အီရန်မှာ မကြာသေးခင်က အုန်းအုန်းကျွက်ကျွက် ရိုက်ခတ်သွားပါတယ်။ အဲဒီကိစ္စအပေါ် ဥပဒေရေးရာ ကျွမ်းကျင်သူတစ်ဦးက နှစ်နိုင်ငံ ညှိနှိုင်းဆွေးနွေးခြင်းဟာ မျက်နှာပျက်စရာ၊ အရှက်တကွဲအကျိုးနည်းစရာ အခြေအနေ ဖြစ်ပေါ်လာနိုင်တယ်လို့ သုံးသပ် ပြောကြားခဲ့ပါတယ်။

**အဆင်သင့်ဖြစ်**

အမေရိကန်နဲ့ အီရန်နှစ်နိုင်ငံ တင်းမာမှုတွေ မြင့်တက်ပြီး ရက်သတ္တပတ်ကြာတဲ့ နောက်မှာတော့ အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်ဟာ ၎င်းအနေနဲ့ အီရန်ခေါင်းဆောင်ကို ဘယ်အချိန်မဆို ဝမ်းသာအားရ တွေ့ဆုံသွားဖို့ အဆင်သင့်ဖြစ်နေကြောင်း မကြာသေးမီက ပြောခဲ့ပါတယ်။ အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်ရဲ့ အဲဒီလို ပြောကြားချက်နဲ့ပတ်သက်ပြီး အီရန် ထိပ်တန်းခေါင်းဆောင်တွေက ချက်ချင်း မှတ်ချက်ပြုပြောဆိုခြင်း မရှိသေးကြောင်းလည်း သိရပါတယ်။

"အီရန်ဘက်ကသာ ဆန္ဒရှိရင် ကျွန်တော့်အနေနဲ့ သူတို့ကို အချိန်မရွေး တွေ့ဆုံသွားဖို့ အဆင်သင့်ဖြစ်နေပါပြီ။ သို့သော်လည်း အီရန်ဘက်က ကျွန်တော့်ကို တွေ့ဆုံဖို့ အဆင်သင့်ဖြစ် မဖြစ် မသိရသေးပါဘူး" လို့ အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က အီတလီဝန်ကြီးချုပ် ဂူဆက်ပီကွန်တီနဲ့ အတူရှိနေစဉ် အိမ်ဖြူတော်သတင်းစာရှင်းလင်းပွဲမှာ ပြောခဲ့ပါတယ်။

"အဲဒီလိုတွေ့ဆုံနိုင်ရင် နိုင်ငံအတွက်လည်း ကောင်းတယ်၊ သူတို့အတွက်လည်း ကောင်းတယ်၊ ကမ္ဘာကြီးအတွက်လည်း ကောင်းတယ်" လို့ ထရန့်က ပြောပါတယ်။ အီရန်သမ္မတ ဟက်ဆန်ရူဟာနီက "ခြင်္သေ့အမြီးနဲ့ မကစားနဲ့" လို့ ရန်စသတိပေးစကားတွေ ပြောခဲ့ပြီး တစ်ပတ်အကြာမှာ အမေရိကန်သမ္မတက အီရန်ခေါင်းဆောင်ကို တွေ့ဆုံဖို့ ကမ်းလှမ်းခဲ့ခြင်း ပါတယ်။

အီရန်သမ္မတရဲ့ ခြိမ်းခြောက်ပြောဆိုမှုကို အမေရိကန်သမ္မတကလည်း လက်သင့်မခံဘဲ "အမေရိကန်ကို ဘယ်တော့မှ မခြိမ်းခြောက်နဲ့၊ အမေရိကန်ကို ခြိမ်းခြောက်ရင် သမိုင်းတစ်လျှောက် ဒုက္ခရောက်သွားမှာဖြစ်တယ်" လို့ ပြန်လည်ချေပ ပြောဆိုခဲ့ပါတယ်။

အီရန်ကို ကမ္ဘာ့နံပါတ် ၁ ရန်သူအဖြစ် သတ်မှတ်ထားတဲ့ အမေရိကန်သမ္မတ ထရန့်ဟာ မေလမှာ ၂၀၁၅ တီဟီရန်နဲ့ သဘောတူခဲ့တဲ့ နျူကလီးယား သဘောတူညီချက်က နုတ်ထွက်ခဲ့ပြီး တီဟီရန်ကို ပိတ်ဆို့မှုတွေလုပ်ဖို့ နည်းဗျူဟာတွေ ပြောင်းလဲခဲ့ပါတယ်။

**အရှက်တကွဲအကျိုးနည်းနိုင်**

အခုလိုမျိုး နိုင်ငံရေးအခင်းအကျင်း မကောင်းတဲ့ အမေရိကန်နဲ့ အီရန်နိုင်ငံတို့ရဲ့ နှစ်နိုင်ငံခေါင်းဆောင်တွေ တွေ့ဆုံဆွေးနွေးညှိနှိုင်းဖို့ဆိုတာ မဖြစ်နိုင်ဘူးလို့ နာမည်ကြီးပုဂ္ဂိုလ်တွေက သုံးသပ်ထားပါတယ်။ "အမေရိကန်သမ္မတ ထရန့်အနေနဲ့ အီရန်နိုင်ငံအပေါ် အထင်အမြင်သေး၊ သဘောထားသေးကာ လွယ်လင့်တကူ အခုလို ဆွေးနွေးညှိနှိုင်းဖို့ စိတ်ကူးဟာ အရှက်တကွဲ အကျိုးနည်းနိုင်ကြောင်း" လွှတ်တော်ဒုတိယဥက္ကဋ္ဌ အလီမိုတာရီက ပြောပါတယ်။

"အမေရိကန်နိုင်ငံဟာ ယုံကြည်ကိုးစားလို့ မရပါဘူး။ အမေရိကန်နိုင်ငံအနေနဲ့ နျူကလီးယားသဘောတူညီချက်က နုတ်ထွက်သွားတဲ့အတွက် ဘယ်လိုလုပ်ပြီး ယုံကြည်လို့ရနိုင်ပါ့မလဲ" လို့ ပြည်ထဲရေးဝန်ကြီး အဒ္ဒေါ်ရီဇာ ရာမနီဖက်ဇ်လီက ပြောပါတယ်။

အမေရိကန်အနေနဲ့ ဩဂုတ် ၆ ရက်မှစကာ အီရန်နိုင်ငံအပေါ် အရေးယူပိတ်ဆို့မှုတွေ အပြည့်အဝ လုပ်ဆောင်သွားမှာ ဖြစ်တယ်လို့ သိရပါတယ်။ အဲလို လုပ်ဆောင်မယ်ဆိုပါက ခြောက်လအတွင်း သုံးပုံနှစ်ပုံ အရှုံးပြနေတဲ့ အီရန်ငွေကြေးမှာ အကျပ်အတည်းပြဿနာတွေ ဖြစ်သွားနိုင်တယ်လို့လည်း သိရပါတယ်။ လွန်ခဲ့တဲ့ ရက်သတ္တပတ်က အမေရိကန်သမ္မတဟာ သူနဲ့ အဆင့်တူ အီရန်သမ္မတကို လူမှုကွန်ရက်စာမျက်နှာဖြစ်တဲ့ တွစ်တာမှာ တကယ်လို့ အမေရိကန်ကို ဆက်လက်ခြိမ်းခြောက်နေမယ်ဆိုပါက အီရန်အနေနဲ့ ဒုက္ခတွေခံစားသွားရမယ်လို့ ပြောခဲ့ပါတယ်။

**သို့လောသို့လောဖြစ်နေ**

အီရန်နဲ့ ဆွေးနွေးညှိနှိုင်းဖို့ အဆင်သင့်ဖြစ်နေပြီဆိုတဲ့ အမေရိကန်သမ္မတ ထရန့်ရဲ့ ကမ်းလှမ်းမှုနဲ့ အခုလို ပြောဆိုနေတဲ့ အခြေအနေကို သုံးသပ်ကြည့်မယ်ဆိုရင် အမေရိကန်-အီရန်တွေ့ဆုံမှုဟာ တကယ်ရော ဖြစ်လာနိုင်ပါ့မလားဆိုပြီး အီရန်တွေက သို့လောသို့လောဖြစ်နေတာ ဖြစ်ပါတယ်။

"နိုင်ငံတကာ ကတိကဝတ်တွေကို ချိုးဖောက်ပြီး နိုင်ငံကို ဖျက်ဆီးမယ်ဆိုတဲ့ သူနဲ့ ဆွေးနွေးညှိနှိုင်းဖို့ မဖြစ်နိုင်ပါဘူး" လို့ တီဟီရန်တက္ကသိုလ်က လေ့လာစူးစမ်းသူ မိုဟာမက်မာရန်ဒီက ဆိုပါတယ်။ သူဟာ နျူကလီးယားအရေး စေ့စပ်ညှိနှိုင်းဆွေးနွေးရေးအဖွဲ့မှာလည်း အဖွဲ့ဝင်အဖြစ် ပါဝင်လျက်ရှိတဲ့သူ ဖြစ်ပါတယ်။

အမေရိကန်ပြည်ထောင်စုနဲ့ ဆွေးနွေးညှိနှိုင်းတယ်ဆိုတာ မကြားဝံ့မနာသာ ကိစ္စမျိုးမဟုတ်ကြောင်း ပါလီမန်နိုင်ငံခြားရေးရာကော်မရှင် အကြီးအကဲ ဟာ့ရှ်မယ်တိုလာ ဖာလာဟတ်ပီယုက်က အစ်နာသတင်းအေဂျင်စီရဲ့ တွေ့ဆုံမေးမြန်းခန်းမှာ ပြောခဲ့ပါတယ်။ အီရန်နဲ့ စစ်မက်ဖြစ်ဖို့ အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်အနေနဲ့ မတတ်နိုင်ဘူးဆိုတာ အစကတည်းက သိထားသင့်တယ်။ သမိုင်းတစ်လျှောက် တစ်နိုင်ငံနဲ့ တစ်နိုင်ငံ မယုံကြည်မှုတွေကြောင့် သံတမန်ဆက်ဆံရေးကို ထိခိုက်သလို ဖြစ်စေခဲ့တယ်လို့ ဖာလာဟတ်ပီယုက်က ပြောပါတယ်။ သို့သော်လည်းပဲ နှစ်နိုင်ငံ တင်းမာမှုလျှော့နည်းဖို့ တခြားနည်းလမ်းမရှိတော့ဘဲ အချင်းချင်း တူညီတဲ့ပန်းတိုင်ကို လျှောက်လှမ်းဖို့လိုကြောင်း သူက ဆက်ပြောပါတယ်။

> **"အီရန်နဲ့ ဆွေးနွေးညှိနှိုင်းဖို့ အဆင်သင့်ဖြစ်နေပြီဆိုတဲ့ အမေရိကန်သမ္မတ ထရန့်ရဲ့ ကမ်းလှမ်းမှုနဲ့ အခုလို ပြောဆိုနေတဲ့ အခြေအနေကို သုံးသပ်ကြည့်မယ်ဆိုရင် အမေရိကန်-အီရန် တွေ့ဆုံမှုဟာ တကယ်ရော ဖြစ်လာနိုင်ပါ့မလားဆိုပြီး အီရန်တွေက သို့လောသို့လောဖြစ်နေ"**

အမေရိကန်ပြည်ထောင်စုနဲ့ ပြန်လည်သင့်မြတ်ခြင်းကို ကာလရှည်ကြာ ဆန့်ကျင်သူတွေ တစ်နည်း ခေါင်းမာသူတွေအနေနဲ့ကတော့ ၂၀၁၅ အီရန် နျူကလီးယားသဘောတူညီချက် ပြိုပျက်သွားတဲ့အပေါ် ပြစ်တင်မှုတွေ ပြုလုပ်နေကြပါတယ်။

တကယ်လို့များ အီရန်နိုင်ငံဟာ အခုလို ၂၀၁၅ နျူကလီးယားအစီအစဉ် တစ်ခုလုံးကို အကောင်အထည်ဖော်ဖို့ အားကြိုးမာန်တက် ဆောင်ရွက်ခဲ့ပါက ယနေ့ခေတ်မှာ ဥရောပကုမ္ပဏီတွေနဲ့ သူတို့ရဲ့ ရင်းနှီးမြှုပ်နှံမှုတွေကို အီရန်နိုင်ငံမှာ မျက်မြင်ဒိဋ္ဌတွေ့မြင်ရမှာ ဖြစ်ပါတယ်။ အမေရိကန်သမ္မတ ထရန့်တောင် နျူကလီးယားအစီအစဉ်က ထွက်ချင်မှ ထွက်မှာပါလို့ ဖာလာဟတ်ပီယုက်က ပြောပါတယ်။

**အီရန်ပြည်တွင်းစီးပွားရေး အခက်အခဲကို ရင်ဆိုင်နေ**

သို့သော်လည်း အစပထမမှာကတည်းက အီရန်နျူကလီးယားအစီအစဉ်ရဲ့ အစိတ်အပိုင်းတချို့ဟာ အလုပ်ဖြစ်ဖို့ ရည်ရွယ်ထားတာမဟုတ်ဘူးဆိုတာ သိရပါတယ်။ ဟိုမရောက် ဒီမရောက် သဘောတူညီချက်ကြောင့်ပဲ အီရန်ပြည်တွင်းစီးပွားရေးဟာ အခုဆိုရင် အခက်အခဲတွေနဲ့ ရင်ဆိုင်နေကြရပြီ ဖြစ်ပါတယ်။

"ကျွန်တော်တို့အားလုံး အမေရိကန်သမ္မတ ထရန့်ဟာ အီရန်နဲ့ အီရန်ပြည်သူတွေအတွက် ရန်သူဆိုတာ ယုံကြည်ထားကြပါတယ်။ သို့သော်လည်း အခုတော့ အဲလိုမဟုတ်ပါဘူး။ အမေရိကန်သမ္မတ ထရန့်ဟာ အီရန်ပြည်သူတွေအတွက် အခွင့်အရေးတွေနဲ့ ဖန်ဆင်းရှင်ရဲ့ အလိုတော်တွေကို ယူဆောင်လာပြီး ကျွန်တော်တို့ရဲ့ အလွန်ဆိုးရွားလှတဲ့ အခြေအနေတွေကို ဖြတ်ကျော်နိုင်မယ့် နည်းလမ်းတွေ ပေးကောင်းပေးမှာပါ" လို့ အသက် ၅၀ ဝန်းကျင်ရှိ ရုံးပိုင်းဆိုင်ရာ မန်နေဂျာတစ်ဦးဖြစ်သူ ဟုရှာက ပြောခဲ့ပါတယ်။

အီရန်ရဲ့ စီးပွားရေးကို ဖျက်ဆီးချင်နေပြီး အီရန်ပြည်သူတွေကို အမေရိကန်ပြည်ထောင်စုအတွင်း ဝင်ရောက်ခွင့်မပြုတဲ့အတွက် အီရန်ပြည်သူတွေက ထရန့်ကို ယုံကြည်ဖို့ ခက်ခဲနေကြောင်းလည်း သိရပါတယ်။ သူပြောတဲ့ ကတိအတိုင်းသာ တည်မယ်ဆိုပါက ဘာကြိုတင်ပြင်ဆင်မှုမှ မလုပ်ဘဲ ဆွေးနွေးလို့ ရပါတယ်။ ထို့အတူပဲ ဥရောပကုန်သွယ်မှုကနေ အကျိုးအမြတ်တွေ ဆောင်ကြဉ်းပေးလာမှာပေါ့လို့ အသက် ၂၀ ဝန်းကျင်ရှိ ဆော့ဖ်ဝဲ အင်ဂျင်နီယာ မော်တီဇာ မာတီယန်က ဆိုပါတယ်။

**အပြောတစ်မျိုး အလုပ်တစ်မျိုး**

သို့သော်လည်း တကယ့်လက်တွေ့မှာ ထင်သလိုမဟုတ်ဘဲ အမေရိကန်သမ္မတက အပြောတစ်မျိုး၊ အလုပ်တစ်မျိုးဖြစ်နေတာကြောင့် သူ့ရဲ့စကားလုံးတွေကို ကျွန်တော်တို့အနေနဲ့ မယုံကြည်ကြောင်း သူက ဆက်ပြောပါတယ်။

ယခုအချိန်အခါကတော့ တရားဝင်ပြောရဆိုရမယ့်အချိန် ရောက်ရှိလာပြီဖြစ်ပါတယ်။ သို့သော်လည်း အမေရိကန်သမ္မတ ထရန့်နဲ့ ပြောဆိုဆွေးနွေးခြင်းဟာ အချည်းနှီးပဲလို့ အီရန်ထိပ်တန်းခေါင်းဆောင် အယာတိုလာ အလီခါမေနီက ပြောပါတယ်။ တွေ့ဆုံဆွေးနွေးဖို့ လုံးဝမဖြစ်နိုင်ဘူးလို့လည်း နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဘာရမ်ဂါဇာမိက ပြောပါတယ်။

အမေရိကန်အနေနဲ့ တစ်နေ့တခြား ယုံကြည်မှုကင်းမဲ့တဲ့ အနေအထားကို ဖော်ပြလာပြီလို့ ဂါဇာမိက ကွန်ဆာဗေးတစ်ယိမ်း မားသတင်းအေဂျင်စီမှာ ဖော်ပြခဲ့ပါတယ်။ ထရန့်အစိုးရက သူ့ရဲ့ ဖိအားအများကြီးပေးမယ့် အစီအစဉ်မှာ အီရန်ကို နျူကလီးယားအစီအစဉ်နဲ့ ဒေသတွင်း လွှမ်းမိုးလာမှုတို့ကို လျှော့ချဖြတ်တောက်ဖို့ အစီအစဉ်တွေ လုပ်ဆောင်လျက်ရှိပါတယ်။ ဆိုခဲ့တဲ့ အချက်တွေကို အသေအချာ လေ့လာကြည့်မယ်ဆိုရင် အမေရိကန်-အီရန် တွေ့ဆုံမှုဟာ စိတ်ကူးသက်သက် အခြေအနေ အဆင့်မျိုးမှာပဲ ရှိပါသေးကြောင်း။ ။

**ကိုးကား- အေအက်ဖ်ပီ**

# အာရှ အားကစား ပြိုင်ပွဲမှသည် . . .

ညီမြတ်သော်တာ ၊ ဓာတ်ပုံ - စိုးညွန့်

**(၁၈) ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည့် အားကစားနည်းများတွင် ပရိသတ်စိတ်ဝင်စားမှုအများဆုံးဖြစ်သည့် အမျိုးသားဘောလုံးအသင်း ပါဝင်လာခဲ့သည်။ မြန်မာဘောလုံးအသင်းသည် ၁၉၉၄ ဟီရိုရှီးမား အာရှအားကစားပြိုင်ပွဲ ပြီးကတည်းက အာရှအားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခြင်းမရှိတော့ဘဲ နှစ်ပေါင်း ၂၄ နှစ် အကြာ ၂၀၁၈ ခုနှစ်မှ ပြန်လည်ယှဉ်ပြိုင်ခြင်းဖြစ်သည်။**



မြန်မာဘောလုံးအသင်းသည် အာရှအားကစားပြိုင်ပွဲတွင် အောင်မြင်မှုများစွာ ရယူနိုင်ခဲ့သည့်အသင်းဖြစ်ပြီး ရွှေတံဆိပ်နှစ်ခု၊ ကြေးတံဆိပ်နှစ်ခု ရယူနိုင်ခဲ့သည့်အထိ အောင်မြင်မှုရခဲ့သည်။

### အအောင်မြင်ဆုံးအသင်းအဖြစ် ရပ်တည်

ယင်းအောင်မြင်မှုကို လက်ရှိ အာဆီယံဘောလုံးလောကကို ကြီးစိုးထားသည့် ထိုင်းအသင်းပင် ကျော်ဖြတ်နိုင်ခြင်းမရှိသေးဘဲ မြန်မာအသင်းသည် အရှေ့တောင်အာရှ အသင်းများတွင် အအောင်မြင်ဆုံးအသင်းအဖြစ် ရပ်တည်လျက်ရှိသည်။ မြန်မာအသင်းသည် အာရှအားကစားပြိုင်ပွဲ (Asian Games) ရွှေတံဆိပ်ဆုကို ၁၉၆၆ နှင့် ၁၉၇၀ ပြိုင်ပွဲတွင် နှစ်ကြိမ်ဆက်တိုက် ရယူနိုင်ခဲ့ခြင်းဖြစ်ပြီး ပြိုင်ပွဲသမိုင်းတစ်လျှောက် နှစ်ကြိမ်ဆက်တိုက် ဗိုလ်စွဲဖူးသည့်အသင်း သုံးသင်းသာရှိခဲ့ပြီး ၁၉၅၄နှင့် ၁၉၅၈ ခုနှစ်တွင် တရုတ်၊ ၁၉၆၆ နှင့် ၁၉၇၀ တွင် မြန်မာ၊ ၁၉၉၈ နှင့် ၂၀၀၂ တွင် အီရန်အသင်းတို့ ဗိုလ်စွဲထားခြင်းဖြစ်သည်။

"ဒီနှစ်ထဲမှာ မြန်မာ့လက်ရွေးစင်အသင်းက ပြိုင်ပွဲနည်းပါတယ်။ နှစ်ကုန်ပိုင်းမှာ ဆူဇူကီးဖလား ပြိုင်ပွဲပဲ ယှဉ်ပြိုင်ရမှာဖြစ်ပါတယ်။ အာရှအားကစားပြိုင်ပွဲက အသက် ၂၃ နှစ်အောက် ပြိုင်ပွဲအဖြစ် သတ်မှတ်ထားပေမယ့် ၂၃ နှစ်အထက် ကစားသမားသုံးဦး အသုံးပြုခွင့်ရှိပါတယ်။ လက်ရွေးစင်အသင်းမှာ ဖွဲ့စည်းမယ့် ကစားသမားအများစုကလည်း ၂၃ နှစ်အောက် ကစားသမားတွေများပါတယ်။ ဒါကြောင့် စုဖွဲ့မှုချင်း သိပ်မကွာတာကြောင့် အာရှအားကစားပြိုင်ပွဲမှာ တစ်ကျော့ပြန် ယှဉ်ပြိုင်ဖြစ်သွားတာပါ။ ပြီးတော့ နည်းပြသစ် အန်တွမ်နီဟေးကိုလည်း ပြိုင်ပွဲရှိအောင် ပြုလုပ်ပေးတဲ့သဘော ဖြစ်ပါတယ်။ ဒါမှ ကစားသမားတွေနဲ့ အသားကျပြီး ဆူဇူကီးဖလားပြိုင်ပွဲမှာ ပိုကောင်းအောင် ပြင်ဆင်နိုင်ဖို့ ဖြစ်ပါတယ်။

"ပြိုင်ပွဲအနေအထားအရ အောင်မြင်မှုရဖို့ ခက်ခဲနိုင်ပေမယ့် အကောင်းဆုံးယှဉ်ပြိုင်မှာပါ။ အမျိုးသမီးအသင်း မယှဉ်ပြိုင်ဖြစ်တာက ဒီကာလက သူတို့အတွက် အပြောင်းအလဲကာလဖြစ်နေပါတယ်။ ရွေးချယ်ထားတဲ့ ကစားသမားတွေမှာ သက်ကြီးကစားသမားတွေနဲ့ လူငယ်ကစားသမားတွေ ကြားမှာ အသက်ကွာဟမှု ကြီးမားနေပါတယ်။ လူငယ်တွေကို အဆင်သင့်ဖြစ်လာအောင် အချိန်ပေးဖို့လိုပါတယ်။ လာမယ့်နှစ်တွေမှာ ဝင်ရောက်ယှဉ်ပြိုင်ဖို့ရှိပါတယ်" ဟု မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အမှုဆောင်အရာရှိချုပ် ဦးဘုန်းနိုင်ဇော်က ပြောကြားသည်။

### ပြင်ဆင်မှုများစွာ ပြုလုပ်လျက်ရှိ

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် ဩဂုတ်လမှဒီဇင်ဘာလအထိ နိုင်ငံတကာပြိုင်ပွဲများစွာ ဝင်ရောက်ယှဉ်ပြိုင်ရန်ရှိနေပြီး ပြင်ဆင်မှုများစွာ ပြုလုပ်လျက်ရှိသည်။ ၂၀၁၈ ခုနှစ်၏ လက်ကျန်ကာလတွင် မြန်မာ့လက်ရွေးစင် အမျိုးသားနှင့် အမျိုးသမီးအသင်း၊ အမျိုးသားအသင်းများဖြစ်သည့် ယူ-၂၁ အသင်း၊ အမျိုးသမီးအသင်းများဖြစ်သည့် ယူ-၁၉ နှင့် ယူ-၁၆ အသင်းတို့ ပြိုင်ပွဲများ၊ ခြေစစ်ပွဲများ ယှဉ်ပြိုင်ရမည်ဖြစ်သည်။

ဦးဘုန်းနိုင်ဇော်က "လက်ကျန်ငါးလမှာ နိုင်ငံတကာ ပြိုင်ပွဲတွေ ဆက်တိုက်ယှဉ်ပြိုင်ရဖို့ ရှိပါတယ်။ ဘောလုံးအသင်းတွေအပြင် ဖူဆယ်အသင်းတွေလည်း ယှဉ်ပြိုင်ရမှာပါ။ လက်ရွေးစင် အမျိုးသားအသင်းက နိုဝင်ဘာလမှာ ဆူဇူကီးဖလားပြိုင်ပွဲ ယှဉ်ပြိုင်ရမှာဖြစ်တာကြောင့် စက်တင်ဘာလကစပြီး နိုင်ငံတကာခြေစမ်းပွဲတွေ ယှဉ်ပြိုင်ကစားမှာ ဖြစ်ပါတယ်။ စက်တင်ဘာနဲ့ အောက်တိုဘာလမှာ နိုင်ငံတကာခြေစမ်းပွဲတွေ ယှဉ်ပြိုင်ကစားမှာဖြစ်ပြီး လောလောဆယ် အာဇဂန်နစ္စတန်အသင်းနဲ့ ခြေစမ်းဖို့ သဘောတူညီမှုရပြီးဖြစ်ပါတယ်။ ပြိုင်ပွဲမတိုင်ခင် ကာတာနိုင်ငံမှာ သွားရောက်လေ့ကျင့်ဖို့ စီစဉ်ထားပါတယ်။ အမျိုးသမီးလက်ရွေးစင်အသင်းက နိုဝင်ဘာလမှာ ၂၀၂၀ တိုကျိုအိုလံပစ်ခြေစစ်ပွဲ ပထမအဆင့် ကစားဖို့ရှိပါတယ်။ ပထမအဆင့်မှာ ကိုယ့်ထက်နိမ့်တဲ့အသင်းတွေနဲ့ ကစားရမှာဖြစ်တာကြောင့် ပြည်ပခြေစမ်းပွဲတွေ ကစားဖို့မရှိဘဲ ပြည်တွင်းမှာပဲ လေ့ကျင့်ပြင်ဆင်မှုတွေ သေချာပြုလုပ်မှာပါ။ ၂၀၁၉ ခုနှစ်မှ နိုင်ငံတကာခြေစမ်းပွဲတွေ ယှဉ်ပြိုင်ကစားမှာဖြစ်ပါတယ်။

"၂၀၁၉ ဆီးဂိမ်းပြိုင်ပွဲအတွက် ရည်ရွယ်ဖွဲ့စည်းထားတဲ့ ယူ-၂၁ အသင်းက ဒီဇင်ဘာလမှာ ဗီယက်နမ်ဖိတ်ခေါ်ပြိုင်ပွဲ ယှဉ်ပြိုင်ဖို့ ရှိပါတယ်။ ပြည်တွင်းလိဂ်ပြိုင်ပွဲတွေပြီးရင် စခန်းဝင်လေ့ကျင့်မှု စတင်ပြုလုပ်မှာဖြစ်ပြီး နှစ်သင်းဖွဲ့စည်းဖို့ စီစဉ်ထားပါတယ်။ အာရှ ယူ-၁၉ အမျိုးသမီးခြေစစ်ပွဲ ပထမအဆင့်ကို အောက်တိုဘာလမှာ အိမ်ရှင်အဖြစ် လက်ခံကျင်းပမှာ ဖြစ်တာကြောင့် ယူ-၁၉ အမျိုးသမီးအသင်းကို ပြင်ဆင်မှုတွေ



မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အမှုဆောင်အရာရှိချုပ် ဦးဘုန်းနိုင်ဇော်

သေချာပြုလုပ်ဖို့ စီစဉ်ထားပါတယ်။ နိုင်ငံတကာခြေစမ်းပွဲ မကစားဖြစ်ရင် ဖိတ်ခေါ်ပြိုင်ပွဲ ယှဉ်ပြိုင်မှာ ဖြစ်ပါတယ်။ ယူ-၁၆ အမျိုးသမီးအသင်းကလည်း အာရှ ယူ-၁၆ ခြေစစ်ပွဲ ပထမအဆင့် ယှဉ်ပြိုင်ဖို့ရှိပေမယ့် ပြိုင်ဘက်အသင်းတွေရဲ့ အနေအထားကြောင့် ပြည်ပခြေစမ်းပွဲ ကစားမှာ မဟုတ်ပါဘူး။ ပြည်တွင်းမှာပဲ ပြင်ဆင်မှာဖြစ်ပြီး ဒုတိယအဆင့်ရောက်မှ လိုအပ်တဲ့ပြင်ဆင်မှုတွေ ပြုလုပ်ပေးသွားမှာဖြစ်ပါတယ်။ လာမယ့်နှစ်ထဲမှာလည်း နိုင်ငံတကာပြိုင်ပွဲတွေ အများကြီး ယှဉ်ပြိုင်ဖို့ရှိပါတယ်။ ကျွန်တော်တို့အနေနဲ့ အမျိုးသမီးဘောလုံးအဆင့်အတန်း မြင့်မားလာဖို့အတွက်လည်း အဓိက ဆောင်ရွက်နေပါတယ်။ အမျိုးသမီး လက်ရွေးစင်အသင်းက သွေးသစ်လောင်းဖို့ လိုအပ်နေပြီး လာမယ့်ပြိုင်ပွဲတွေမှာ လူငယ်တွေနဲ့ ဦးစားပေး ဖွဲ့စည်းဖို့ ရှိပါတယ်။

"အမျိုးသမီးဘောလုံးအဆင့်အတန်း မြင့်ဖို့ဆိုရင် အမျိုးသမီးလိဂ်ကို ဖွံ့ဖြိုးလာအောင် လုပ်ဖို့လိုပါတယ်။ လိဂ်မှာ ကစားသမားကောင်းတွေ များများထွက်မှ လက်ရွေးစင်အသင်းအတွက် ကစားသမားရွေးချယ်တဲ့အချိန်မှာ အခက်အခဲမရှိမှာဖြစ်ပါတယ်။ ကလပ်အသင်းတွေကို ကောင်းအောင်လုပ်ဆောင်ရမှာ ဖြစ်ပြီး ကျွန်တော်တို့ဘက်ကလည်း လိုအပ်တဲ့ ပံ့ပိုးမှုတွေ ပြုလုပ်ပေးမှာ ဖြစ်ပါတယ်။ အသင်းတွေအနေနဲ့ လေ့ကျင့်ရေးကွင်း မရှိတာကြောင့် အခက်အခဲဖြစ်နေပြီး ကျွန်တော်တို့က အသင်းတွေရဲ့ ကွင်းတွေကို ပြန်လည်ပြင်ဆင်ဖို့ ထောက်ပံ့ကြေးအချို့ ပေးသွားဖို့ ရှိပါတယ်။ ကျွန်တော်တို့မှာ ဖွဲ့စည်းထားတဲ့အသင်းတွေများတာကြောင့် အသင်းတိုင်းကို လိုအပ်မှုမရှိအောင် ဆောင်ရွက်ပေးနေပါတယ်" ဟု ပြောကြားခဲ့သည်။

### အရေးပါလျက်ရှိ

အားကစားနည်းတစ်ခု ဖွံ့ဖြိုးတိုးတက်ရန်နှင့် ရေရှည်အောင်မြင်မှုရရန်မှာ လူငယ်မျိုးဆက်သစ်များ၏ အခန်းကဏ္ဍနှင့် လူငယ်စီမံကိန်းများက အရေးပါလျက်ရှိသည်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် လူငယ်ဖွံ့ဖြိုးရေးစီမံကိန်းများ အပါအဝင် လက်ရွေးစင်အသင်းအားလုံးကို အထောက်အပံ့ပေးနိုင်ရန် ဘယ်လ်ဂျီယံ နိုင်ငံသားဖြစ်သူ အဲရစ်အာဗရန် (လက်ရှိ ဩစတြေးလျဘောလုံးအဖွဲ့ချုပ်၊ နည်းစနစ်ဒါရိုက်တာ) ကို နည်းစနစ်ဒါရိုက်တာအဖြစ် ခန့်အပ်ရန် သဘောတူညီမှုရခဲ့ပြီး မကြာမီ စာချုပ် ချုပ်ဆိုမည်ဖြစ်သည်။

"ကျွန်တော်တို့အနေနဲ့ လက်ရှိဖွဲ့စည်းထားတဲ့ လက်ရွေးစင်နဲ့ လူငယ်လက်ရွေးစင်အသင်းတွေ နိုင်ငံတကာပြိုင်ပွဲတွေမှာ အောင်မြင်မှုရဖို့ လုပ်ဆောင်ရတာတွေအပြင် လူငယ်ကစားသမားတွေ ထွက်ပေါ်လာဖို့အတွက်လည်း ဆောင်ရွက်နေပါတယ်။ အဓိက ကတော့ စဉ်ဆက်မပြတ် ဖြစ်ဖို့ပါ။ ဒါကြောင့် အကယ်ဒမီသုံးခုမှာ လူငယ်ကစားသမားတွေကို သေချာလေ့ကျင့်နေပါတယ်။ လူငယ်ဖွံ့ဖြိုးရေးစီမံကိန်းအတွက် ဂျပန်ဘောလုံးအဖွဲ့ချုပ်ရဲ့ အကူအညီနဲ့ ဆောင်ရွက်နေပြီး ဂျပန်နည်းပြ သုံးဦးကို တာဝန်ပေးထားပါတယ်။ ကျွန်တော်တို့က အကယ်ဒမီမှာ ၁၀ တန်း အထိပဲထားတာကြောင့် ပြီးသွားရင် ကစားသမားတွေအနေနဲ့ ကလပ်အသင်းတွေမှာ ကစားခွင့်မရရင် ပျောက်သွားကြတာများပါတယ်။ ဒီလိုမျိုးမဖြစ်အောင် အကယ်ဒမီရဲ့ အသက်ကန့်သတ်ချက်ကို ပြင်ဆင်မလား၊ တခြားအစီအစဉ်တွေ လုပ်မလားဆိုတာကို နည်းစနစ်ကော်မတီနဲ့ ညှိနှိုင်းဆောင်ရွက်နေပါတယ်။

"ပြီးခဲ့တဲ့ 2017 AYA Bank Scouting Tour လူငယ်ဘောလုံးသင်တန်းမှာ ကစားသမား ၉၀ လောက် ရခဲ့ပါတယ်။ သူတို့ကို ဘယ်လိုပုံစံနဲ့ ဆက်ပြီး ပြုစုပျိုးထောင်မလဲဆိုတာ စဉ်းစားရပါတယ်။ အကယ်ဒမီက ရန်ကုန်၊ မန္တလေးနဲ့ ပုသိမ်မှာ ဖွင့်လှစ်ထားပြီး အကယ်ဒမီသုံးခုရဲ့ တစ်နှစ်အသုံးစရိတ်က တစ်နှစ်ကို ငွေကျပ် သိန်းတစ်သောင်း အထက်မှာရှိပါတယ်။ သူတို့တွေကို ထိုက်သင့်တဲ့ဈေးနဲ့ ရောင်းချပေးမယ့် တချို့အသင်းတွေက မဝယ်နိုင်လို့ အငှားချပေးရတာလည်း ရှိပါတယ်။ ကျွန်တော်တို့က အကယ်ဒမီကနေ အကျိုးအမြတ်ရအောင်လုပ်ဆောင်တာမဟုတ်ဘဲ ရေရှည်ရပ်တည်နိုင်ဖို့ လုပ်ဆောင်ရတာဖြစ်ပါတယ်။ နိုင်ငံခြားသားနည်းစနစ်ဒါရိုက်တာ ရောက်လာပြီဆိုရင် လူငယ်စီမံကိန်းအတွက် အဓိက ဆောင်ရွက်မှာပါ။ ပြီးရင် နည်းပြတွေရဲ့ အရည်အသွေးတွေ တိုးတက်လာဖို့တွေပါ ဆောင်ရွက်မှာဖြစ်ပါတယ်။ ပြီးတော့ လူငယ်ကစားသမားတွေရဲ့ အသက် မှန်ကန်မှုကိုလည်း ဦးစားပေးလုပ်ဆောင်မှာပါ" ဟု ဦးဘုန်းနိုင်ဇော်က ပြောကြားသည်။

### မြန်မာ့ဘောလုံးတိုးတက်ဖို့

ဦးဘုန်းနိုင်ဇော်က "အမျိုးသားအသင်းအပြင် အမျိုးသမီးအသင်းတွေပါ အောင်မြင်လာအောင် ဆောင်ရွက်နေပါတယ်။ လာမယ့်နှစ်တွေအတွက် ပြင်ဆင်မှုတွေ စတင်ပြုလုပ်နေပြီဖြစ်ပြီး ကုန်ကျငွေတွေလည်း တွက်ချက်နေပါပြီ။ FIFA နဲ့ AFC ကနေရမယ့် ထောက်ပံ့ကြေးတွေ၊ ပြီးတော့ စပွန်ဆာငွေတွေ တွက်ချက်ထားပြီး ကုန်ကျစရိတ် ခန့်မှန်းက ဒေါ်လာ ရှစ်သန်းလောက်ရှိနိုင်ပါတယ်။ ကျွန်တော်တို့က မြန်မာ့ဘောလုံးတိုးတက်ဖို့နဲ့ ဘောလုံးအသင်းတွေ အောင်မြင်ဖို့ လုပ်ဆောင်နေတာဖြစ်ပါတယ်။ ရေတိုအောင်မြင်မှုထက် ရေရှည်အောင်မြင်မှုရအောင် လုပ်ဆောင်နေပြီး တခြားနိုင်ငံတွေ လုပ်နေတာထက် ပိုကောင်းအောင် လုပ်နိုင်မှ တိုးတက်မှာပါ။ ယုံကြည်မှုအပြည့်နဲ့ အောင်မြင်မှုရအောင် တစ်ဆင့်ချင်း လုပ်ဆောင်မှာပါ" ဟု ပြောကြားသည်။

မြန်မာအသင်းသည် အာရှအားကစားပြိုင်ပွဲတွင် အုပ်စု (F) ၌ မြောက်ကိုရီးယား၊ ဆော်ဒီ၊ အီရန်အသင်းတို့နှင့် ကျရောက်နေသည်။ အုပ်စုအနေအထားအရ နောက်တစ်ဆင့်တက်ရောက်နိုင်ရန် ခက်ခဲနိုင်သော်လည်း ယခုပြိုင်ပွဲမှ အတွေ့အကြုံကောင်းများဖြင့် လာမည့်ပြိုင်ပွဲများတွင် အောင်မြင်မှုရအောင် လုပ်ဆောင်နိုင်ရန် လိုအပ်နေသည်။ ။



မြန်မာ့လက်ရွေးစင်ဘောလုံးအားကစားသမားများ လေ့ကျင့်နေစဉ်။

**"မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် ဩဂုတ်လမှဒီဇင်ဘာလအထိ နိုင်ငံတကာပြိုင်ပွဲများစွာ ဝင်ရောက်ယှဉ်ပြိုင်ရန်ရှိနေပြီး ပြင်ဆင်မှုများစွာ ပြုလုပ်လျက်ရှိသည်။ ၂၀၁၈ ခုနှစ်၏ လက်ကျန်ကာလတွင် မြန်မာ့လက်ရွေးစင် အမျိုးသားနှင့် အမျိုးသမီးအသင်း၊ အမျိုးသားအသင်းများဖြစ်သည့် ယူ - ၂၁ အသင်း၊ အမျိုးသမီးအသင်းများဖြစ်သည့် ယူ-၁၉ နှင့် ယူ-၁၆ အသင်းတို့ ပြိုင်ပွဲများ၊ ခြေစစ်ပွဲများ ယှဉ်ပြိုင်ရမည်ဖြစ်"**

---

## အာဆီယံကလေးသူငယ်များဖိုရမ်သို့ တက်ရောက်ခွင့်ရသည့် ကျောင်းသားကို ဂုဏ်ပြု

နမ့်ဆန် ဩဂုတ် ၁

ရှမ်းပြည်နယ်မြောက်ပိုင်း ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မြို့နယ်မှ ဘရူနိုင်းဒါရုဆလမ်နိုင်ငံတွင် ဩဂုတ် ၆ ရက်မှ ၈ ရက်အထိ ကျင်းပမည့် (၅) ကြိမ်မြောက် အာဆီယံကလေးသူငယ်များဖိုရမ်သို့ ရှမ်းပြည်နယ်မြောက်ပိုင်းကိုယ်စား တက်ရောက်ခွင့်ရရှိသည့် အထက (၁) ကျောင်းမှ (ဒသမတန်း)ကျောင်းသား မောင်ဟိန်းသုလွင်အား ဒေသဂုဏ်ထူးဆောင် ကျောင်းသားအဖြစ် ဒေသဦးစီးအဖွဲ့နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာများက စုပေါင်း၍ ဂုဏ်ပြုဆုချီးမြှင့်ခဲ့ကြသည်။

အောင်မိုး (မြန်/ဆက်)

# ရေစကြိုမြို့နယ်၌ ကမ်းပြိုကာကွယ်ရေး ကိုယ့်အားကိုယ်ကိုး‌ဆောင်ရွက်



**ရေစကြို ဩဂုတ် ၁**

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် အောင်ပန်းချောင်းကျေးရွာတွင် ချင်းတွင်းမြစ်ရေတိုက်စားမှုကြောင့် မြစ်ကမ်းများပြိုနေသဖြင့် စိုးရိမ်ဖွယ် နေအိမ်များကို ရေလွတ်ရာသို့ ပြောင်းရွှေ့ထားရကြောင်းနှင့် မြစ်ကမ်းများ ဆက်လက်မပြိုကျရေး သစ်ကိုင်းများနှင့် သဲအိတ်ချခြင်းလုပ်ငန်းကို ကျေးရွာပြည်သူများစုပေါင်း၍ ကိုယ့်အားကိုယ်ကိုး ဆောင်ရွက်နေကြရကြောင်း သိရသည်။

"ကျွန်တော်တို့ အောင်ပန်းချောင်းကျေးရွာမှာ ချင်းတွင်းမြစ်ရေတိုက်စားလို့ ကမ်းတွေပြိုနေတဲ့အတွက် ဇူလိုင် ၁၈ ရက်မှာ နေအိမ်နှစ်လုံး ဖျက်သိမ်းရွှေ့ပြောင်းထားရပါတယ်။ ဇူလိုင် ၃၀ ရက်အထိ ရွှေ့ပြောင်းနေရတဲ့ အိမ် ၁၀ လုံးရှိပါပြီ။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးကတော့ ရွှေ့ပြောင်းအိမ်နှစ်လုံးအတွက် ထောက်ပံ့ငွေနဲ့ ကယ်ဆယ်ရေးပစ္စည်းတွေ ထောက်ပံ့ပေးထားပါတယ်။ ကျန်တဲ့အိမ်ထောင်စုတွေအတွက်တော့ မရသေးပါဘူး။ ကမ်းပြိုကာကွယ်ရေး အတွက် နည်းပညာနဲ့ သစ်ကိုင်းတွေ ချည်ဖို့ နိုင်လွန်ကြိုးတွေ လိုအပ်နေပါတယ်။ လက်ရှိ အခြေအနေမှာတော့ ကမ်းပြိုမှု သက်သာအောင် သစ်ကိုင်းတွေမှာ သဲအိတ်တွေချည်ပြီး ကမ်းဘေးမှာ နိုင်လွန်ကြိုးတွေနဲ့ ချည်ပြီး ချထားတဲ့ လုပ်ငန်းတွေကို ရွာသူရွာသားတွေစုပေါင်းပြီး ကိုယ့်အားကိုယ်ကိုး ဆောင်ရွက်နေရပါတယ်" ဟု အောင်ပန်းချောင်းကျေးရွာမှ ကိုစိုးဝင်းက ပြောသည်။

**ဖေထွဏ်းဇော်(ရေစကြို)**

# မင်းဘူးမြို့၌ ကလေးစာပေပွဲတော် ကျင်းပနိုင်ရေး ဆွေးနွေး

**မင်းဘူး ဩဂုတ် ၁**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ ခရိုင်နှင့်မြို့နယ်စီမံခန့်ခွဲမှုကော်မတီတို့၏ ကြီးကြပ်မှုဖြင့် ကလေးစာပေပွဲတော်ကို ဩဂုတ် ၂၅ ရက်နှင့် ၂၆ ရက်တို့တွင် မကွေးတိုင်းဒေသကြီး မင်းဘူးမြို့ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်းတွင် စည်ကားသိုက်မြိုက်စွာ ပြုလုပ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



ကလေးစာပေပွဲတော် အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် မြို့ပေါ်ရှိ အထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းအုပ်များ၊ ကိုယ်ပိုင်ကျောင်းများနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မြို့နယ်ပညာရေးမှူးရုံးတွင် ယမန်နေ့က ပြုလုပ်ရာ မြို့နယ်ပညာရေးမှူး ဦးကြည်လွင်နှင့် ခရိုင်ပြန်/ဆက်ဦးစီးမှူး ဦးသန်းဌေးတို့က ကလေးစာပေပွဲတော်ကျင်းပနိုင်ရန် အခြေခံပညာအစိုးရကျောင်းများသာမက မြို့ပေါ်ရပ်ကွက်ရှိ ပုဂ္ဂလိကကိုယ်ပိုင်ကျောင်းများအပါအဝင် ကျောင်းအားလုံးပူးပေါင်းပါဝင်ဆောင်ရွက်ရေး ကိစ္စရပ်များ ညှိနှိုင်းဆောင်ရွက်ခဲ့ကြသည်။(ဓာတ်ပုံ)

ကလေးစာပေပွဲတော် စာပေဟောပြောပွဲဆောင်ရွက်နိုင်ရေးနှင့် စာအုပ်အရောင်းဆိုင်များ ဖွင့်လှစ်ရောင်းချနိုင်ရေးတို့အတွက် ဒေသခံ စာရေးဆရာများ၊ စာအုပ်အရောင်းဆိုင်များကို ဆက်သွယ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သန်းဌေး (မင်းဘူး)**

## အမရပူရမြို့နယ်၌ မူခင်းအသိပညာပေး ဟောပြော

**အမရပူရ ဩဂုတ် ၁**

အမရပူရမြို့နယ် ရွှေကြက်ယက်ကျေးရွာ အထကကျောင်းတွင် ဇူလိုင် ၃၀ ရက်ကမှုခင်းကျဆင်းရေး၊ သက်ငယ်မုဒိမ်းမှု ပပျောက်ရေး အသိ ပညာပေးဟောပြောပွဲကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲတပ်ဖွဲ့မှူး ရဲမှူးသိန်းဝင်း ကြီးကြပ်ကွပ်ကဲမှုဖြင့် မြို့မရဲစခန်းမှူး ဒုရဲမှူး ဆန်းဝင်းနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

ထို့နောက် မြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲတပ်ဖွဲ့မှူး ရဲမှူးနှင့် မြို့မရဲစခန်းမှူး ဒုရဲမှူး ဆန်းဝင်းတို့က မှုခင်းကျဆင်းရေးနှင့် သက်ငယ်မုဒိမ်းမှုပပျောက်ရေး အသိပညာပေးဟောပြောခြင်းများ ပြုလုပ်ခဲ့ပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **မောင်မောင်စိုး(မြစ်ငယ်)**

**နိုင်ငံ့သာယာဝပြောဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့**

# သီပေါမြို့၌ သဘာဝဘေးကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်

**သီပေါ ဩဂုတ် ၁**

ရှမ်းပြည်နယ် မြောက်ပိုင်း သီပေါမြို့နယ်တွင် ဇူလိုင် ၂၈ ရက်မှ စတင်၍ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် တောင်ကျရေများ ကျဆင်းလျက် နမ့်ပေါချောင်းနှင့် ဒုဋ္ဌဝတီမြစ်မှာ စိုးရိမ်ရေမှတ်ကျော်လွန်သည့် ‌ရောက်လုနီးပါးဖြစ်သဖြင့် အနိမ့်ပိုင်းရပ်ကွက်များ ရေစတင်ဝင်ရောက်ကာ ရေဘေးအပါအဝင် အခြားသဘာဝဘေးအန္တရာယ်များ ကြိုတင်ကာကွယ်နိုင်ရေးအတွက် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကျော်ဇေယျနှင့် အဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးအောင်ကြည်ထွန်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပရဟိတအဖွဲ့များနှင့် လူမှုရေးအသင်းအဖွဲ့များက မြစ်ကမ်းနံဘေးရှိ လူနေအိမ်များ ကြိုတင်ပြောင်းရွှေ့ထားရေး အသိပေးနှိုးဆော်မှုများနှင့် ရေကင်းစောင့်ရှောက်ရေး လုပ်ငန်းများကို ဇူလိုင်လ နောက်ဆုံးပတ်က စီစဉ်ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

သီပေါမြို့ပေါ်ရှိ ဒုဋ္ဌဝတီမြစ်ကမ်းနှင့် နီးစပ်ပြီး အနိမ့်ပိုင်းရပ်ကွက်ရှိ ပြည်သူများအနေဖြင့် သဘာဝဘေးအန္တရာယ်ကျရောက်လာပါက ပျက်စီးထိခိုက်ဆုံးရှုံးမှုနည်းပါးစေရေးအတွက် ကြိုတင်ပြင်ဆင်ရန်အချက်များ၊ ရေကြီးမှုဖြစ်ပေါ်ချိန်တွင် ရှောင်ရှားသင့်သည့်အချက်များ၊ လိုက်နာရန်အချက်များကို မြို့နယ်သဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး စီမံခန့်ခွဲမှုကော်မတီနှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့မှ တာဝန်ရှိသူများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များက ရပ်ကွက် ၁၁ ရပ်ကွက်မှ အုပ်ချုပ်ရေးမှူးများနှင့် ပူးပေါင်းကာ ရပ်ကွက် ၁၁ ရပ်ကွက်မှ ပြည်သူများအား သတိပေးနှိုးဆော်ခဲ့ကြကြောင်း သိရသည်။ **စိုင်း(သီပေါ)**



## ယနေ့ ဈေးကွက်ပေါက်ဈေးများ

၁-၈-၂၀၁၈

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၄၈၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၉၃၆၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၄၈၅၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၉၃၆၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၉၁၅/၉၃၀ ကျပ် | ၉၅၅/၉၇၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၉၂၅/၉၄၀ ကျပ် | ၉၇၀/၉၈၀ ကျပ် |
| အောက်တိန်း ၉၂ | ၈၈၀/၉၀၀ ကျပ် | ၉၄၅/၉၇၀ ကျပ် |
| အောက်တိန်း ၉၅ | ၉၂၅/၉၅၀ ကျပ် | ၉၉၅/၁၀၂၀ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၄၂၉ · ၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၆၇၀ · ၁ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၀၄၉ · ၂ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၁၈၇၄ · ၃ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၂၇၈ · ၀ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၀၅၉ · ၅ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၀၉ · ၇၆ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၀ · ၈၇၄ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၂၇ · ၈၃ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၅၁ · ၇၁ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၃ · ၀၁၆ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

## ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ **Help Line** တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-
၀၆၇-၄၀၄၂၂၂၊ ၀၆၇-၄၀၄၉၉၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန

**မြန်မာ့အလင်း**

**စာတည်းမှူးချုပ်** - အောင်နိုင်ဦး
**စာတည်းမှူး(တာဝန်)** - ဝင်းကျော်
**စာတည်းမှူး** - မြင့်ဆွေ (သတင်းထောက်ချုပ်)
**စာတည်းများ** - မြင့်စိုး၊ ကြည်ဝင်း၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့်
**အကြီးတန်းသတင်းထောက်များ** - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ဓာတ်ပုံ)၊ မြတ်မွန်ထွေး
**အငယ်တန်းသတင်းထောက်များ** - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
**ထုတ်ဝေခြင်းအမှတ်** - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR DigitalNews
Presented by NPE
www.mdn.gov.mm

# မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံတပ်ရင်းမှူးအဆင့် တွေ့ဆုံဆွေးနွေး




**နေပြည်တော် ဩဂုတ် ၁**

မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံနယ်ခြားစောင့် တပ်ရင်းမှူးအဆင့် တွေ့ဆုံဆွေးနွေးပွဲကို ဇူလိုင် ၃၁ ရက် နံနက် ၁၁ နာရီ ၁၅ မိနစ်က မြန်မာနိုင်ငံဘက်ခြမ်း မောင်တောမြို့ အမှတ်(၁) ဝင်/ထွက် စစ်ဆေးရေးစခန်းရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ မြန်မာနိုင်ငံမှ အမှတ်(၂) နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲမှူး ယာယီဒုတိယရဲမှူးကြီး နေမျိုးသူ ဦးစီး ၁၀ ဦး၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ အမှတ်(၂) နယ်ခြားစောင့်တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီး Md. Asadud-Zaman Chowdhury ဦးစီး ၁၀ ဦးတို့ တက်ရောက်ခဲ့ပြီး မြန်မာနိုင်ငံ နယ်ခြားစောင့်ရဲတပ်ဖွဲ့မှ မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ဒေသ၌ မူးယစ်ဆေးဝါးဖမ်းဆီးရမိမှု အခြေအနေများကို သတင်းဖလှယ်၍ ကွင်းဆက်များ ဖော်ထုတ်ဖမ်းဆီးနိုင်ရေး လုပ်ငန်းများအား ပိုမိုပူးပေါင်းဆောင်ရွက်ရန်၊ နယ်စပ်ဒေသတွင် ARSA လှုပ်ရှားမှုများနှင့် ပတ်သက်၍ ရရှိသောသတင်းများကို ဖလှယ်၍အတည်ပြုစုံစမ်း ပေါင်းစပ်ဆောင်ရွက်နိုင်ရေးနှင့် အပြည့်အဝ ပူးပေါင်းဆောင်ရွက်ရန်၊ သတင်းအချက်အလက်များ ဖလှယ်ရာတွင် ခိုင်လုံတိကျသောသတင်းများ ပေးပို့နိုင်ရေး ဆွေးနွေးခဲ့ကြသည်။ **(ယာပုံ)**

ယင်းနောက် ဘင်္ဂလားဒေ့ရှ် နယ်ခြားစောင့်တပ်မှ နယ်စပ်ဖြတ်ကျော်ဝင်ရောက်မှုများနှင့် ပတ်သက်သော ကိစ္စရပ်များ၊ အလံတင်အစည်းအဝေးများ ပုံမှန်ဆောင်ရွက်သွားရန် ကိစ္စများနှင့် နှစ်နိုင်ငံညှိနှိုင်း၍ လုပ်ကိုင်ဆောင်ရွက်မည့် အစီအစဉ်တို့အား အပြန်အလှန်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပဲခူးတိုင်းဒေသကြီးအတွင်း ရေကြီးရေလျှံမှုကြောင့် မိုးစပါးစိုက်ဧက လေးသိန်းခွဲနီးပါး ရေမြုပ်

**တောင်ငူ ဩဂုတ် ၁**



ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ပဲခူး၊ တောင်ငူ၊ ပြည်၊ သာယာဝတီခရိုင်တို့တွင် ရေကြီးရေလျှံမှုများကြောင့် ဇူလိုင် ၂၉ ရက်အထိ မိုးစပါးစိုက်ဧကပေါင်း ဧက ၄၄၄၉၉၀ ရေဝင်နစ်မြုပ်ခဲ့ကြောင်း စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မိုးစပါးစိုက်ပျိုးသည့် တောင်သူများအနေဖြင့် ဒေသအလိုက် စိုက်ပျိုးချိန်ကွာခြားသော်လည်း တစ်လကျော်သက်တမ်းရှိ ကောက်ပင်များအနေဖြင့် ရေမြုပ်သည့်အခါ တစ်ပတ်ကျော်အထိ ခံနိုင်ရည်ရှိပြီး ယင်းရက်ထက် ရှည်ကြာသွားပါက ပြန်လည်စိုက်ပျိုးရမည်ဖြစ်ကြောင်း စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ဇူလိုင်လ ဒုတိယပတ်မှစတင်၍ နေ့စဉ်အဆက်မပြတ် ရွာသွန်းခဲ့သော မိုးများကြောင့် မြစ်ရေများမြင့်တက်ခြင်း၊ ချောင်းများရေလျှံခြင်းနှင့် တောင်ကျရေများ ဝင်ရောက်ခြင်းတို့ကြောင့် တောင်ငူခရိုင်တွင် ဧက ၅၆၅၂၀၊ ပဲခူးခရိုင်တွင် ၂၀၀၂၄၈ ဧက၊ ပြည်ခရိုင်တွင် ဧက ၅၈၅၉၀၊ သာယာဝတီခရိုင်တွင် ၄၉၆၃၂ ဧက ရေဝင်နစ်မြုပ်ခဲ့ပြီး တောင်ငူခရိုင်၊ ကျောက်ကြီးမြို့နယ်တစ်ခုတည်းပင် မုန်းချောင်း၊ ကျောက်ကြီးချောင်းများ ရေလျှံ၍ စစ်တောင်းမြစ်ရေမြင့်တက်မှုကြောင့် ကျေးရွာအုပ်စု ၃၃ အုပ်စု၊ တောင်သူပေါင်း ၆၅၅၈ ဦး၏ စိုက်ပျိုးပြီး မိုးစပါး ၃၆၃၄၁ ဧက ရေဝင်နစ်မြုပ်ခဲ့သည်။

"ကျွန်တော်တို့ စိုက်ပျိုးရေးဦးစီးဌာနကတော့ ရေဝင်နစ်မြုပ်ပျက်စီးသွားတဲ့လယ်တွေ တောင်သူတွေအချိန်မီ ပြန်လည်စိုက်ပျိုးနိုင်အောင် အစိုးရအဖွဲ့ရဲ့ ညွှန်ကြားမှုနဲ့ ဆောင်ရွက်သွားမှာပါ။ ခုချိန်မှာ ရေဝင်နစ်မြုပ်တဲ့ မြို့နယ်တွေအတွက် မျိုးတွေရှာဖွေမှုတွေလည်း ဆောင်ရွက်နေပါတယ်"ဟု ကျောက်ကြီးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးနိုင်က ပြောသည်။

ပြန်လည်စိုက်ပျိုးကြရမည့် တောင်သူများအနေဖြင့် ပျိုးထောင်စိုက်ပျိုးလျှင် အချိန်မီနိုင်မည် မဟုတ်သည့်အတွက် ပြန်လည်ထွန်ယက်ခြင်း၊ မျိုးစပါးရှာဖွေခြင်းတို့အတွက် ကုန်ကျစရိတ် အခက်အခဲများစွာ ကြုံတွေ့နေကြရပြီး မည်ကဲ့သို့ဆောင်ရွက်ရမည်ကို စဉ်းစား၍မရသေးကြောင်း ကျောက်ကြီးမြို့နယ် နတ်သံကွင်းမြို့ ရေတွင်းကုန်းကြီးကျေးရွာမှ ဒေသခံတောင်သူတစ်ဦးက ပြောကြားသည်။

**ကိုလွင်(ဆွာ)**

# ဘားအံမြို့နယ်အတွင်းရှိ ရေဘေးသင့်ကျေးရွာများသို့ စားသောက်ဖွယ်ရာများ သွားရောက်ထောက်ပံ့

**ဘားအံ ဩဂုတ် ၁**



ကရင်ပြည်နယ် ဘားအံမြို့နယ်တွင် ရေကြီးနစ်မြုပ်သည်မှာ ၁၁ ရက်ခန့် ရှိနေပြီး ရေအနည်းငယ်သာ ကျဆင်းသော်လည်း ဆက်လက်၍ ရေကြီးနစ်မြုပ်လျက်ရှိသောကြောင့် ဘားအံမြို့ သံလွင်မြစ်အရှေ့ဘက်ခြမ်း ကျေးရွာသုံးရွာရှိ ရေဘေးသင့် အိမ်ထောင်စုများအား ဩဂုတ် ၁ ရက် နံနက် ၁၀ နာရီက ကရင်ပြည်နယ်အစိုးရအဖွဲ့နှင့် ကရင်ပြည်နယ်လွှတ်တော်တို့မှ ထောက်ပံ့သော စားနပ်ရိက္ခာများနှင့် သောက်ရေသန့်များကို သွားရောက်ထောက်ပံ့ခဲ့ကြောင်း သိရသည်။

ဘားအံမြို့နယ်အတွင်းရှိ ဘားအံ-မော်လမြိုင်သွား အဖြောင့်လမ်းမကြီးနှင့် သံလွင်မြစ်ကြားတွင် ရေကြီးနစ်မြုပ်ခဲ့သည့် တရုပ်လှ (ကော့ကျိုက်) ကျေးရွာ၊ ကော့လိုက်ကျေးရွာနှင့် ဝင်းကျန်ကျေးရွာရှိ ရေကြီးနစ်မြုပ်နေသည့် အိမ်ထောင်စုများကို ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစောချစ်ခင်၊ ကရင်ပြည်နယ်လွှတ်တော်ရုံးမှ ညွှန်ကြားရေးမှူး ဦးသက်ဇော်ထွန်းနှင့် ဒုတိယညွှန်ကြားရေးမှူး ဦးသန်းထွန်းလေးတို့က စားနပ်ရိက္ခာများကို လည်းကောင်း၊ ဒေါက်တာနေဝင်းလင်းက ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှ ထောက်ပံ့သော ရေသန့်ဆေးနှင့် အရေးပေါ်အသုံးပြုနိုင်သည့် ဆေးဝါးများကိုလည်းကောင်း ထောက်ပံ့ပေးအပ်ခဲ့ကြပြီး အားပေးစကားနှင့် ကျန်းမာရေးအသိပညာများကို ပြောကြားပေးခဲ့ကြသည်။

အဆိုပါ ထောက်ပံ့မှုတွင် တရုပ်လှ (ကော့ကျိုက်)ကျေးရွာ၌ လူဦးရေ ၃၀၀ အတွက် ဆန် ၂၆ အိတ်၊ ကော့လိုက်ကျေးရွာတွင် လူဦးရေ ၄၈၂ ဦးအတွက် ဆန် ၄၂ အိတ်၊ ဝင်းကျန်ကျေးရွာတွင် လူဦးရေ ၂၀၀ အတွက် ဆန် ၁၈ အိတ်နှင့် ကျေးရွာသုံးရွာလုံးအတွက် ဆီ၊ အာလူး၊ ဆား၊ ငါးသေတ္တာ၊ ခေါက်ဆွဲခြောက်၊ ကြက်သွန်နီနှင့် ရေသန့်များကို ထောက်ပံ့ပေးခြင်းဖြစ်ကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**

# ပွင့်ဖြူမြို့နယ်မှ ရိုးကုန်းကျေးရွာရှိ ကမ်းပါးပြို ပြောင်းရွှေ့အိမ်ထောင်စုများအား ထောက်ပံ့ငွေပေးအပ်

**ပွင့်ဖြူ ဩဂုတ် ၁**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်မှ ရိုးကုန်းကျေးရွာ၌ ဇွန်လခန့်က မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မုန်းချောင်းရေမြင့်တက်ပြီး မုန်းချောင်းကမ်းပါးပြိုကျ၍ လူနေအိမ် ၇၈ လုံး ပြောင်းရွှေ့ရမှုအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ မြေနေရာဝယ်ယူနိုင်ရေး ထောက်ပံ့ငွေပေးအပ်ပွဲကို ပွင့်ဖြူမြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး ဗိုလ်ဥတ္တမခန်းမ၌ ဩဂုတ် ၁ ရက် မွန်းလွဲ ၃ နာရီက ကျင်းပသည်။

အခမ်းအနားတွင် ပွင့်ဖြူမြို့နယ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးတင့်ဆန်း၊ ပွင့်ဖြူမြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဝင်းရွှေတို့က မုန်းချောင်းကမ်းပါးပြိုကျ၍ လူနေအိမ်များ ပြောင်းရွှေ့ခဲ့ရသည့် ရိုးကုန်းကျေးရွာမှ အိမ်ထောင်စု ၇၈ စုအတွက် မြေနေရာဝယ်ယူနိုင်ရေး ထောက်ပံ့ငွေပေးအပ်ရခြင်းနှင့် စပ်လျဉ်း၍ လည်းကောင်း၊ သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်၍ ကျေးရွာများမှ ဒေသခံပြည်သူများ အသက်အိုးအိမ်စည်းစိမ် ပျက်စီးဆုံးရှုံးမှုမဖြစ်စေရန် သတိပြုနေထိုင်သွားကြရန် ဆွေးနွေးမှာကြားခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးအစိုးရအဖွဲ့က ကမ်းပါးပြိုကျမှုကြောင့် လူနေအိမ်များ ပြောင်းရွှေ့ရသည့် အိမ်ထောင်စုတစ်စုလျှင် မြေနေရာဝယ်ယူရန် တစ်အိမ်ထောင်လျှင် ငွေကျပ် တစ်သိန်းနှုန်းဖြင့် စုစုပေါင်း ငွေကျပ် ၇၈၀၀၀၀၀ ကို ရေဘေးသင့်ပြည်သူများထံ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**

# အမြို့မြို့အနယ်နယ်၌ သဘာဝဘေးအန္တရာယ်ဆိုင်ရာများ အသိပညာပေး

**ကရသူရိ**

ကရသူရိမြို့ပေါ်ရှိ ဒေသခံမိဘပြည်သူများအား သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကြိုတင်ကာကွယ်နိုင်ရေးနှင့် အသိပညာပေးခြင်းကို ဩဂုတ် ၁ ရက် နံနက် ၉ နာရီက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးရှေ့ မြေစိုက်ဘုတ်၊ ရုံးတွင်းဘုတ်နှင့် အများပြည်သူတို့ အသွားအလာများသော နေရာများ၌ ပြသဆောင်ရွက်သည်။

အဆိုပါအသိပညာပေးဆိုင်းဘုတ်များတွင် ရေကြီးခြင်း၊ မြေပြိုကျခြင်း၊ မိုးကြိုးအန္တရာယ်၊ မုန်တိုင်းအန္တရာယ်နှင့် ပင်လယ်ကမ်းခြေများတွင် နေထိုင်သူများအတွက် ဆူနာမီရေလှိုင်းများအကြောင်း၊ သဘာဝဘေးအန္တရာယ်များကို ကြိုတင်ကာကွယ်ရန် ရေဒီယို၊ ရုပ်မြင်သံကြား၊ သတင်းစာများမှ သိရှိနိုင်ခြင်း၊ လိုက်နာဆောင်ရွက်ရမည့်အချက်များကို ပိုစတာများ၊ ဓာတ်ပုံများနှင့် စာစောင်များဖြင့် ပြသထားသည်။

**ကရသူရိ(ပြန်/ဆက်)**

**ကျိုက်မရော**

မွန်ပြည်နယ် ကျိုက်မရောမြို့နယ်၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ပြည်သူများ သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေး သတင်းအချက်အလက်များကို သိရှိနိုင်စေရန် ရည်ရွယ်၍ ရုံးရှေ့မြေစိုက်ပြဘုတ်နှင့် ရုံးတွင်းနံရံကပ်ပြဘုတ်များတွင် သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးအချက်များနှင့် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်သော မိုးလေဝသသတင်းများ၊ မုန်တိုင်းသတိပေးချက်များ၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ထုတ်ပြန်သော ရေလွှမ်းမိုးမှုဖြစ်လာလျှင် လုပ်ဆောင်ရမည့်အချက်များ၊ ရေကြီးနေချိန်တွင် ရှောင်ကြဉ်ရမည့် အသိပေးချက်များကို နေ့စဉ်ခင်းကျင်းပြသထားကြောင်း သိရသည်။

**ချိုမြတ်မြတ်ထွေး (ပြန်/ဆက်)**

**သထုံ**

မွန်ပြည်နယ် သထုံမြို့နယ်အတွင်းရှိ ကျေးရွာများ၌ ရေကြီးရေလျှံမှုများ ဖြစ်ပွားနေရာ ဘေးဒုက္ခရောက်နေသူများကို ထိရောက်သော ကူညီလှုဒါန်းမှုများ ပြုလုပ်နိုင်ရေးအတွက် မြို့နယ်ရေဘေးကယ်ဆယ်ရေး ကြီးကြပ်ကွပ်ကဲမှုရုံး၏ အစီအစဉ်ဖြင့် ဩဂုတ် ၁ ရက် မွန်းလွဲပိုင်းမှ စတင်ကာ သထုံခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့မှ ၅ ရပ်ကွက်နှင့် ကျေးရွာများသို့ အသံချဲ့စက်များဖြင့် လိုက်လံနှိုးဆော်ခဲ့ကြသည်။

မိုးအဆက်မပြတ်ရွာသွန်းပြီး တောင်ကျရေများစီးဆင်းလာမှုကြောင့် ဘီးလင်းမြစ်နှင့် ဒုံသမိချောင်းရေတို့ မြင့်တက်ကာ သထုံမြို့နယ်အတွင်းရှိ အဆိုပါမြစ်၊ ချောင်းနံဘေးတစ်လျှောက်ရှိ ကျေးရွာများ ရေကြီးနစ်မြုပ်နေသဖြင့် ထိရောက်သော ရေဘေးကယ်ဆယ်ရေးနှင့် ကူညီထောက်ပံ့ရေးလုပ်ငန်းများ ပြုလုပ်နိုင်ရန် မြို့နယ်ရေဘေးကယ်ဆယ်ရေးကြီးကြပ်ကွပ်ကဲမှုရုံးကို ခရိုင်မီးသတ်ဦးစီးဌာနရုံးနေရာ၌ ယာယီဖွင့်လှစ်ထားကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

**ဘုတ်ပြင်း**

ဘုတ်ပြင်းမြို့ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ရုံးရှေ့ရှိ မြေစိုက်ဘုတ်နှင့် အခြေခံပညာအထက်တန်းကျောင်းရှေ့ရှိ မြေစိုက်နံရံကပ်ဘုတ်တွင် သဘာဝဘေးအန္တရာယ်နှင့် ကြိုတင်ကာကွယ်ရှောင်ရှားနိုင်သည့် အသိပညာပေး စာစောင်များကို ဇူလိုင် ၃၁ ရက် နံနက်က အသိပညာပေး ပြသပေးလျက်ရှိသည်။

ပြည်သူများသိရှိနိုင်စေရန်နှင့် မုန်တိုင်းအတွက် ကြိုတင်ကာကွယ် ပြင်ဆင်နိုင်သည့် နည်းလမ်းများ၊ လျှပ်စစ်ဘေးအတွက် ကြိုတင်ကွယ်ရန် နည်းလမ်းများ၊ မြေပြိုခြင်းနှင့်ပတ်သက်သည့် ဆောင်ရန် ရှောင်ရန်နည်းလမ်းများနှင့် သဘာဝဘေးအန္တရာယ်နှင့် ပတ်သက်သည့် အသိပညာပေးစာစောင်များကို ပြသထားကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# လျှပ်စစ်အန္တရာယ်ကင်းဝေးကြစေဖို့ အပိုင်း(၇)

သိပ္ပံစာရေးဆရာကိုကိုအောင်



### လျှပ်စစ်စွမ်းအားကို တွက်ချက်ပုံ

လျှပ်စီးပတ်လမ်းတစ်ခုအတွင်း၌ လျှပ်စီးကြောင်းတစ်ရပ် စီးနေခြင်းသည် လျှပ်စစ်စွမ်းအားတစ်ခုဖြင့် အလုပ်လုပ်နေခြင်းဖြစ်ပြီး ယင်းသို့ လျှပ်စီးကြောင်းဖြစ်ပေါ်နေစေရန် ပင်ရင်းမှ လျှပ်စစ်ဖိအားတစ်ရပ်က တွန်းပို့ပေးရသည်။ သို့ဖြစ်၍ ပင်ရင်းလျှပ်စစ်ဖိအားနှင့် လျှပ်စီးအင်အားပမာဏတို့၏ မြှောက်လဒ်သည် လျှပ်စစ်စွမ်းအားဖြစ်သည်။

သင်္ချာနည်းဖြင့် ဖော်ပြရလျှင် ...

W = VI ဟူ၍ ဖြစ်သည်။

အဆိုပါ ဆက်စပ်မှုညီမျှခြင်းသည် ဒီစီလျှပ်စစ်စနစ်၌ တိကျစွာမှန်ကန်ပြီး အေစီလျှပ်စစ်စနစ်တွင်မူ လျှပ်စစ်ဖိအားနှင့် လျှပ်စီးပမာဏတို့အပြင် Power Factor ခေါ် ထပ်ဆင့်မြှောက်ဖော်ကိန်းကိုပါ ထည့်သွင်းတွက်ချက်မှသာ မှန်ကန်မည်ဖြစ်သည်။

ဥပမာ (၁) ဒီစီလျှပ်စစ်စနစ်တွင် လျှပ်စစ်ဖိအား ၁၂ ဗို့ဖြင့် လျှပ်စီးအင်အား ၅ အမ်ပီယာ စီးဆင်းနေသည်ရှိသော်... လျှပ်စစ်စွမ်းအားမှာ W=VI အရ W = ၁၂ × ၅ = ၆၀ ဝပ် ဖြစ်သည်။

ဥပမာ (၂) အေစီလျှပ်စစ်စနစ်တွင် အိမ်သုံးလျှပ်စစ်ဖိအား ၂၂၀ ဗို့ဖြင့် လျှပ်စီးအင်အား ၅ အမ်ပီယာ စီးဆင်းနေသည်ရှိသော် လျှပ်စစ်စွမ်းအားကို W=VI အရ W = ၂၂၀ × ၅ ဟု တိုက်ရိုက်တွက်ချက်၍ မရပေ။

အဖြေမှန်မှာ

W = ၂၂၀ × ၅ × ပါဝါဖက်တာ

= ၂၂၀ × ၅ × ၀.၈ = ၈၈၀ ဝပ် ဖြစ်သည်။

ဤနေရာတွင် သာမန်အိမ်သုံး လျှပ်စစ်ဓာတ်အားအတွက် ပါဝါဖက်တာကို ၀.၈ ဟု တွက်ချက်ရမည်ဖြစ်ပြီး စက်ရုံအလုပ်ရုံသုံး လျှပ်စစ်ဓာတ်အားအတွက် ပါဝါဖက်တာကို ၀.၇ ဟု တွက်ချက်ရမည်ဖြစ်သည်။

### လျှပ်ခံမှု၏ အကျိုးတရားများ

လျှပ်ကူးပစ္စည်းများ၌ လျှပ်ခံမှုရှိနေခြင်းကြောင့် အောက်ပါ အကျိုးတရားများကို ရရှိသည်။

(၁) ပုံသေလျှပ်စစ်ဖိအားဖြင့် အလုပ်လုပ်နေသော လျှပ်စီးပတ်လမ်းတစ်ခုအတွင်း၌ လျှပ်စီးအင်အား အနည်းအများကို လျှပ်ခံပမာဏက ကန့်သတ်ပေးသည်။ (ပုံသေလျှပ်စစ်ဖိအားသည် V ဖြစ်ပါက အုမ်း၏ နိယာမဖြစ်သော $I = \frac{V}{R}$ အရ လျှပ်ခံပမာဏ R ၏ အနည်းအများ အပေါ်မူတည်၍ လျှပ်စီးအင်အား I ၏ ပမာဏသည်လည်း ပြောင်းလဲသွားမည်ဖြစ်သည်။ ဤသည်မှာ လျှပ်ခံမှုက လျှပ်စီးအင်အားကို ကန့်သတ်ထိန်းချုပ်ထားခြင်းဖြစ်သည်။)

(၂) လျှပ်ခံအားကြောင့် လျှပ်စီးပတ်လမ်းအတွင်း လျှပ်စစ်ဖိအားကျဆင်းမှု ဖြစ်ပေါ်ရသည်။ (လျှပ်စစ်ဆိုင်ရာ ဆက်သွယ်မှုပစ္စည်းများနှင့် လျှပ်စစ်ဝိုင်ယာကြိုးများသည် အကောင်းဆုံးသော လျှပ်ကူးပစ္စည်းများဖြင့် ပြုလုပ်ထားသည်မှာမှန်သော်လည်း ယင်းလျှပ်ကူးပစ္စည်းများသည်ပင်လျှင် လျှပ်စစ်စီးဆင်းမှုကို အတိုင်းအတာတစ်ရပ်အထိ ဆန့်ကျင်ခုခံမှုပြုကြသည်သာဖြစ်သည်။ လျှပ်စီးပတ်လမ်းကြောင်းတစ်ခုအတွင်း၌ ရှိနေသော ပင်ရင်းလျှပ်စစ်ဖိအားသည် လျှပ်ခံမှုတစ်ခုကို ကျော်လွှားပြီးတိုင်း ယင်းသို့ ကျော်လွှားခဲ့ရသော လျှပ်ခံမှု၏ အင်အားပမာဏအရ လျှပ်စစ်ဖိအားကျဆင်းမှု ဖြစ်ရသည်။ တစ်နည်းအားဖြင့် ဗို့အားဆုံးရှုံးခြင်း ဖြစ်ရသည်။ ယင်းသို့ ဗို့အားကျဆင်းမှုသည် လျှပ်စစ်ဓာတ်အားသုံး ပစ္စည်းများအတွင်း၌ အများဆုံးဖြစ်ပေါ်ပြီး လျှပ်စစ်ဝိုင်ယာကြိုးများနှင့် လျှပ်စစ်ဆက်သွယ်ရေး ပစ္စည်းများအတွင်း၌လည်း အတိုင်းအတာတစ်ရပ်အထိ ဗို့အားဆုံးရှုံးမှု ဖြစ်ပေါ်သည်။)

(၃) လျှပ်ခံအားကြောင့် လျှပ်စီးပတ်လမ်းနှင့် လျှပ်စစ်ဓာတ်အားသုံးပစ္စည်းအတွင်း၌ အပူဓာတ်ဖြစ်ပေါ်လာသည်။ တစ်နည်းအားဖြင့် လျှပ်စီးအင်အားသည် အပူဓာတ်အဖြစ်သို့ ပြောင်းလဲသွားသည်။ (လျှပ်ခံပစ္စည်းဖြစ်သော မီးဇာကွိုင်ကြောင့် လျှပ်စစ်မီးဖိုနှင့် လျှပ်စစ်မီးပူ စသည်တို့တွင် အပူဓာတ်ဖြစ်ပေါ် လာရသည်။)

အထက်ဖော်ပြပါ လျှပ်စစ်ဆိုင်ရာ အခေါ်အဝေါ်များ၏ အနက်အဓိပ္ပာယ်နှင့် ဆက်စပ်မှုညီမျှခြင်းများကို သိရှိထားကြခြင်းအားဖြင့် မိမိတို့၏ နေအိမ်အဆောက်အအုံများ အတွင်း၌ လျှပ်စစ်ဆက်သွယ်တပ်ဆင်မှုများကို လုံခြုံစိတ်ချရအောင် ဆောင်ရွက်နိုင်ကြမည် ဖြစ်သည်။

### လူတိုင်းသိရှိလိုက်နာရမည့်အချက်များ

လျှပ်စစ်အန္တရာယ်မှ အစဉ်ကင်းဝေးကြစေရန်အတွက် အောက်ပါယေဘုယျအချက်များကို လူတိုင်းသိရှိလိုက်နာကြရန် လိုအပ်သည်။

၁။ တစ်မြို့နှင့်တစ်မြို့ သွယ်တန်းထားသော ဗို့အား နှစ်သိန်းသုံးသောင်းရှိသည့် ဓာတ်အားလိုင်းကြိုးများ၏ ထောက်တိုင်များအပေါ် တက်ရောက်ခြင်း၊ အနီးအနားတွင် နားနေခြင်း၊ ကျွဲ၊ နွား ကျောင်းခြင်းများ မပြုလုပ်ရ။

၂။ အဆိုပါ ဓာတ်အားလိုင်းကြိုးကြီးများအောက်တွင် ၁၀ ပေထက်မြင့်သော အပင်များစိုက်ပျိုးခြင်း၊ ကောက်လှိုင်းပုံခြင်းများ မပြုလုပ်ရ။

၃။ သစ်ကိုင်းများ ဓာတ်ကြိုးကို ထိနေလျှင်သော်လည်းကောင်း၊ ဓာတ်ကြိုးပေါ်ပြုတ်ကျနေလျှင်သော်လည်းကောင်း နီးစပ်ရာလျှပ်စစ်ဌာနသို့ အမြန်ဆုံးအကြောင်းကြားပါ။

၄။ ဓာတ်ကြိုးများပြတ်ကျနေလျှင် ထိခြင်းကိုင်ခြင်းလုံးဝမပြုဘဲ နီးစပ်ရာလျှပ်စစ်ဌာနသို့ ချက်ချင်းအကြောင်းကြားပါ။

၅။ ဓာတ်တိုင်များအပေါ်သို့ မည်သည့်အကြောင်းနှင့်မျှ တက်ရောက်ခြင်းမပြုရ။

၆။ ဓာတ်တိုင်များ ယိုင်နဲ့နေသည်ကို တွေ့ရှိရပါက နီးစပ်ရာလျှပ်စစ်ဌာနသို့ အမြန်ဆုံး အကြောင်းကြားပါ။

၇။ ဓာတ်တိုင်မှအိမ်သို့ သွယ်တန်းထားသော ဓာတ်ကြိုးပေါက်ပြဲနေသည်ကိုတွေ့လျှင် နီးစပ်ရာလျှပ်စစ်ဌာနသို့ ချက်ချင်းအကြောင်းကြားပါ။

၈။ ဓာတ်တိုင်ထိန်းကြိုးများကို လှုပ်ယမ်းဆွဲခါခြင်း မပြုလုပ်ရ။

၉။ ဓာတ်ကြိုးသွယ်တန်းထားသည့် တိုင်များတွင် သွပ်နန်းကြိုးများရစ်ပတ်၍ အဝတ်လှန်းခြင်း၊ ဟင်းသီးဟင်းရွက်နှင့် အသားငါးများချိတ်ဆွဲ၍ အခြောက်လှန်းခြင်း မပြုလုပ်ရ။

၁၀။ လျှပ်စစ်ဓာတ်အားသုံးပစ္စည်းကိရိယာများ ချွတ်ယွင်းခြင်း၊ ဆက်သွယ်မှုဝိုင်ယာများ ချွတ်ယွင်းခြင်း၊ လျှပ်စစ်ဆိုင်ရာ ခလုတ်၊ ခေါင်း၊ ပင်၊ ပလပ် စသည်တို့ ကွဲအက်ပျက်စီးနေခြင်းများဖြစ်ပေါ်ပါက ကျွမ်းကျင်သူလျှပ်စစ်လုပ်သားကိုခေါ်ယူ၍ အမြန်လဲလှယ်ပါ။

၁၁။ သာမန် နှစ်ပင်လိမ်ဝိုင်ယာကြိုးပျော့များဖြင့် အဆင့်ဆင့်သွယ်တန်းခြင်း၊ အလှမ်းကွာဝေးရာနေရာသို့ သွယ်တန်းယူခြင်းမပြုလုပ်ရ။

၁၂။ လျှပ်စစ်ကိရိယာများကို မြေစိုက်ကြိုးဖြင့် ဆက်သွယ်တပ်ဆင်သုံးစွဲပါ။ မြေစိုက်ကြိုးကို ပန်းအိုးအောက်ခြေနှင့်ဖိ၍လည်းကောင်း၊ ရေတိုင်ကီနှင့်ပူးကပ်၍လည်းကောင်း၊ ရေစုပ်ပိုက်နှင့်ပူးကပ်၍လည်းကောင်း သုံးစွဲခြင်းမပြုရ။

၁၃။ လျှပ်စစ်ဆိုင်ရာ ဆက်သွယ်တပ်ဆင်မှု ကိရိယာများကို ကလေးငယ်များ ဆော့ကစားခြင်းမပြုမိစေရန် အထူးဂရုစိုက်ထိန်းသိမ်းပါ။

၁၄။ လျှပ်စစ်ဌာနမှတပ်ဆင်ထားသော ဝိုင်ယာကြိုးနှင့် မီတာပုံးများကို မိမိသဘောဖြင့် ရွှေ့ပြောင်းတပ်ဆင်ခြင်းမပြုရ။

၁၅။ ဓာတ်တိုင်မှ ဓာတ်အားလိုင်းကြိုးများကိုခွ၍ မီးထွန်းခြင်း၊ အခြားတစ်နေရာသို့ မိမိသဘောဖြင့် သွယ်တန်းခြင်း မပြုလုပ်ရ။

၁၆။ လျှပ်စစ်ဓာတ်အားကို တစ်အိမ်မှတစ်အိမ် ထပ်ဆင့် သွယ်တန်းရယူ သုံးစွဲခြင်းမပြုရ။

### လူတိုင်းကိုယ်စီတာဝန်ရှိသည်

လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးခြင်းနှင့် ရယူသုံးစွဲခြင်းဆိုင်ရာကိစ္စရပ်များသည် လူအများနှင့်သက်ဆိုင်သော အရေးကြီးသည့် ကိစ္စရပ်များဖြစ်သည်။ သို့ဖြစ်ရာ လျှပ်စစ်အန္တရာယ်မှ ကင်းဝေးစေရေးအတွက် သိရှိထားရမည့်အချက်များ၊ လိုက်နာဆောင်ရွက်ရန်ကိစ္စများ၊ ကြိုတင်ကာကွယ်ရန် အစီအမံများအားလုံးသည် လျစ်လျူရှုထား၍မရနိုင်သော အရာများဖြစ်ပြီး လူတိုင်းနှင့်လည်းသက်ဆိုင်နေသော ကိစ္စရပ်များဖြစ်ကြသည်။

တစ်ဦးတစ်ယောက်ချင်းအနေဖြင့်လည်း တိုက်ရိုက်သက်ဆိုင်နေသလို လူ့အဖွဲ့အစည်းတစ်ရပ်လုံးအနေဖြင့်လည်း တိုက်ရိုက်ပင် သက်ဆိုင်နေသည်။ လျှပ်စစ်အန္တရာယ်မှ အစဉ်ကင်းဝေးကြစေရေးအတွက် တစ်ဦးတစ်ယောက်ချင်းအားဖြင့်လည်း ဂရုပြုကြရမည်ဖြစ်သလို လူ့အဖွဲ့အစည်းတစ်ရပ်လုံးအနေဖြင့်လည်း ဂရုပြုကြရမည် ဖြစ်သည်။

တစ်ဦးတစ်ယောက်ချင်းနှင့်ဆိုင်သော လျှပ်စစ်အန္တရာယ်ကိုလည်းကာကွယ်ရမည်။ လူအများနှင့်သက်ဆိုင်သော လျှပ်စစ်အန္တရာယ်ကိုလည်း ဝိုင်းဝန်းကာကွယ်ရမည်။ လျှပ်စစ်အန္တရာယ်မှ ကာကွယ်ရန်အတွက် လူတိုင်းတွင် တာဝန်ကိုယ်စီအသီးသီးရှိကြသည်။ လူသားတို့ကို အကျိုးပြုစေရန်အတွက် တီထွင်ထုတ်လုပ်ခဲ့သော လျှပ်စစ်ဓာတ်ကို လူသားတို့က အကျိုးရှိစွာအသုံးချရမည်သာဖြစ်သည်။ အနှစ်ထုတ်၍အချုပ်ဆိုရသော် လျှပ်စစ်သည် လူသားအားလုံးအတွက် ဧကန်စင်စစ် မိတ်ဆွေဖြစ်ရန် လိုလှပေသည်။ ။

**“လျှပ်စစ်အန္တရာယ်မှ ကင်းဝေးစေရေးအတွက် သိရှိထားရမည့်အချက်များ၊ လိုက်နာဆောင်ရွက်ရန်ကိစ္စများ၊ ကြိုတင်ကာကွယ်ရန် အစီအမံများအားလုံးသည် လျစ်လျူရှုထား၍မရနိုင်သောအရာများဖြစ်ပြီး လူတိုင်းနှင့်လည်းသက်ဆိုင်နေသော ကိစ္စရပ်များဖြစ်ကြသည်။ တစ်ဦးတစ်ယောက်ချင်းအနေဖြင့်လည်း တိုက်ရိုက်သက်ဆိုင်နေသလို လူ့အဖွဲ့အစည်းတစ်ရပ်လုံးအနေဖြင့်လည်း တိုက်ရိုက်ပင် သက်ဆိုင်နေသည်။ လျှပ်စစ်အန္တရာယ်မှ အစဉ်ကင်းဝေးကြစေရေးအတွက် တစ်ဦးတစ်ယောက်ချင်းအားဖြင့်လည်း ဂရုပြုကြရမည်ဖြစ်သလို လူ့အဖွဲ့အစည်းတစ်ရပ်လုံးအနေဖြင့်လည်း ဂရုပြုကြရမည် ဖြစ်သည်”**



**ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ကျောက်ကြီးမြို့နယ်တွင် စစ်တောင်းမြစ်ရေလျှံခြင်းနှင့် တောင်ကျရေလျှံခြင်းများကြောင့် ကျောက်ကြီးချောင်းရေမြင့်တက်ပြီး မြို့နယ်အတွင်းရှိ လယ်ကွင်းများတွင် ရေဝင်နစ်မြုပ်နေသည်ကို ဇူလိုင် ၃၁ ရက်က တွေ့ရစဉ်။** (ရေကြီးရေလျှံမှုကြောင့် ကျောက်ကြီးမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၃၃ စုမှ တောင်သူပေါင်း ၆၅၅၈ ဦး၏ စပါးစိုက်ခင်း ၃၆၃၄၁ ဧကတွင် ရေဝင်ရောက်ခဲ့ပြီး ယင်းစိုက်ခင်းများတွင် ရေများပြန်လည်ကျဆင်းသည်နှင့် ထိခိုက်ပျက်စီးမှုအခြေအနေ စာရင်းကောက်ယူခြင်းနှင့် ပြန်လည်စိုက်ပျိုးရေးကို မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနတို့က ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။)

**မြို့နယ်(ပြန်/ဆက်)**

## စစ်ကိုင်းတောင်ရိုး ဝါးချက်ဇီဝိတဒါန သံဃာ့ဆေးရုံ၌ မျက်စိရောဂါများ ကုသပေးမည်

**စစ်ကိုင်း ဩဂုတ် ၁**

စစ်ကိုင်းတောင်ရိုးရှိ ဝါးချက်ဇီဝိတဒါနသံဃာ့ဆေးရုံ၌ ဩစတြေးလျနိုင်ငံမှ မျက်စိခွဲစိတ်အထူးကုဆရာဝန်ကြီးနှင့် မြန်မာမျက်စိခွဲစိတ်အထူးကုဆရာဝန်ကြီးများ ပူးပေါင်း၍ မျက်စိဝေဒနာရှင်များအား ဩဂုတ် ၁၂ ရက်မှ ၁၆ ရက်အထိ စမ်းသပ်စစ်ဆေး ခွဲစိတ်ကုသပေးမည်ဖြစ်ကြောင်း သိရသည်။

ဩစတြေးလျနိုင်ငံမှ မျက်စိခွဲစိတ်အထူးကုဆရာဝန်ကြီး Dr.Hyoun Kwon Kang ဦးဆောင်သည့်အဖွဲ့နှင့် မြန်မာမျက်စိခွဲစိတ်အထူးကုဆရာဝန်ကြီးများအဖွဲ့တို့ ပူးပေါင်း၍ မျက်စိအတွင်းတိမ်/ရေတိမ်၊ မျက်စိအမြင်လွှာ(Retina)ရောဂါ၊ မျက်လုံးရှေ့ခန်း/နောက်ခန်းရောဂါ စသည့် မျက်စိရောဂါအမျိုးမျိုးကို ခွဲစိတ်ကုသပေးမည်ဖြစ်ကာ ကုသမှုအစီအစဉ်ကို အသေးစိတ်သိရှိလိုပါက ဆေးရုံဖုန်း-၀၉ ၄၅၀ ၂၀၀၇၃၇ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ကြောင်းသိရသည်။ **ကိုမင်း(အင်းတော်)**

# ဘုရားသုံးဆူမြို့နယ်မှ ရေမျောပျက်စီးသွားသောဘေလီတံတားကို ပြန်လည်တည်ဆောက်



**ဘုရားသုံးဆူ ဩဂုတ် ၁**
ကရင်ပြည်နယ် ဘုရားသုံးဆူမြို့နယ်အတွင်း ဘုရားသုံးဆူ-သံဖြူဇရပ်လမ်းပေါ် အပလုံကျေးရွာအနီးမှ အရှည်ပေ ၅၀၊ အကျယ် ၁၄ ပေရှိ ဘေလီသံပေါင်တံတားသည် ဇူလိုင် ၂၄ ရက်က တောင်ကျချောင်းရေတိုက်စားမှုကြောင့် ရေမျောပါပျက်စီးခဲ့ရာ တာဝန်ရှိသူများက ဇူလိုင် ၂၉ ရက်မှစ၍ ပြန်လည်တည်ဆောက်ပြုပြင်လျက်ရှိကြောင်း သိရသည်။

အဆိုပါတံတား ရေမျောပါပျက်စီးခဲ့ပြီးနောက် ခရီးသွားပြည်သူများနှင့် ဒေသခံပြည်သူများ၏ သွားလာရေးအတွက် အခက်အခဲများဖြစ်နေခဲ့၍ တာဝန်ရှိသူများက တံတားကို အမြန်ဆုံးပြန်လည်တည်ဆောက်ရန်အတွက် စီစဉ်ဆောင်ရွက်ခဲ့ကြပြီး ဇူလိုင် ၂၉ ရက်နံနက်မှစ၍ မော်လမြိုင်အခြေစိုက် တံတားဦးစီးဌာနလမ်းအထူးအဖွဲ့(၁၄)မှ အင်ဂျင်နီယာ ဦးဝင်းနိုင်ဦးဦးစီးသောအဖွဲ့များက ရက်မတွဲခြင်း(Single Line) လုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသည်။ ထို့နောက် ဇူလိုင် ၃၀ ရက်မှစ၍ သံပေါင်ဘေလီတံတား ချဉ်းကပ်လမ်းတည်ဆောက်ခြင်း၊ တံတားအလိုင်းမင်းချိန်ခြင်း၊ ဘေလီသံပေါင်အောက် ရက်မတန်းများတပ်ဆင်ခြင်း၊ ဘေလီသံပေါင်ဘေး သံတိုင်များတပ်ဆင်ခြင်းနှင့် တံတားပြန်လည်တည်ဆောက်ခြင်းတို့ကို ဆက်လက်ဆောင်ရွက်ခဲ့ရာ ဩဂုတ် ၁ ရက် နံနက်အထိ လုပ်ငန်းများ၏ ၃၅ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးခဲ့ကြောင်း သိရသည်။

အဆိုပါ အပလုံတံတား ရေထဲမျောပါပျက်စီးခဲ့မှုကြောင့် ဘုရားသုံးဆူ-သံဖြူဇရပ်လမ်းပိုင်းတွင် မော်တော်ယာဉ်များ သွားလာနိုင်ခြင်းမရှိသေးဘဲ လူနှင့်ဆိုင်ကယ်များမှာမူ စက်တပ်လှေငယ်များဖြင့် ချောင်းကို ဖြတ်သန်းသွားလာလျက်ရှိကြောင်း၊ ချောင်းရေပြန်လည်ကျဆင်းသွားမှသာလျှင် မော်တော်ယာဉ်များအနေဖြင့် ချောင်းထဲမှ ဖြတ်သန်းသွားလာနိုင်ကြမည်ဖြစ်ကြောင်း သိရသည်။ **အောင်သူဟိန်း(ပြန်/ဆက်)**

# ကလေးမြို့နယ်၌ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ရန်ပုံငွေများ လွှဲပြောင်းပေးအပ်

**ကလေး ဩဂုတ် ၁**
ကလေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၈ ဧပြီလမှ စက်တင်ဘာလအထိ ခြောက်လအတွင်း ဆောင်ရွက်မည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (VDP)အတွက် စီမံကိန်းဝင်ကျေးရွာများသို့ ရန်ပုံငွေလွှဲပြောင်းပေးအပ်ပွဲကို ဇူလိုင် ၃၁ ရက်က ကလေးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စုပေါင်းရုံးအစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ရန်ပုံငွေပေးအပ်ပွဲတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးညီညီက အမှာစကားပြောကြားပြီး ကလေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးဇေယျာညီနှင့် မြို့နယ်ဦးစီးမှူး ဦးအောင်ကျော်မျိုးတို့က ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်မည့် ရှားဖိုကျေးရွာ၊ နတ်ချောင်းကျေးရွာနှင့် ပျဉ်းခုံလေးကျေးရွာများသို့ စီမံကိန်းရန်ပုံငွေ ကျပ်သိန်း ၁၀၀ စီကို လွှဲပြောင်းပေးအပ်ခဲ့သည်။

**ချင်းတွင်းသား**

# ကမမောင်း၌ ရေဘေးကယ်ဆယ်ရေးစခန်းများဖွင့်ထား

**ကမမောင်း ဩဂုတ် ၁**
ကရင်ပြည်နယ် ကမမောင်းမြို့တွင် ဇူလိုင် ၃၀ ရက်က သံလွင်မြစ်ရေ စိုးရိမ်ရေမှတ် ၇၆၃ စင်တီမီတာအထက်တွင် ဆက်လက်တည်ရှိနေသည့်အတွက် မြို့ပေါ်လေးရပ်ကွက်တွင် ရေဝင်နစ်မြုပ်လျက်ရှိရာ အိမ်ထောင်စုပေါင်း ၁၁၀၊ လူဦးရေစုစုပေါင်း ၅၂၅ ဦးတို့အား အမှတ်(၁)အခြေခံပညာမူလတန်း လွန်ကျောင်း၊ အမှတ်(၃) အခြေခံပညာအလယ်တန်းကျောင်းခွဲနှင့် အမှတ် (၅)အခြေခံပညာအထက်တန်းကျောင်းများတွင် ကယ်ဆယ်ရေးစခန်းများဖွင့်လှစ်ပြီး နေရာချထားပေးလျက်ရှိသည်။

ရေဘေးသင့်အိမ်ထောင်စုများကို နယ်မြေခံအခြေချ ဗျူဟာဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ စေတနာရှင်ပြည်သူများက ထမင်း၊ ဟင်းများကို မနက်စာ၊ ညနေစာ ချက်ပြုတ်ကျွေးမွေး လှူဒါန်းပေးနေကြသည်။ သံလွင်မြစ်ရေနှင့် ယွန်းစလင်းချောင်း ရေကြီးရေလျှံမှုများကြောင့် အခြေခံပညာကျောင်း စုစုပေါင်း ၃၀ ကို ယာယီပိတ်ထားရပြီး အခြေခံပညာကျောင်းလေးကျောင်းကိုသာ ဆက်လက်ဖွင့်ထားသည်။

ဖာပွန်- ကမမောင်း - ဝါးဘိုးတော ကားလမ်းအချို့နှင့် တံတားအချို့မှာ သံလွင်မြစ်ရေနှင့် ယွန်းစလင်းချောင်းရေ ဖြတ်ကျော်ဝင်ရောက်မှုများကြောင့် ယခုအချိန်ထိ လူနှင့် မော်တော်ယာဉ်များ သွားလာရေးခက်ခဲလျက်ရှိကြောင်း သိရှိရသည်။

**မြို့နယ်( ပြန်/ဆက်)**

# တနင်္သာရီတိုင်းဒေသကြီး၏ ဘဏ္ဍာရေးဆိုင်ရာ ပွင့်လင်းမြင်သာမှု အလုပ်ရုံဆွေးနွေး

**ထားဝယ် ဩဂုတ် ၁**
တနင်္သာရီတိုင်းဒေသကြီး၏ ဘဏ္ဍာရေးဆိုင်ရာ ပွင့်လင်းမြင်သာမှုနှင့်ပတ်သက်၍ အလုပ်ရုံဆွေးနွေးပွဲ(၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ ရသုံးမှန်းခြေငွေစာရင်းဆိုင်ရာအချက်အလက်များ စာစောင်မိတ်ဆက်ခြင်း)ကို ဇူလိုင် ၃၁ ရက်က ထားဝယ်မြို့ မြို့တော်ခန်းမ၌ ကျင်းပခဲ့သည်။

အလုပ်ရုံဆွေးနွေးပွဲတွင် တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်က မိမိတို့တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် နိုင်ငံတော်၏ စီးပွားရေးမူဝါဒ (၁၂)ချက်ကို အထောက်အကူဖြစ်စေမည့် ပြုပြင်ပြောင်းလဲမှုဆိုင်ရာ ဦးစားပေးကဏ္ဍ(၁၁)ရပ်ကို တွန်းအားပေး အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြောင်း၊ မိမိတို့အစိုးရသည် ပြည်သူကရွေးချယ်တင်မြှောက်ထားသည်နှင့်အညီ ပြည်သူ့ဘဏ္ဍာငွေကိုသုံးစွဲရာတွင် ပွင့်လင်းမြင်သာစွာ ချပြထားကြောင်း၊ တနင်္သာရီတိုင်းဒေသကြီး၏ ရငွေရရှိမှုအခြေအနေ၊ အခွန်အကောက်ရရှိမှု အခြေအနေနှင့် ပြည်ထောင်စုမှ တိုင်းဒေသကြီးသို့ ထောက်ပံ့ငွေပေးသည့် အခြေအနေများကို သိရှိမှာဖြစ်သလို အသုံးစရိတ်ပိုင်းတွင်လည်း မည်သည့်ကဏ္ဍများတွင် မည်သို့သုံးစွဲနေသည်ကို သိရှိနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အာရှဖောင်ဒေးရှင်း၏ မြန်မာနိုင်ငံ ဌာနေကိုယ်စားလှယ် Dr. Matthew Arnold က ရသုံးမှန်းခြေငွေစာရင်းနှင့်ပတ်သက်၍ အမှာစကားပြောကြားပြီး တိုင်းဒေသကြီး ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးနေလင်းထက်က ရသုံးမှန်းခြေငွေစာရင်းဆိုင်ရာအချက်အလက်များ စာစောင်အကြောင်းကို ရှင်းလင်းဆွေးနွေးကာ တက်ရောက်လာကြသော လွှတ်တော်ကိုယ်စားလှယ်များ၊ အရပ်ဘက်လူမှုရေးအဖွဲ့အစည်းများမှ အဖွဲ့ဝင်များက သိရှိလိုသည်များကို မေးမြန်း၍ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။ **ခရိုင်(ပြန်/ဆက်)**



# တာချီလိတ်မြို့ အေးငြိမ်းချမ်းသာဘုန်းတော်ကြီးကျောင်း မြေထိန်းနံရံ တည်ဆောက်ပြီးစီး

**တာချီလိတ် ဩဂုတ် ၁**
ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်မြို့နယ်တွင် မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ဇူလိုင် ၂၈ ရက် ညပိုင်းက ဝမ်လုံးကျေးရွာအုပ်စု မင်းဓမ္မတောင်ရှိ အေးငြိမ်းချမ်းသာဘုန်းတော်ကြီးကျောင်း၌ တောင်ကမ်းပါးမြေသား အရှည် ပေ ၂၀ ခန့် ပြိုကျမှုဖြစ်ပွားခဲ့၍ ထိုနေရာတွင် မြေထိန်းနံရံတည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ ဇူလိုင် ၃၁ ရက်က ပြီးစီးခဲ့သည်။

မြေသားပြိုကျသည့် အဆိုပါနေရာတွင် သစ်သားတိုင်များဖြင့် မြေထိန်းနံရံတည်ဆောက်ခြင်းနှင့် မြေပြိုကျမှုထပ်မံမဖြစ်ပွားစေရန် ရေနုတ်မြောင်းတူးဖော်ခြင်းလုပ်ငန်းများကို နယ်မြေခံတပ်ရင်းမှ ဗိုလ်မှူးထွန်းနိုင်ဦးနှင့် တပ်မတော် သားများ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းဝင်းအောင်နှင့် ဌာနဆိုင်ရာများက ဦးဆောင် ပြီး မီးသတ်နှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များက ပူးပေါင်းပါဝင်၍ ဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည်။

အဆိုပါနေရာသို့ ဌာနဆိုင်ရာ တာဝန်ရှိသူများအပြင် တာချီလိတ်မြို့ရှိ လူမှုရေးအသင်းအဖွဲ့များဖြစ်သော မဇ္ဈိမ လူမှုကူညီရေးအသင်း၊ တာချီလိတ် နာရေးကူညီမှုအသင်း၊ ရွှေတာချီ လူမှုကူညီရေးအသင်း၊ အလင်းရောင်ပရဟိတအသင်းနှင့် မေတ္တာရှင် လူမှု ကူညီရေးအသင်းစသော လူမှုရေးအသင်းအဖွဲ့များမှ အဖွဲ့ဝင်များလည်း ပူးပေါင်း၍ ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

**စိုင်းအောင်ဇော်လင်း (ပြန်/ဆက်)**

# တိုက်ကြီးမြို့နယ်မှ ကမ်းပြိုမှုကြောင့်ရွှေ့ပြောင်းရသူများအား ထောက်ပံ့ပစ္စည်းများပေးအပ်

**တိုက်ကြီး ဩဂုတ် ၁**
ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် မှော်ဘီမြို့ ရေပေါ်သောင်ကျေးရွာအုပ်စုရှိ ရေပေါ်သောင်၊ မအူကုန်း၊ ရေပြန်နှင့် မဲသောင်ကျေးရွာတို့တွင် ဇူလိုင် ၂၆ ရက်မှစ၍ မြစ်ရေတိုက်စားမှုကြောင့် ကမ်းပြိုကျမှုအန္တရာယ်များ ကြုံတွေ့နေရသဖြင့် ဒေသခံပြည်သူ အိမ်ထောင်စု ၁၇ စု၏ အိမ် ၁၇ လုံးကို ကြိုတင်ဖျက်သိမ်းပြောင်းရွှေ့နေထိုင်ကြရကြောင်း သိရသည်။

လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ လမ်းညွှန်မှုဖြင့် ရန်ကုန်တိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဦးဝင်းရွှေနှင့် ဝန်ထမ်းများသည် အဆိုပါပြောင်းရွှေ့အိမ်ထောင်စုများမှ ပြည်သူ ၆၃ ဦးအတွက် ဆန်ရိက္ခာနှင့် ကယ်ဆယ်ရေးပစ္စည်းများကို ဇူလိုင် ၃၁ ရက်က သွားရောက်ထောက်ပံ့ပေးအပ်ခဲ့သည်။ ပြောင်းရွှေ့အိမ်ထောင်စုများအတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေ ကျပ် ၃၇ သိန်း၊ ဆန်ဖိုးထောက်ပံ့ငွေများနှင့် အိမ်ထောင်စုတစ်စုစီအတွက် အသုံးအဆောင် ကယ်ဆယ်ရေးပစ္စည်း ၁၆ မျိုးစီကို ထောက်ပံ့ပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **မျိုးမင်းသိန်း(မရမ်းကုန်း)**




# မိုင်းဖြတ်မြို့၌ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရန်ပုံငွေ ပေးအပ်

**မိုင်းဖြတ် ဩဂုတ် ၁**
ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး လူမှုဘဝ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ပထမခြောက်လဘတ်ဂျက်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း(VDP)ရန်ပုံငွေလွှဲပြောင်းပေးအပ်ပွဲကို ဇူလိုင် ၃၀ ရက်က မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၌ ကျင်းပခဲ့သည်။

ရန်ပုံငွေ လွှဲပြောင်းပေးအပ်ပွဲတွင် ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကျော်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်လွင်တို့က အမှာစကားများ ပြောကြားကြပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှူး ဦးစိုင်းအောင်ခမ်းက စီမံကိန်းရန်ပုံငွေပေးအပ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသော ဦးစိုင်းကျော်၊ ဦးအားကိုနှင့် တာဝန်ရှိသူများက ဝမ်နောင်ကျေးရွာ၊ ပါဆန်းကျေးရွာနှင့် ဆိုက်ခေါင်ကျေးရွာတို့အတွက် ရန်ပုံငွေ ကျပ်သိန်း ၁၀၀ စီကို သက်ဆိုင်ရာ ကျေးရွာစီမံကိန်းကော်မတီဝင်များထံ လွှဲပြောင်းပေးအပ်ခဲ့ကြသည်။

**နေလင်း**

# ကလေးသူငယ်သီးသန့်တွေ့ဆုံမေးမြန်းခန်းဖွင့်ပွဲနှင့် အထောက်အကူပစ္စည်းများ လွှဲပြောင်းပေးအပ်ပွဲကျင်းပ

**ရန်ကုန် ဩဂုတ် ၁**
ရန်ကုန်အနောက်ပိုင်းခရိုင် တရားရုံးတွင် ကလေးသူငယ်သီးသန့်တွေ့ဆုံမေးမြန်းခန်း ဖွင့်ပွဲနှင့် UNICEF မှ အထောက်အကူပြုပစ္စည်းများ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တိုင်းဒေသကြီးတရားရေးဦးစီးမှူး ဒေါ်စိုးခက်ခက်၊ ဩစတြေးလျနိုင်ငံသံအမတ်ကြီး H.E.Mr.Nicholas Coppel နှင့် UNICEF ၏ မြန်မာနိုင်ငံဆိုင်ရာဌာနေကိုယ်စားလှယ် Ms.JuneKunugi တို့က အမှာစကားပြောကြားသည်။

ယင်းနောက် ရန်ကုန်အနောက်ပိုင်းခရိုင် တရားသူကြီး ဒေါ်ချိုချိုမာက ကလေးသူငယ် သီးသန့်တွေ့ဆုံမေးမြန်းခန်းထားရှိရခြင်းကို ရှင်းလင်းပြောကြားပြီးနောက် တပ်ဆင်ထားသည့်စက်ကိရိယာများ အသုံးပြုခြင်း လက်တွေ့သရုပ်ပြမှုကို တက်ရောက်လာသူများက ကြည့်ရှုလေ့လာကြကြောင်း သိရသည်။ **ရွှေအင်းသားခင်မောင်ဝင်း**

# မြန်မာ့စပါးကျီ ဧရာဝတီတိုင်းဒေသကြီး ရေဘေးကာကွယ်ရေးအတွက် အရေးပါသော ဟင်္သာတတာတမံ

ကျော်ကျော် (ဟင်္သာတ)

၁၈၅၄ ခုနှစ်က ဗြိတိသျှတို့ အောက်မြန်မာနိုင်ငံကို သိမ်းပိုက်ပြီးချိန်မှစ၍ မြန်မာ့စပါးကျီ ဧရာဝတီမြစ်ဝကျွန်းပေါ်တွင် လယ်မြေဧက သန်းချီ၍ အောင်မြင်စွာစိုက်ပျိုးနိုင်ရန်နှင့် ဒေသခံပြည်သူများအား ရေဘေးမှကာကွယ်ပေးနိုင်ရေးအတွက် အလျား ၇၅ ဒသမ ၅ မိုင်ရှိ ဧရာဝတီ-ဟင်္သာတတာ(ဟင်္သာတ-ဇလွန်-ဓနုဖြူ-ညောင်တုန်း-ပန်းတနော်)ကို ၁၈၆၇ ခုနှစ်မှ ၁၈၈၃ ခုနှစ်အတွင်း တည်ဆောက်ကာကွယ်ခဲ့ကြောင်း သိရသည်။

**ဧရာဝတီ-ဟင်္သာတတာ**

တည်ဆောက်ပြီးချိန်မှစ၍ ဟင်္သာတခရိုင်အတွင်းရှိ တာတမံများအနက် အရေးအပါဆုံးဖြစ်ခဲ့သော ဧရာဝတီ-ဟင်္သာတတာသည် ၁၉၇၄ ခုနှစ် ထူးကဲရေကြီးမှုဖြစ်စဉ်တွင် တာတမံထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့ဖူးကြောင်း သိရသည်။ ၁၉၉၅ ခုနှစ် မြစ်ရေကြီးစဉ်ကာလတွင်လည်း ဧရာဝတီ-ဟင်္သာတတာ ကာကွယ်ရေးလုပ်ငန်းကို ဆည်မြောင်းဝန်ထမ်းများနှင့် ပြည်သူလူထုပူးပေါင်း၍ စွမ်းစွမ်းတမံဆောင်ရွက်စဉ် နိုင်ငံတော်အကြီးအကဲများက လာရောက်ကြည့်ရှုခဲ့ကြပြီး ပွင့်လင်းရာသီတွင် တာတမံတောင့်တင်းခိုင်မာအောင်ဆောင်ရွက်ရန် လမ်းညွှန်ခဲ့သည်။



ထို့ကြောင့် ၁၉၉၆ ခုနှစ်တွင် တာတမံများ တောင့်တင်းခိုင်မာရန် ပြန်လည်ပြုပြင်ခြင်းစီမံကိန်းအပိုင်း(၁)ဖြင့် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ ထို့နောက် အထူးစီမံကိန်း အပိုင်း(၁)ဖြင့် ပြင်ဆင်လျက်ရှိသော လုပ်ငန်းများအနက် ၁၉၉၇ ခုနှစ်တွင် မိုးတွင်းကာလမြစ်ရေကြီးမှုအပေါ်အခြေခံ၍ သတ်မှတ်တာထိပ်အမြင့် ACL မပြည့်မီသေးသည့်အပိုင်းများတွင် ပြည့်မီအောင်ဆောင်ရွက်ခြင်း၊ ထပ်မံလိုအပ်သည့်အပိုင်းများကို ဖြည့်စွက်ဆောင်ရွက်ခြင်းစသည့် လုပ်ငန်းအပိုင်း(၂)ကို ၁၉၉၇-၁၉၉၈ ခုနှစ်တွင် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**စံချိန်တင်ရေကြီးမှုဖြစ်စဉ်များ**

ယခုနောက်ပိုင်းတွင် ရာသီဥတုဖောက်ပြန်မှုဖြစ်စဉ်များကြောင့် နှစ်စဉ်နီးပါး ရေကြီးနစ်မြုပ်မှုဖြစ်စဉ်များဖြစ်ပေါ်နေပြီး ၂၀၁၅ နှင့် ၂၀၁၆ ခုနှစ်တွင် စံချိန်တင်ရေကြီးမှုဖြစ်စဉ်များဖြစ်ပွားခဲ့၍ ဟင်္သာတခရိုင်အတွင်း တာများ ကျိုးပေါက်ပျက်စီးမှုမရှိစေရန် ဆည်မြောင်းဌာနမှ ဝန်ထမ်းများနှင့် ဒေသခံပြည်သူလူထုတို့ နေ့ရောညပါပူးပေါင်းပြီး ညီညွတ်စွာကာကွယ်နိုင်ခဲ့၍ တာတမံကျိုးပေါက်မှုအန္တရာယ်မှ ကာကွယ်နိုင်ခဲ့ကြသည်။

**"ယခုနောက်ပိုင်းတွင် ရာသီဥတုဖောက်ပြန်မှုဖြစ်စဉ်များကြောင့် နှစ်စဉ်နီးပါး ရေကြီးနစ်မြုပ်မှုဖြစ်စဉ်များ ဖြစ်ပေါ်နေပြီး ၂၀၁၅ နှင့် ၂၀၁၆ ခုနှစ်တွင် စံချိန်တင်ရေကြီးမှုဖြစ်စဉ်များဖြစ်ပွားခဲ့၍ ဟင်္သာတခရိုင်အတွင်း တာများကျိုးပေါက်ပျက်စီးမှုမရှိစေရန် ဆည်မြောင်းဌာနမှ ဝန်ထမ်းများနှင့် ဒေသခံပြည်သူလူထုတို့ နေ့ရော ညပါပူးပေါင်းပြီး ညီညွတ်စွာကာကွယ်နိုင်ခဲ့၍ တာတမံကျိုးပေါက်မှုအန္တရာယ်မှ ကာကွယ်နိုင်ခဲ့ကြ"**

**လက်ရှိအစိုးရလက်ထက် ဆောင်ရွက်ချက်များ**

လက်ရှိအစိုးရလက်ထက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှစတင်၍ ဧရာဝတီ-ဟင်္သာတတာ၏ အားအနည်းဆုံးအပိုင်းများကို ဦးစားပေးအလိုက်ရရှိသည့်ရန်ပုံငွေဖြင့် အကောင်းဆုံးပြုပြင်ဆောင်ရွက်နိုင်ခဲ့သဖြင့် ၂၀၁၅ ခုနှစ်တွင် တာတစ်လျှောက်၌ ရေပေါက် ၄၀၀ ကျော်၊ ၂၀၁၆ ခုနှစ်တွင် ရေပေါက် ၂၀၀ ကျော်ရှိခဲ့ရာမှ ၂၀၁၇ ခုနှစ်တွင် ရေပေါက် ၃၀ ကျော်သာ ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

ယခု ၂၀၁၈ ခုနှစ် ပွင့်လင်းရာသီ၌လည်း ဧရာဝတီ-ဟင်္သာတတာတွင် သတ်မှတ်တာထိပ်အမြင့်အောက် သုံးပေထက်ပိုနိမ့်နေသော ဇလွန်မြို့နယ်အတွင်းမှ တာတမံအပိုင်းများကို အချိန်မီပြုပြင်ခြင်းလုပ်ငန်းများနှင့် ဟင်္သာတမြို့တွင်း တာတမံအဆင့်မြှင့်တင်ခြင်းလုပ်ငန်းအပါအဝင် အရေးကြီးနေရာနှစ်ခုဖြစ်သည့် အိပ်ပျက်တာနှင့် တောင်လုံးစုတာများကိုလည်း ပြုပြင်နိုင်ခဲ့ကြောင်း သိရသည်။

ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ တာတမံများ၏ အလျားမှာ ရှည်လျားသဖြင့် ပြုပြင်ရန် အချိန်၊ ရန်ပုံငွေနှင့် လုပ်အားများစွာတို့ လိုအပ်လျက်ရှိကာ ဧရာဝတီ-ဟင်္သာတတာတွင်လည်း နှစ်အလိုက် အရေးကြီးနေရာများကို ပြုပြင်မွမ်းမံခြင်းဖြင့် ရေဘေးအန္တရာယ်ကို ကြံ့ခိုင်စွာကာကွယ်ပေးလျက်ရှိပြီး မြန်မာ့စပါးကျီတိုင်းဧရာဝတီမှ ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်များ ပျက်စီးဆုံးရှုံးမှုမရှိစေရန်လည်း ဧရာဝတီ-ဟင်္သာတ တာတမံက နှစ်စဉ်ကာကွယ်ပေးလျက်ရှိကြောင်း ဖော်ပြလိုက်ရပါသည်။ ။

## ကော့သောင်းမြို့နယ်မှ မြေပြို၍ နေအိမ်ပျက်စီးသူများအား ထောက်ပံ့

**ကော့သောင်း ဩဂုတ် ၁**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နယ် ပုလုံးတုံးတုံးကျေးရွာတွင် ဇူလိုင် ၃၀ ရက်က ဖြစ်ပွားခဲ့သည့် မြေပြိုမှုကြောင့် သေဆုံးခဲ့သူများနှင့် နေအိမ်ပျက်စီးခဲ့သူများအား ကော့သောင်းခရိုင် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ တာဝန်ရှိသူများက ထောက်ပံ့ငွေနှင့် ကယ်ဆယ်ရေးပစ္စည်းများကို ထိုနေ့ညနေပိုင်းတွင်ပင် သွားရောက်ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

မြေပြိုမှုဖြစ်စဉ်တွင် အသက်ဆုံးရှုံးခဲ့ရသည့် ဒေသခံပြည်သူ မိသားစုဝင် ငါးဦးအတွက် တစ်ဦးလျှင် ထောက်ပံ့ငွေ ကျပ် သုံးသိန်းနှုန်းဖြင့် စုစုပေါင်း ကျပ် ၁၅ သိန်းကိုလည်းကောင်း၊ အိုးအိမ်များပျက်စီးခဲ့ရသည့် အိမ်ငါးလုံးအတွက် တစ်လုံးလျှင် ကျပ်တစ်သိန်းနှုန်းဖြင့် ထောက်ပံ့ငွေ ငါးသိန်းကိုလည်းကောင်း၊ တစ်အိမ်လျှင် အိမ်ဆောက်ပစ္စည်းထောက်ပံ့ငွေ ကျပ်နှစ်သိန်းနှုန်းဖြင့် ငါးအိမ်အတွက် ကျပ်ဆယ်သိန်းကိုလည်းကောင်း၊ ဆေးရုံတွင် အတွင်းလူနာအဖြစ် ကုသမှုခံယူလျက်ရှိသည့် ဒဏ်ရာရရှိသူတစ်ဦးအတွက် ထောက်ပံ့ငွေငါးသောင်းကျပ်နှင့် ဆန်ရိက္ခာများကိုလည်းကောင်း၊ အိမ်သုံးပစ္စည်းများဖြစ်သည့် ကျားဝတ်လုံချည်၊ မဝတ်လုံချည်၊ စောင်၊ ဒန်အိုး၊ စတီးပန်းကန်ပြား၊ ခြင်ထောင်၊ တီရှပ်၊ ဆပ်ပြာနှင့် အခြားပစ္စည်းများအပါအဝင် ထောက်ပံ့ရေးပစ္စည်း ၁၅ မျိုးကိုလည်းကောင်း ကော့သောင်းခရိုင် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ဦးစီးအရာရှိ ဦးစောမြဖောင်းနှင့် တာဝန်ရှိသူများက ထောက်ပံ့ပေးအပ်ခဲ့ကြခြင်းဖြစ်သည်။

**ကျော်စိုး(ကော့သောင်း)**

## ထန်တလန်မြို့နယ်အတွင်း ကျေးရွာဆည်မြောင်းလုပ်ငန်းများ ဆောင်ရွက်မှုပြီးစီး

**ထန်တလန် ဩဂုတ် ၁**

ချင်းပြည်နယ် ထန်တလန်မြို့နယ်အတွင်း တလန်သဲကျေးရွာ၊ မွာလ်ကိုင်ကျေးရွာနှင့် တိဘွာလ်ကျေးရွာများရှိ ဒေသခံတောင်သူများ၏ လယ်မြေများတွင် မိုးရာသီအမီ စိုက်ပျိုးရေပေးဝေနိုင်ရေးအတွက် ချင်းပြည်နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက တင်ဒါအောင်မြင်သည့် ဒေသခံကုမ္ပဏီများနှင့်ပေါင်းစပ်၍ လယ်ရေသွယ်မြောင်းပြုပြင်ခြင်းလုပ်ငန်းများကို မေလအတွင်းမှစ၍ဆောင်ရွက်ခဲ့ရာ ဇူလိုင် ၃၀ ရက်တွင် လုပ်ငန်းများ ဆောင်ရွက်ပြီးစီးခဲ့ပြီဖြစ်ကြောင်း သိရသည်။

လယ်ရေသွယ်မြောင်းပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်းကြောင့် တလန်သဲကျေးရွာ၌ လယ်မြေဧက ၄၀၊ မွာလ်ကိုင်ကျေးရွာ၌ လယ်မြေ ၄၅ ဧကနှင့် တိဘွာလ်ကျေးရွာ၌ လယ်မြေဧက ၄၀ စုစုပေါင်း ၁၂၅ ဧကကို အောင်မြင်စွာ ရေပေးနိုင်ပြီဖြစ်ကြောင်း သိရသည်။ ကျေးရွာများအနေဖြင့်လည်း ရေပေးမြောင်းများ ရေရှည်တည်တံ့စေရေးအတွက် လယ်ကော်မတီများဖွဲ့စည်း၍ စနစ်တကျ ထိန်းသိမ်းထားရှိပြီး အောင်မြင်စွာထွန်ယက်စိုက်ပျိုးလျက်ရှိကြောင်း ချင်းပြည်နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



ရေသွယ်မြောင်းပြုပြင်ခြင်း ဆောင်ရွက်ပြီးစီး၍ ရေရနေသော လယ်ကွင်းများ

## မြန်မာရွှေ့ပြောင်းအလုပ်သမား ကိုးဦးကို တာချီလိတ်မြို့၌ ပြန်လည်လွှဲပြောင်းပေးအပ်

**တာချီလိတ် ဩဂုတ် ၁**

မြန်မာနိုင်ငံမှ ထိုင်းနိုင်ငံသို့ တရားမဝင်သွားရောက်အလုပ်လုပ်ကိုင်နေသည့် မြန်မာရွှေ့ပြောင်းအလုပ်သမား ကိုးဦးကို ထိုင်းနိုင်ငံတာဝန်ရှိသူများက မြန်မာနိုင်ငံဘက်သို့ ဇူလိုင် ၃၁ ရက်က တာချီလိတ်မြို့ရှိ မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတား၌ ပြန်လည်လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

မြန်မာရွှေ့ပြောင်းအလုပ်သမားများမှာ ထိုင်းနိုင်ငံတွင် နယ်စပ်ဖြတ်ကျော်ခွင့် သက်တမ်းလွန်ခြင်းနှင့် အထောက်အထားမဲ့နေထိုင်ခြင်းတို့ကြောင့် ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံသို့ ပြန်လည်စေလွှတ်ခဲ့ခြင်းဖြစ်ပြီး မြန်မာနိုင်ငံတာဝန်ရှိသူများက လွှဲပြောင်းလက်ခံပြီးနောက်တွင် ၎င်းတို့၏နေရပ်ဒေသများသို့ လုံခြုံချောမွေ့စွာ ပြန်နိုင်ရန်အတွက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဌာန၊ လူကုန်ကူးမှုတိုက်ဖျက်ရေး ရဲတပ်ဖွဲ့၊ ထိုင်းနိုင်ငံ မယ်ဆိုင်မြို့ရောက် မြန်မာနိုင်ငံသားများ ကူညီစောင့်ရှောက်ရေးနှင့် စေ့စပ်ညှိနှိုင်းရေးကော်မတီဝင် CNCMC တို့က ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ယခုနှစ် ဇန်နဝါရီ ၁ ရက်မှ ဇူလိုင် ၃၁ ရက်အထိ ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံသို့ ပြန်လည်လွှဲပြောင်းပေးခဲ့သည့် တရားမဝင် မြန်မာရွှေ့ပြောင်းအလုပ်သမားအရေအတွက်မှာ ယခုလွှဲပြောင်းပေးအပ်ခဲ့သည့် အလုပ်သမား ကိုးဦးအပါအဝင် အမျိုးသား ၄၃၇ ဦး၊ အမျိုးသမီး ၂၀၄ ဦးနှင့် ကလေး ၂၂ ဦး စုစုပေါင်း ၆၆၃ ဦး ရှိပြီဖြစ်ကြောင်း သိရသည်။

**စိုင်းအောင်ဇော်လင်း(ပြန်/ဆက်)**

## လားရှိုးမြို့နယ်မှ ရေဘေးသင့်အိမ်ထောင်စုများအား ထောက်ပံ့ငွေများပေးအပ်

**လားရှိုး ဩဂုတ် ၁**

လားရှိုးမြို့နယ် ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အီနိုင်းကျေးရွာတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ကားလမ်းများ ရေကျော်ပြီး ကျေးရွာရှိအိမ်ခြေများ ရေနစ်မြုပ်မှု ဇူလိုင် ၃၁ ရက်က ဖြစ်ပွားခဲ့ရာ ရေဘေးသင့်ပြည်သူများအား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးဦးစီးဌာန တာဝန်ရှိသူများနှင့် လားရှိုးခရိုင်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူးများက ကယ်ဆယ်ရေးပစ္စည်းများနှင့် ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

ဇူလိုင် ၃၁ ရက် နံနက် ၆ နာရီမှစ၍ နမ့်ယောင်းချောင်းရေမြင့်တက်မှုကြောင့် အီနိုင်းကျေးရွာတွင် အိမ်ထောင်စု ၅၈ စု ရေဘေးသင့်ခဲ့ရာ အိမ်ထောင်စုတစ်စုလျှင် အဆိုပါ အိမ်ထောင်စုများအတွက် ကယ်ဆယ်ရေးပစ္စည်း ၁၀ မျိုးစီနှင့် လူဦးရေ ၂၅၄ ဦးအတွက် တစ်ပတ်စာ ဆန်ဖိုးထောက်ပံ့ငွေကျပ် ၅၃၃၄၀၀ တို့ကို လားရှိုးခရိုင်အုပ်ချုပ်ရေးမှူး ဦးကောင်းစံလင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေလင်းထွန်းနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ရှိသူများက ရေဘေးသင့်အိမ်ထောင်စုများထံသို့ ထောက်ပံ့ပေးအပ်ခဲ့ကြခြင်း ဖြစ်သည်။

လက်ရှိအချိန်တွင် အီနိုင်းကျေးရွာရှိ အီနိုင်းသံကူကွန်ကရစ်တံတားမှနေ၍ ရွာတွင်း သုံးဖာလုံခန့်အထိ ကားလမ်းများနှင့် အိမ်များအတွင်းသို့ ရေများဝင်ရောက်လျက်ရှိကာ အနက်ဆုံးအပိုင်းတွင် ရှစ်ပေခန့် ရေမြင့်တက်လျက်ရှိသည်။ ထို့ကြောင့် ပြည်သူများ ဖြတ်သန်းသွားလာမှုအဆင်ပြေစေရေးအတွက် စစ်မြေပြင် အင်ဂျင်နီယာတပ်ရင်း(၉၀၂) လားရှိုးမှ အရာရှိနှင့် စစ်သည် ၁၂ ဦး၊ မီးသတ်တပ်ဖွဲ့မှ သန္ဓေနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင် ၄၅ ဦးနှင့် လူမှုကူညီရေးအသင်းအဖွဲ့များက ရော်ဘာလှေနှစ်စီး၊ စက်တပ်လှေတစ်စီးတို့ဖြင့် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးလျက်ရှိသည်။




ထို့အပြင် လျှပ်စစ်ဓာတ်အားများကြောင့် ပြည်သူများအန္တရာယ်မဖြစ်စေရေးအတွက်လည်း လားရှိုးလျှပ်စစ်ဓာတ်အားလုပ်ငန်းမှ တာဝန်ရှိသူများက စောင့်ကြပ်ကြည့်ရှုပေးလျက်ရှိပြီး လားရှိုးမြို့မှ အလှူရှင်၊ စေတနာရှင်များကလည်း ရေဘေးသင့်အိမ်ထောင်စုများနှင့် ဝိုင်းဝန်းကူညီပေးနေကြသူများအတွက် ထမင်းထုပ်များ၊ ဒံပေါက်များ၊ သောက်ရေသန့်များ၊ အခြားစားသောက်ကုန်များကို လာရောက်လှူဒါန်းလျက်ရှိသည်။

ကျန်းမာရေးစောင့်ရှောက်မှုအနေဖြင့်လည်း အီနိုင်းကျေးရွာ ကျေးလက်ကျန်းမာရေးဌာနမှ လက်ထောက်ကျန်းမာရေးမှူးနှင့်အဖွဲ့က အရေးပေါ်ထိခိုက်ရှနာများကို ကုသပေးလျက်ရှိသလို ဝမ်းပျက်ဝမ်းလျှောရောဂါနှင့် ဖျားနာခြင်းများအတွက် ကြိုတင်ကာကွယ်ဆေးများပေးခြင်းဖြင့် ရေဘေးသင့်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိကြောင်း သိရသည်။

**ဟန်ဌေး(လားရှိုး)**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## စက်မှုဝန်ကြီးဌာန
## အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း
## စက်မှုနယ်မြေ(သထုံ)ဧရိယာအတွင်း ရင်းနှီးမြှုပ်နှံမှုဆောင်ရွက်ရန်
# စိတ်ဝင်စားမှုဖော်ပြခြင်း အဆိုပြုလွှာဖိတ်ခေါ်ခြင်း

စက်မှုဝန်ကြီးဌာန၊ အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း၊ မွန်ပြည်နယ်၊ သထုံခရိုင်၊ သထုံမြို့နယ်၊ အင်းရှည်ရွာအနီးရှိ စက်မှုနယ်မြေ(သထုံ) ဧရိယာအတွင်း **မည်သည့်စက်မှုလုပ်ငန်းအမျိုးအစားမဆို** ဆောင်ရွက်လိုသည့် ပြည်တွင်း၊ ပြည်ပစီးပွားရေးလုပ်ငန်းရှင်များအား လုပ်ငန်းများ ရင်းနှီးမြှုပ်နှံဆောင်ရွက်နိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

စိတ်ပါဝင်စားသည့် ရင်းနှီးမြှုပ်နှံသူများသည် ဆောင်ရွက်လိုသည့်လုပ်ငန်း၊ ပူးပေါင်းဆောင်ရွက်လိုသောစနစ်များ ဖော်ပြပါရှိသော **စိတ်ဝင်စားမှုဖော်ပြခြင်း အဆိုပြုလွှာ** အား ဦးဆောင်ညွှန်ကြားရေးမှူး၊ အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း၊ စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ်(၃၇)၊ နေပြည်တော်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သို့ လိပ်မူလျက် **၂၈-၉-၂၀၁၈ရက် ညနေ ၁၆း၀၀နာရီ (မြန်မာစံတော်ချိန်)အရောက် ပေးပို့ရမည်ဖြစ်ပါသည်။**

စက်မှုနယ်မြေ(သထုံ)ဆိုင်ရာ အခြေခံအချက်အလက်များအား ရုံးချိန်အတွင်း အထက်ပါလိပ်စာတွင် ၃၀-၇-၂၀၁၈ရက်မှစ၍ ရယူနိုင်ပြီး ရင်းနှီးမြှုပ်နှံလိုသူများသည် မိမိ၏အဆိုပြုလွှာများအား အောက်ဖော်ပြပါ **ကုမ္ပဏီဆိုင်ရာ အထောက်အထားများ** ယူဆောင်ပြသလျက် လူကိုယ်တိုင် လာရောက်ပေးပို့ရမည်ဖြစ်ပါသည်-

- ရင်းနှီးမြှုပ်နှံရန် စိတ်ဝင်စားကြောင်းကို တိကျသေချာစွာဖော်ပြထားသည့် အကြောင်းကြားစာ
- သက်တမ်းရှိကုမ္ပဏီမှတ်ပုံတင်လက်မှတ်
- ကုမ္ပဏီသင်းဖွဲ့စည်းမျဉ်း၊ စည်းကမ်း/ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း
- နည်းပညာပူးပေါင်းဆောင်ရွက်မည့် နိုင်ငံခြားကုမ္ပဏီ၏အချက်အလက်များ(ပြည်တွင်းကုမ္ပဏီဖြစ်ခဲ့လျှင်)
- ရင်းနှီးမြှုပ်နှံလိုသူ၏ လုပ်ကိုင်မည့်လုပ်ငန်းအတွက် အတွေ့အကြုံ
- ကုမ္ပဏီနှင့်ဆက်သွယ်ဆောင်ရွက်နိုင်ရန်အတွက် Contact Person ၏အမည်၊ ရာထူး၊ လိပ်စာ၊ Phone, Email

အသေးစိတ်သိရှိလိုပါက ဖုန်း+၉၅၆၇ ၄၀၈၁၂၉၊ ၀၉-၂၅၄၅၅၇၈၈၇

အီးမေးလ်:mpcipl@gmail.com သို့ ဆက်သွယ်နိုင်ပါသည်။

---

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း(၄/၂၀၁၈)

၁။ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းအတွက် 6"Ø(ERW) M.S Pipe, 10 Ø (ERW) M.S Pipe, 14"Ø(ERW) M.S Pipe (3) Items ကို မြန်မာ့ကျပ်ငွေ (DDP up to MPPE'S Site, Both Sides of Thanlyin Bridge No.3, Yangon) ဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါအမှတ်၊ MPPE/LP/MCY/T/1(April to September 2018) အား တင်သွင်းကြပါရန် ဖိတ်ခေါ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံအား ၂-၈-၂၀၁၈ ရက်မှစတင်၍ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၏ Web Portal (www.moee.gov.mm) ၌ အသေးစိတ်ကြည့်ရှု၍အခမဲ့ Download ရယူနိုင်ပါသည်။ တင်ဒါပုံစံအားရောင်းချမည်မဟုတ်ပါ။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါကို ၁၄-၈-၂၀၁၈ရက် ၁၂း၀၀နာရီတွင် နောက်ဆုံးထား၍ ပစ္စည်းစီမံရေးဌာန၊ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း၊ ရုံးအမှတ်(၆)၊ နေပြည်တော်သို့ (လူကိုယ်တိုင်)လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ e-mail/mail ဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းခြင်းအား လက်မခံပါ။

၄။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၃၄၁၁၄၈၇ နှင့် ၀၆၇-၃၄၁၁၁၃၀ သို့ ရုံးချိန်အတွင်းဆက်သွယ်စုံစမ်းနိုင်ပါသည်။

**စီမံရေးဌာန**
**မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း**
**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ ရုံးအမှတ်(၆)၊ နေပြည်တော်**

---

## CLAIMS DAY NOTICE
## M.V LOTUS LEADER VOY:NO (31)

Consignees of cargo carried by M.V LOTUS LEADER VOY:NO (31) are here by notified that the vessel will arrive on about 4-8-18 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 4:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါ ပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

---

## ဖခင်အမည်မှန်

သထုံမြို့နယ်၊ အထက ကျိုက်ကျော်ကျောင်း၊ တက္ကသိုလ်ဝင်တန်းမှ မအေးချစ်ဇော်၏ ဖခင်အမည်မှန်မှာ ဦးတင်မြအောင် ၁၀/ပမန(နိုင်)၁၁၈၇၀၃ ဖြစ်ပါသည်။ **ဦးတင်မြအောင်**

---

## မိဘအမည်မှန်

ပေါင်မြို့နယ်၊ အထက(ခွဲ) အလယ်ရွာကျောင်း ပဉ္စမတန်းမှ စောချစ်ဖူး၏ မိဘအမည်မှန်မှာ ဦးသိန်းဝင်း ၁၀/ပမန(နိုင်)၁၄၈၄၉၄နှင့် ဒေါ်ငွေးမြိုင် ၁၀/ပမန(နိုင်)၁၇၈၆၅၆ တို့ဖြစ်ပါသည်။

**ဦးသိန်းဝင်း-ဒေါ်ငွေးမြိုင်**

---

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြော်ငြာခြင်း

ပြင်ဦးလွင်မြို့နယ်၊ ရေငယ်ကျေးရွာအုပ်စု၊ ကွင်းအမှတ်(ပြင်) ဦးပိုင်အမှတ်(၇/၁)၊ မြေဧရိယာ ၂ဒသမ၅၁ဇကရှိ မြေအား ဒေါ်အေးအေး ၁၃/လရန(နိုင်)၀၃၃၉၄၂ မှ မြေဂရန်ပြုလုပ်ရန်အတွက် ပြင်ဦးလွင်မြို့နယ်၊ လယ်ယာမြေစီမံခန့်ခွဲရေးအဖွဲ့သို့ ၂၀၁၂ခုနှစ် လယ်မြေဥပဒေပုဒ်မ (၃၀)အရ အခြားနည်းအသုံးပြုခွင့်ရရှိရန် လျှောက်ထားလာသဖြင့် ဖော်ပြပါ မြေနှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ဤကန့်ကွက်ကြော်ငြာစာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားပြည့်စုံစွာဖြင့် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ လာရောက်ကန့်ကွက်နိုင်ကြောင်း ကြော်ငြာအပ်ပါသည်။

**မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့**
**ပြင်ဦးလွင်မြို့နယ်**

---

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြော်ငြာခြင်း

ပြင်ဦးလွင်မြို့နယ်၊ ရေငယ်ကျေးရွာအုပ်စု၊ ကွင်းအမှတ်(ပြင်)၊ ဦးပိုင်အမှတ်(၇/၂)၊ မြေဧရိယာ ၂ဒသမ၂၁ဇကရှိ မြေအား ဒေါ်အေးအေး ၁၃/လရန(နိုင်)၀၃၃၉၄၂မှ မြေဂရန်ပြုလုပ်ရန်အတွက် ပြင်ဦးလွင်မြို့နယ်၊ လယ်ယာမြေစီမံခန့်ခွဲရေးအဖွဲ့သို့ ၂၀၁၂ခုနှစ် လယ်မြေဥပဒေပုဒ်မ(၃၀) အရ အခြားနည်းအသုံးပြုခွင့်ရရှိရန် လျှောက်ထားလာသဖြင့် ဖော်ပြပါ မြေနှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ဤကန့်ကွက်ကြော်ငြာစာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ လာရောက်ကန့်ကွက်နိုင်ကြောင်း ကြော်ငြာအပ်ပါသည်။

**မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့**
**ပြင်ဦးလွင်မြို့နယ်**

---

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံးကိုဒုဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
### ပဲခူးမြို့နယ်တရားရုံး
### ၂၀၁၈ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၃၈

**ဦးဝင်းကို** — **နှင့်** — **ဒေါ်သက်မွန်**
**တရားလို** — **တရားပြိုင်**

ဒိုက်ဦးမြို့နယ်၊ မှိုင်းလုံကျေးရွာနေ ဒေါ်သက်မွန် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။ သင့်အပေါ်၌ တရားလိုကဆေးလိပ်လုပ်ငန်းသုံးရန် ကြိုတင်ထုတ်ယူထားသော ငွေ(၁၅)သိန်း၊ ဆေးစပ်ပစ္စည်းဖိုးကျန်ငွေ-၈၇၅၀၀/- နှင့် နစ်နာကြေးငွေ(၁၅၉၉၄၈၀/-)၊ စုစုပေါင်း(၃၁၈၆၉၈၀/-) တိတိရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ(သို့တည်းမဟုတ်) ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်ရရှေ့နေဖြစ်စေ(သို့မဟုတ်) ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၁၈ခုနှစ် ဩဂုတ် ၇ ရက်၊ (၁၃၈၀ပြည့်နှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁၁ ရက်) မွန်းမတည့်မီ (၁၀)နာရီတွင် အထက်အမည်ရေးသားပါရှိသူတရားလို၏စွဲချက်ကို ထုချေရှင်းလင်းရန် ဤရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင်တရားလိုက ကြည့်ရှုလိုသည့်စာရွက်စာတမ်းများနှင့် သက်သေထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ (သို့တည်းမဟုတ်) သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင်ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၈ ခုနှစ် ဇူလိုင်လ ၂၃ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ခိုင်စံသွင်)**
**ဒုတိယမြို့နယ်တရားသူကြီး**
**ပဲခူးမြို့နယ်တရားရုံး**

---

**ဦးမင်းမင်းဦး Customer ID 50204၊ GOLDEN MOBILE**
**အမှတ် ၁၇/၁၉၊ မြေညီထပ်၊ ၅၄လမ်း၊ပုဇွန်တောင်မြို့နယ်၊ရန်ကုန်မြို့နှင့်**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ အိမ်အမှတ် ၂၁၂၊ ရွှေဂုံတိုင်တာဝါ၊ တိုက်အမှတ် D၊ ပထမထပ်၊ အခန်းအမှတ် ၁၀၂နေ ဦးကျော်စွာညွန့် ၁၄/ကလန(နိုင်)၀၀၁၇၂၂ မန်နေဂျင်းဒါရိုက်တာ၊ မင်းသုတကုမ္ပဏီ၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ဂျပန်နိုင်ငံ JPC TRADE.,CO သည် ဂျပန်နိုင်ငံရှိ ကားများကို လေလံဆွဲဝယ်ယူသည့်ကားများကို ဝယ်ယူသူထံသို့ပေးပို့သည့် ကုမ္ပဏီတစ်ခုဖြစ်ပြီး၊ မြန်မာနိုင်ငံရှိ မင်းသုတကုမ္ပဏီမှာ JPC TRADE .,CO ၏ တရားဝင်ကိုယ်စားလှယ်ဖြစ်၍ JPC TRADE., CO အကြောင်းကြားချက်အရ ယခုကဲ့သို့ ကြေညာရခြင်းဖြစ်ပါသည်။

လူကြီးမင်းမှ JPC TRADE .,CO သို့ ကားများမှာယူထားသည့်ကိစ္စနှင့်ပတ်သက်၍ ပေးချေရန်ကျန်ရှိသည့်ငွေမှာ ဂျပန်ယန်းငွေ 1,390,350 ဖြစ်ပါသည်။ ယခုကဲ့သို့ သတင်းစာ၌ မထည့်သွင်းမကြေညာမီ လူကြီးမင်းထံသို့ ကားမှာယူခဲ့သည့်ကိစ္စနှင့်ပတ်သက်၍ ၂-၄-၂၀၁၈ရက်နှင့် ၁၈-၅-၂၀၁၈ရက်တွင် ၎င်းနို့တစ်စာပေးခဲ့ပြီးဖြစ်သည်ကိုလည်း လူကြီးမင်းအသိဖြစ်ပါသည်။

ယင်းအထက်ဖော်ပြပါ လူကြီးမင်းပေးရန်ရှိသည့် ဂျပန်ယန်းငွေ(သို့) ယင်းငွေနှင့်ညီမျှသာ မြန်မာငွေအား ၉-၈-၂၀၁၈ရက် နောက်ဆုံးထား၍ ကျွန်ုပ်အမှုသည်ထံသို့ မပျက်မကွက်လာရောက်ပေးအပ်ရန်နှင့် လာရောက်ပေးဆပ်ရန် ပျက်ကွက်ပါက တရားဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ-**
**ဦးကျော်စွာညွန့်**
**မန်နေဂျင်းဒါရိုက်တာ**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးပြည့်စုံ LL.B**
**တရားလွှတ်တော်ရှေ့နေ**
**(စဉ်-၇၀၀၅/၀၂)၊ ဃ/၂၄၅၊**
**ဝေပုလ္လ(၆)လမ်း၊ (ဃ)ရပ်ကွက်၊**
**မြောက်ဥက္ကလာပမြို့နယ်**

---

## ကုမ္ပဏီတံဆိပ်အမည်အမှတ်အသားကို အများသိစေရန်ကြေညာချက်

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ ၅၈လမ်း၊ အောင်ဆန်းလမ်းနှင့် ၄ရွှေဝါကြား၊ ဇဇ-၂၊ အမှတ် (၃၁)တွင် နေထိုင်သော ကျွန်ုပ်မိတ်ဆွေ မန်နေဂျင်းဒါရိုက်တာ ဦးကွယ်လန့် ၁၃/လရန(နိုင်)၀၈၅၄၃၂ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကုမ္ပဏီတံဆိပ်အမည်အမှတ်အသား

VOV (မှတ်ပုံတင်အမှတ် - ၂၀၅၅/၁၈) — VAV (မှတ်ပုံတင်အမှတ် - ၂၀၅၆/၁၈)

အထက်ပါ ကုမ္ပဏီအမှတ်တံဆိပ်အမည်အမှတ်အသားကို မန္တလေးမြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် VOV CO.,LTD ဗွီအိုဗွီကုမ္ပဏီလီမိတက် (မှတ်ပုံတင်အမှတ် -၂၀၅၅/၁၈)နှင့် VAV CO.,LTD ဗွီအေဗွီကုမ္ပဏီလီမိတက်(မှတ်ပုံတင်အမှတ် ၂၀၅၆/၁၈)ဖြင့် ကုမ္ပဏီတံဆိပ် အမည်အမှတ်အသားအဖြစ် အသုံးပြုရန် မှတ်ပုံတင်သွင်းထားပြီးဖြစ်ပါသည်။ အဆိုပါကုမ္ပဏီ တံဆိပ်အမည်အမှတ်အသားဖြင့် ကုမ္ပဏီသင်းဖွဲ့စည်းမျဉ်းပါလုပ်ငန်းများ ဆောင်ရွက်ရာတွင် အင်္ဂလိပ်၊ မြန်မာနှစ်ဘာသာသုံးစွဲပြီး အရွယ်အစားအမျိုးမျိုးဖြင့် စာရွက်စာတမ်း၊ ဆိုင်းဘုတ်၊ ကြော်ငြာ၊ ဘလောက်၊ ဒီဇိုင်း၊ တံဆိပ်တုံး၊ ငွေပြေစာဖြတ်ပိုင်း၊ Letter Head, Internet, Website, Facebook အစရှိသည်တို့တွင်လည်း အသုံးပြုသွားမည်ဖြစ်ပါသည်။

